mgyoe.com


Christopher Buckley

SAMPLE BOOK

# MAKE RUSSIA GREAT AGAIN

# မိတ်ယွတ်ယှဂိတ်အဂိန်း

သင့်လူ



illustrated by mar na

mgyoe.com

mgyue.com SAMPLE BOOK

# မိတ်ယွတ်ယှဂိတ်အဂိန်း

သင့်လူ



MAKE RUSSIA GREAT AGAIN

Christopher Buckley

ဤစာအုပ်သည်
စိတ်ကူးယဉ်သရော်စာ ဝတ္ထုတစ်ပုဒ်ဖြစ်၏။
ဤစာအုပ်ပါ အမည်များ၊ ဇာတ်ကောင်များ၊
နေရာများနှင့် ဖြစ်ရပ်များသည်
စာရေးဆရာ၏ ဉာဏ်ကွန့်မြူး
ဖန်တီးခြင်းများသော်လည်းကောင်း
ဇာတ်ကြောင်းသဘောဖြင့်သော်လည်းကောင်း
ဖော်ပြရေးသားခြင်းဖြစ်ပေသည်။
အကယ်၍သာ
ပုဂ္ဂိုလ်တစ်စုံတစ်ယောက်က
၎င်းတို့၏အဖြစ်အပျက်များနှင့်
ဤစာအုပ်တွင်ဖော်ပြပါရှိသော ဇာတ်ကောင်တို့၏
ပြုမူလှုပ်ရှားမှုများ ထပ်တူကျနေသည်ကို
တွေ့ရှိခဲ့ကြပါလျှင်
အဆိုပါပုဂ္ဂိုလ်တို့သည်
ကိုယ့်ကိုယ်ကိုယ် ရှက်သင့်လှပေသည်တကား။

Electronic Art by PoNaingLin/ 2020

ISBN 978-99971-44-42-3
K0428
9 789997 144423 >

mgyue.com


mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးသရုပ်ဖော်- မာဏ၊ ဖိုးနိုင်လင်း
တန်ဖိုး - ၅၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ မှတ်စုများ

ဤစာအုပ်သည် စိတ်ကူးယဉ် သရော်စာ ဝတ္ထုတစ်ပုဒ် ဖြစ်၏။

ဤစာအုပ်ပါ အမည်များ၊ ဇာတ်ကောင်များ၊ နေရာများနှင့် ဖြစ်ရပ်များသည် စာရေးဆရာ၏ ဉာဏ်ကွန့်မြူး ဖန်တီးခြင်းများ သော်လည်းကောင်း၊ ဇာတ်ကြောင်း သဘောဖြင့် သော်လည်းကောင်း ဖော်ပြရေးသားခြင်း ဖြစ်ပေသည်။

အကယ်၍သာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်က ၎င်းတို့၏ အဖြစ်အပျက်များနှင့် ဤစာအုပ်တွင် ဖော်ပြပါရှိသော ဇာတ်ကောင်တို့၏ ပြုမူလှုပ်ရှားမှုများ ထပ်တူကျနေသည်ကို တွေ့ရှိခဲ့ကြပါလျှင် အဆိုပါ ပုဂ္ဂိုလ်တို့သည် ကိုယ့်ကိုယ်ကိုယ် ရှက်သင့်လှပေသည်တကား။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# တစ်

"ဒီလိုလူမျိုးဆီမှာ ခင်ဗျား ဘယ်လိုများ အလုပ်လုပ်ခဲ့တာလဲ"

"သူ့ကို အလုပ်အကျွေးပြုဖို့ ခင်ဗျား ဘယ်လို စဉ်းစားခဲ့တာလဲဗျာ"

"ဟော့လူ–ခင်ဗျားကို အပများ မှီနေခဲ့တာလား"

ထိုသို့သော မှတ်ချက်များကြားရလေတိုင်း၊ ခုလိုနေရာနှင့် ခုချိန်ကာလ သမယမှာပင် ကျွန်ုပ်ကို ပိသာလေးဖြင့် ဘေးပစ်သလို ခံစားရစမြဲ။ ဖက်ဒရယ် ပြုပြင်ထိန်းသိမ်းရေး ဌာနများရှိ အကျဉ်းစံ အပြစ်သားထံတွင် ထိုသို့ မြင့်မားသော ကျင့်ဝတ် အတွေးအခေါ် တရားများ ရှိနေသည် ဆိုခြင်းကို မည်သူကများ သိနိုင်မည်နည်း။

ဒေါ်နယ်ထရမ့်၏ အိမ်ဖြူတော် အရာရှိချုပ် တာဝန်ကို ထမ်းဆောင်ရန် ကျွန်ုပ် သဘောတူခဲ့စဉ် ကနဦးအစကတည်းက မည်သည့်အာရုံ မှောက်မှားမှုမျိုးမှ ကျွန်ုပ်တွင် မရှိခဲ့ကြောင်း အစီရင်ခံပါရစေ။ ထိုအလုပ်ကို ကျွန်ုပ် တောင်းလည်း မတောင်းဆို၊ ပူဆာခြင်းလည်း အလျှင်းမရှိ၊ မျှော်လည်း မမျှော်လင့်၊ ဤနေရာ ဤရာထူး လွယ်လိုက်သမှ ပျော်ပွဲစား ထွက်နေရသလိုပဲဟု လည်းကောင်း၊ ပန်းခြံထဲ လမ်းလျှောက်နေရသလိုဟု လည်းကောင်း၊ ဘဝအနေ မြင့်မားစေသော ရင်သပ်ရှုမောဖွယ် အတွေ့အကြုံထူးကြီးဟု လည်းကောင်း ဘယ်တုန်းကမှ စိတ်ပင်

mgyoe.com

mgyoe.com
SAMPLE BOOK


မကူးခဲ့ဖူးပါချေ။ အမေရိကန် စာတိုက်လုပ်ငန်းသာ သိရှိနိုင်သည့် စာတိုက်နံပါတ်များနှင့် အမည်ဝှက်ဖြင့် ပေးထားသော လိပ်စာတွေကို စုစည်းရသည့် လုပ်ငန်းဟု ယောင်၍ပင် မတွေးခဲ့မိသည်ကား အမှန်ပင်။

ကျွန်ုပ်ကို ရွေးဆန်သည် ဆိုချင်ဆို၊ ကျွန်ုပ်အမြင်အရတော့ နိုင်ငံတစ်နိုင်ငံ၏ သမ္မတမင်းက သင့်ထံ ဖုန်းခေါ်ပြီ ဆိုလျှင် ကောန်မုချ ဖုန်းကို ကိုင်ရချိမ့်မည်။ ကျွန်ုပ်၏ ဇနီးသည် ဟက်ထာကတော့ ဖုန်းစခရင်မှာ ပိုတပ် (အမေရိကန်သမ္မတ) ဟု ပေါ်နေသည်ကို မြင်လျှင်မြင်ချင်း ကျွန်ုပ်ကို ဖုန်းမကိုင်ဖို့ ပျာယီးပျာယာ တိုက်တွန်း၍ နေခဲ့သည်။

"ဟက်ထာရေ၊ အမေရိကန် သမ္မတ ဖုန်းဆက်တာကို ငါ မကိုင်လို့ မရဘူးကွဲ့."

"ယက်စ်... ရတယ် ရတယ်"

ဟက်ထာ့အသံက အက်စ်သံ ဗရပွနှင့် ရှူးရှူးတည်သလို အသံမျိုး၊ အရင်သမ္မတအိုဘာမား၏ ပြောင်းလဲချိန်တန်ပြီ (ချိန်း) ဆိုသည့် အသံထွက်ကို ဖောက်ထိုးလုပ်ထားသည့် အသံမျိုး။ ဒါမျိုးကို ကျွန်ုပ်သိသလောက် ဟက်ထာသာ လုပ်တတ်သည်။ သို့သော် သူ ဘယ်လို လုပ်ပြလုပ်ပြ ကျွန်ုပ် ဖုန်းကို ကိုင်လိုက်ချေပြီ။ သမ္မတဖုန်းခေါ်ချိန်မှာ ရဲဝံ့စွာ ကိုင်နိုင်သော ဟားဘတ် ကေ နက်တာမန်းအဖြစ် သမိုင်းသက်သေတည်ပါစေ။

အော်ပရေတာက ကျွန်ုပ်ဖုန်းကို ဘဲဥပုံ ရုံးခန်းသို့ တိုက်ရိုက်ချိတ်ပေးလိုက်သောအခါမတော့ လွန်စွာ ရင်းနှီးနေသည့် အသံကို စတင် ကြားလိုက်ရတော့သည်။

"ဟေ့... ငါ့အသည်းကျော် ဂျူးကလေး ဘယ့်နှယ်တုံး"

ဟက်ထာကတော့ ခေါင်းတယမ်းယမ်း လည်တစ်ခါခါဖြင့် နီး နီး၊ ဖုန်းချလိုက် ဆိုသည့် ခြေဟန်လက်ဟန်များကို တရစပ် လုပ်ပြနေချေပြီ။ ကမ္ဘာပေါ်မှာ တန်ခိုး အထွားဆုံးလူနှင့် စကားပြောနေတုန်း မိန်းမဖြစ်သူက ထိုသို့ လုပ်ပြနေသည်ကို ကြည့်ရတာ စိတ်ဆင်းရဲဘိခြင်း။

မစ္စတာထရမ့်သည် (ကျွန်ုပ်အပေါ် သူစိတ်ကျေနပ်သည့် အခါတိုင်း) ငါ့အသည်းကျော် ဂျူးကလေးဟု ခေါ်လေ့ ရှိသည်။ တစ်ခါတလေတော့ ငါ့ဂျူးတဲ့။ ထိုအခေါ်အဝေါ်များအပေါ် ကျွန်ုပ် ကျေနပ်နှစ်သက် သာယာခြင်း အလျှင်း

mgyoe.com

m g y o e . c o m  SAMPLE BOOK 

မရှိပါ။ ဒီနေရာမှာ အထူးပြု ပြောချင်သည်ကတော့ ထိုအခေါ်အဝေါ်များအရ မစ္စတာထရမ့်ကို ဂျူးဆန့်ကျင်ရေးသမားဟု သမုတ်၍ မရကြောင်း ဖြစ်သည်။ မစ္စတာထရမ့်မှာ အရာတော်တော်များများ ရှိသော်လည်း ဂျူးဆန့်ကျင်ရေးမပါ။ ဒါ နယူးယောက်-ကွင်းမှာ မွေးဖွားကြီးပြင်း လူလားမြောက်လာသူတို့၏ အရိုးစွဲ ပြောဟန်မျှသာ။ အိမ်ဖြူတော်က မဟုရာရောင် စားပွဲထိုးတွေကို မစ္စတာထရမ့်က ငါ့အသည်းကျော် အာဖရိကန်-အမေရိကန်တွေဟုလည်းကောင်း၊ အိမ်ဖြူတော် စားသောက်ဆိုင်က ရေတပ်သားတစ်ယောက်ကို ငါ့အသည်းကျော် မက္ကစီကန် လေး ကနေ့ ဘယ့်နှယ်တုံးဟု လည်းကောင်း သူ နှုတ်ခွန်းဆက်လေ့ ရှိသည်။ (အမှန်တော့ အဆိုပါ ရေတပ်သားမှာ ဖိလစ်ပိုင်လူမျိုး ဖြစ်သည်၊ သို့သော် သူသည် သမ္မတကို အမှားပြင်ပေးဖို့ မည်သည့်အခါမှ မကြိုးစားခဲ့၊ အရိုးသားဆုံး ဝန်ခံရလျှင် မစ္စတာထရမ့်တွင် အသည်းကျော် မက္ကစီကန် ဆိုတာ ရှိလိမ့်မည်ဟု ကျွန်ုပ် မထင်)

ငါ့အသည်းကျော်ဂျူးကလေးမှာ ကျန်းမာလန်းဖြာပါကြောင်း ကျွန်ုပ် မစ္စတာထရမ့်ကို နှုတ်ခွန်းဆက်ပြီးနောက် ဟက်ထုာ အကျိုးအလို့ငှာ ကျွန်ုပ် အလျင်အမြန် ဖြည့်စွက်၍ ပြောလိုက်၏။

"အငြိမ်းစားယူရတာ ကောင်းလိုက်တာ ခင်ဗျာ၊ ကောင်းလိုက်တာ... ကောင်းလိုက်တာ"

ဟက်ထုာ ခေါင်းကို သွက်သွက်ယမ်းနေရာ ကြည့်ရင်း သူ့နှုတ်ဖျားက အွေး ဟူသော စကားသံ ထွက်လာသလိုတောင် ထင်မိသည်။ (အွေး ဆိုသည်မှာ ဗဟိုနှင့် အရှေ့ဥရောပနေ ယိဒစ် ဂျူးတို့၏ အာလုပ်စကား ဖြစ်၏။ အဓိပ္ပာယ်က "ကျွန်မ ယောက်ျားဟာ သောက်ရူး ဟူသတတ်") သူ မီးဖိုခန်းထဲသို့ ဒေါသမုန်တိုင်း ထန်ကာ ဆောင့်ကြီးအောင့်ကြီး ဝင်သွားခဲ့သည်။ များမကြာခင်မှာ နားဝင်ဆိုးသော အိုးခွက်သံ ဂီတကို နားဆင်ရတော့သည်။ စိတ်ဖိစီးလာပြီ ဆိုလျှင် ဟက်ထုာသည် ဟင်းချက်ခြင်းဖြင့် ဖြေဖျောက်တတ်သည်ကိုး။ ဂုံး ဝွမ်း ဆိုသည့် ပဲ့တင်သံကြီး ရိုက်ခတ်လာသောအခါမတော့ သူ စွပ်ပြုတ်အိုးကြီး လွတ်ကျပြီဟု ကျွန်ုပ် ခန့်မှန်းလိုက်သည်။ တမင်တကာ ရည်ရွယ်ချက်ရှိရှိ လွှတ်ချခြင်းလည်း ဖြစ်နိုင်၏။ ကျွန်ုပ်၏ ဟက်ထုာသည် စွပ်ပြုတ်ချိုး ဖြစ်၏။ အင်း... ဟက်ထုာ ချက်နေတာ ကျွန်ုပ်၏ အသည်းစွဲ ဘို့ရှ်ထ် စွပ်ပြုတ် ဖြစ်ပါစေဟု မျှော်လင့်မိသည်။

m g y o e . c o m

mgyoe.com
SAMPLE BOOK


ကျွန်ုပ်တို့ ဂျူးနွယ်ဖွား ဆီးမိုက်များသည် တရားစီရင်ချိန်မှာ စွပ်ပြုတ်ကို သောက်ကြလေ့ ရှိသည်၊ အင်း… တကယ်တော့ တရားစီရင်ချိန် မဟုတ်လည်း သောက်ကြတာပါပဲ။ အာရပ်နွယ်ဖွား ဆီးမိုက်တွေမှာ ထိုဓလေ့ရှိ၊ မရှိ ကျွန်ုပ် မသိသော်လည်း ဂျူးနွယ်ဖွား ဆီးမိုက်တွေအတွက်တော့ ထိုစကား မှန်လှ၏။ ကျွန်ုပ်တို့သည် စွပ်ပြုတ်သမားစင်စစ် ကေန်ဖြစ်ကြသည်ကိုး။ စွပ်ပြုတ်က နွေးထွေး၏။ နှစ်သိမ့်မှုကို ပေးစွမ်းနိုင်၏။ သမိုင်းကြောင်းနှင့်ချီ၍ ဝရုန်းသုံးကား ယောက်ယက်ခတ်လာရသည့် ကျွန်ုပ်တို့ လူမျိုးအဖို့ အခါအခွင့်သင့်တိုင်း နွေးထွေးသည့် နှစ်သိမ့်မှုကို ရှာဖွေခြင်းမှာ အံ့သြစရာကိစ္စ မဟုတ်ပါချေ။

"ငါ ဘာတွေများ တွေးခဲ့မိပါလိမ့်"

အလို–သမ္မတကြီး အမိန့်ရှိချေပြီ။

သူ ဘာကို ရည်ညွှန်းမှန်း ကျွန်ုပ်မှာ စိုးစဉ်းမျှ မသိ၊ ကာလရှည်ကြာ သစ္စာစောင့်သိခဲ့ပြီး အမေရိကန်၏ ထာဝရ မိတ်ဆွေ ကာ့ဒ် (တူရကီမှ ခွဲထွက်ရန် တိုက်ပွဲဝင်နေသည့် ကာ့ဒ်သူပုန်များ) တွေကို ခွေးစားစား၊ ကျီးထိုးထိုး ပစ်ထားဖို့ ရုတ်တရက်ချမှတ်ခဲ့သည့် သူ့ဆုံးဖြတ်ချက်ကိုလား၊ ကင်ဂျုံအန်နှင့် ညီသား နောင်မယ် ချစ်ကြိုးသွယ်နေသည့် မေတ္တာအကြောင်းလား၊ ဂန္ဓာလရာဇ်နှင့် ဖြစ်နေသည့် ကုန်သွယ်ရေး စစ်ပွဲကိစ္စလား၊ ယခင် ဒုသမ္မတ ဂျိုးဘိုင်ဒင် (ယခု ၂၀၂၀ နိုဝင်ဘာ ၃ ရက်နေ့ ကျင်းပမည့် အမေရိကန် ရွေးကောက်ပွဲတွင် သူ့ပြိုင်ဘက် ဒီမိုကရက်တစ် သမ္မတလောင်း) ကို အန်ဖတ်အိတ်ကြီးဟု ခေါ်သည့် ကိစ္စလား၊ ဂျာမန် အဓိပတိကြီး အိန်ဂျယ်လာ မာကယ်ကို စုန်းအိုမကြီးဟု ဗွတ်တင်ခဲ့သည့် အကြောင်းလား၊ သူ့ ထုံးစံအတိုင်း အဖြေလိုချင်၍ မေးခြင်းမဟုတ်ဘဲ သူပြောချင်သည့် အကြောင်းအရာကို လမ်းခင်းပေးချင်၍ မေးသည့် ဒီမေးခွန်းကြီးကို အဘယ့်ကြောင့် ကျွန်ုပ်ကို လာမေး၍ နေလေသနည်း အို… အသင် သမ္မတကြီး။

"ငါ ဘာဖြစ်လို့များ မင်းကို သွားခွင့်ပြုလိုက်မိပါလိမ့်၊ မင်းဟာ ငါ့ဆီ ရှိသမျှထဲ အကောင်းဆုံး မန်နေဂျာပဲကွ၊ ငါ့ကိုယ်ငါ ပါရမီရှင် မဟုတ်ဘူးလို့ ပြောတာ မဟုတ်ဘူးနော်– ဟုတ်တယ်၊ ဒါပေမဲ့ တစ်ခါတလေ ဘယ်လိုပြောမလဲ ခေတ္တ တစ်ခဏ ကြောင်သွားတဲ့ သဘောပေါ့ကွာ"

မြောက်မသွားဘူးဟု ကျွန်ုပ် ဟန်မဆောင်လိုပါ။ သို့သော်လည်း ထိုစကား ဘယ်ကိုဦးတည်နေလဲ ဆိုတာကိုသိသလိုလိုဖြစ်လာပြီး စိတ်မသက်မသာ

mgyoe.com

mgyoe.com SAMPLE BOOK


ကြီး ခံစားနေရချေပြီ။ အိုးသံ၊ ခွက်သံတွေကြားမှာ ဟက်ထုာ့ရှိုက်သံတွေ ရောစွက်၍ လာချေပြီ။ ဟက်ထုာသည် အသံမထွက်အောင် ကြိုးစားနေသော်လည်း ထွက်လာပုံပေါ်သည်။ သူ့ ရှိုက်သံက ငှက်ကြီးတစ်ကောင် လည်ပင်းအလုံး ဆို့နေသလို အသံမျိုး။ ဂိဂိ ဂိဂိ နှင့် နားဝင်ဆိုးလှပါဘိ။

"ဟားဘတ်ရေ၊ ဟတ်ဘ်ရေ၊ သတိကြီးကြီးထားနော်" ဟု ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ် အသံတိတ် သတိပေးလိုက်ပြီး–

"ကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ပြန်ပြောလိုက်သည်၊ ချီးမွမ်း ထောမနာပြုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောသင့်သည်ဟု ခံစားရသော်လည်း ဟက်ထုာသည် သူ့အသည်းစွဲ မီးဖိုချောင်သုံး စားကြီးကိုင်၍ မီးဖိုခန်းမှ ထွက်ပေါ်ကိုယ်ထင်ပြလာခဲ့လေပြီ၊ကျွန်ုပ်ကမစ္စတာထရမ့်ကိုအားပေးအားမြှောက် လုပ်နေသည်ဟု သူ့ကို မထင်စေလို။ ထို့ကြောင့်–

"ဆရာ့အတွက် အလုပ်လုပ်ခဲ့ရတဲ့ နှစ်ကာလတွေဟာ ကျွန်တော့်ဘဝရဲ့ အဓိက အစိတ်အပိုင်း တစ်ခုပါ ဆရာ" ဟုသာ ပြောလိုက်ရသည်။ ဒီလောက်ဆိုလျှင် သဘာဝကျပုံ ရပေသည်။

"အငြိမ်းစားယူဖို့အတွက်ဆို မင်းဟာ ငယ်လွန်းပါသေးတယ်"

"အိုး"

ကျွန်ုပ် ရယ်သံစွက်၍ ပြောလိုက်သည်။

"ဒီကိစ္စမှာတော့ ကျွန်တော် ဆရာနဲ့ သဘောမတူချင်ဘူးလို့ တွေးမိတယ် ခင်ဗျ၊ နိစ္စရူဝ နီးလာတိုင်း ကျွန်တော့်မှာ ဟိုနားက နာလိုက်၊ ဒီနားက ကိုက်လိုက်နဲ့"

ကျွန်ုပ်သည် မစ္စတာထရမ့်အတွက် (၂၇) နှစ်တိတိ အလုပ်လုပ်ခဲ့သည်။ စစချင်း နယူးဂျာစီ၊ ဝက်မင်းစတားရှိ ထရမ့် မက်ဂ်နီဖီကာ တွင် အစားအသောက်နှင့် အဖျော်ယမကာဆိုင်ရာ မန်နေဂျာ၊ နောက်တော့ ထရမ့် ဖာရာဂို–ဆာ–မာ တွင် လက်ထောက်အထွေထွေမန်နေဂျာ၊ ထိုမှတစ်ဆင့် ဗာဂျီးနီးယား၊ လစ်တဲ ဟော့ပက်ပါရှိ ထရမ့် ဘလတ်ဒီ ရမ်း (သွေးချောင်းစီး) ဂေါက်ကလပ်မှာ ပထမဆုံးအကြိမ်အဖြစ် အထွေထွေမန်နေဂျာ ရာထူးတိုး။ ဂေါက်ကလပ်မှာ ရှိနေခဲ့ရသည့်အချိန်တွေသည် ပျင်းရိငြီးငွေ့ဖွယ် မကောင်းလှ။ တကယ်တော့ တုတ်ထမ်းငြင်းရသည့် ကိစ္စတွေ ရှိနေခဲ့သည်ကိုး။

mgyoe.com

mgyoe.com SAMPLE BOOK


ပြည်တွင်းစစ်၏ အဓိက အဆုံးအဖြတ် တိုက်ပွဲသည် ခု သူ့ဂေါက်ကွင်း တည်နေရာမှာ ဖြစ်ပွားခဲ့သည်ဟု မစ္စတာထရမ့်က စွဲမှတ်ထားခဲ့သည်။ သမိုင်းပညာရှင် အများစုက ထိုကိစ္စကို သဘောမတူခဲ့ကြ။ (အမှန်တော့ သမိုင်းပညာရှင် အားလုံး ဖြစ်သည်) သို့သော် ထိုမျှလောက်နှင့် မစ္စတာထရမ့်က နောက်တွန့်မသွားခဲ့။ မစ္စတာထရမ့်ကို ကြောက်ရွံ့နောက်တွန့်သွားစေဖို့ ဆိုတာက သမိုင်းပညာရှင်များလောက်နှင့် မရ။ ဤသို့ဖြင့် ဒုတိယမြောက် အဆုံးအဖြတ် တိုက်ပွဲကြီးကို မီးကုန်ယမ်းကုန် တိုက်ခိုက်ရတော့သည်။ (တစ်စုံတစ်ယောက်သော သူ၏ ပြည်တွင်းစစ် ပထမ အဆုံးအဖြတ်တိုက်ပွဲ ဒီနေရာတွင် တိုက်ခဲ့သည် ဟူသော ယုံကြည်မှုကြောင့် တိုက်ရသည့် ဒုတိယအဆုံးအဖြတ်တိုက်ပွဲ)

ဒေသအာဏာပိုင်များနှင့် ပူပူလောင်လောင် တရားတဘောင်တွေ ဖြစ်ပြီးနောက် ကျွန်ုပ်တို့ အောင်ပွဲရခဲ့သည်။ မစ္စတာထရမ့်၏ လက်စွဲတော် ရှေ့နေကြီး မစ္စတာကိုဟန်သည် နောက်ဆုံးမှာ ကော်မရှင် အားလုံးကို မည်သူမျှ မလှုန်နိုင်အောင် လွှမ်းမိုး အနိုင်ယူခဲ့သည်ဟု ယုံကြည်ယူမှတ်ရသည်။ မနက်ခင်း အလုပ်သွားဖို့ အိမ်ထဲမှ ထွက်လာသည်နှင့် ကားစက်နှိုးထားနှင့်သည့် တစ်စုံတစ်ယောက်က ခင်ဗျာ့အိမ်ရှေ့မှာ ရောက်နှင့်နေစေရမည်ဟု မစ္စတာကိုဟန်က ဗာဂျီးနီးယား သမိုင်းကော်မရှင် ဥက္ကဋ္ဌကို ပြောခဲ့သည်။

တကယ်လည်း ကျွန်ုပ်တို့အတွက် ရာဇဝင် ဖန်တီးပေးမည့် ပုဂ္ဂိုလ်ကို ရခဲ့သည်။ ကွန်ဖက်ဒရေးရှင်းတပ်၏ ဗိုလ်မှူးကြီးဖြစ်သော အဆိုပါ ပုဂ္ဂိုလ်၏ ရုပ်တုကို ဘလတ်ဒီရမ်း ဂေါက်ကလပ်၏ ကျင်းနံပါတ် (၁၇) မြက်ခင်းပြင်တွင် စိုက်ထူထားခဲ့သည်။ (မစ္စတာထရမ့်၏ အလိုအရ) အဆိုပါ ဗိုလ်မှူးကြီးသည် ပြည်ထောင်စုတပ်၏ ဖင်ကို ထောင်းလမောင်းကြေအောင် ဆောင့်ဆောင့်ကန်ခဲ့သည့်သူရဲကောင်းကြီးဆိုပဲ။နောက်ပိုင်းအဆိုပါရုပ်တုကိုချီးမွမ်းထောမနာပြုဖို့ မစ္စတာထရမ့်က တောင်ကယ်ရိုလိုင်းနား ဆီနိတ်တာ စကွစ် ဂလီ ဘီစကစ်ကို ဆွဲဆောင်ပါသော်လည်း ဆီနိတ်တာကတော့ လက်ခံနိုင်ရန် ခက်ခဲသည့်ပုံ ချီတုံချတုံ။

အဆိုပါကိစ္စ ပြီးသည့်နောက်မှာတော့ မစ္စတာထရမ့်သည် ကျွန်ုပ်အပေါ် ထားရှိသော သူ၏ ယုံကြည်မှုကို ဖော်ပြသည့် အနေဖြင့် သူ၏ ကာလရှည်ကြာ အိပ်မက်မဟာ ဖြစ်သော မော်စကိုတွင် တည်ဆောက်မည့် ထရမ့်တာဝါ

mgyoe.com

mgyoe.com SAMPLE BOOK

ကရင်မလင် စီမံကိန်းတွင် ပါဝင်ခွင့်ပေးခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်ကား ခက်ခဲလှဘိတောင်း။ ဗိုလ်မှူးကြီး ရောဘတ် အီး ဘစ်ဂလီ ရုပ်တု သွေးချောင်းစီး ဂေါက်ကလပ်မှာ စိုက်ထူသည့် လုပ်ငန်းသည် အဆိုပါလုပ်ငန်းနှင့် ယှဉ်လျှင် အာလူးလေးတွေ ကောက်ရဘိသကဲ့သို့။ သို့သော်လည်း ခုတော့ အဆိုပါနေ့က ကျွန်ုပ်ထံ ခေါ်သည့် မစ္စတာထရမ့်၏ ဖုန်းကိစ္စ ပြန်ဆက်ရချေဦးတော့မည်။

မစ္စတာထရမ့်၏ စိတ်ထဲမှာ ကျွန်ုပ်အတွက် ဘာကိစ္စ ရှိနေနေ ထိုကိစ္စသည် ကျွန်ုပ်၏ ချစ်လှစွာသော ဟက်ထှာနှင့်အတူ ယှဉ်တွဲ နေထိုင်၍ မရကြောင်း ကျွန်ုပ်သိ၏။ ထရမ့်ကင်းစင် ဘဝတခွင် ဆိုသည်ကို ဟက်ထှာ တမ်းတနေခဲ့တာ ရာစုနှစ် လေးပုံတစ်ပုံ ရှိခဲ့ပြီ။ ဟက်ထှာသည် သူ ခေါ်လေ့ရှိသော ထရမ့်လောက၏ ရွှေရည်စိမ် ပြောင်ပြောင်ရောင်ရောင်တွေနှင့် ပတ်သက်လျှင် ဘယ်တော့မှ စိတ်သက်သာရာမရခဲ့။ သူ့စကားကို ကျွန်ုပ်က နားလည်မှု လွဲနေခဲ့သည်။ သူ ဒါကို ပြောလေတိုင်း ကျွန်ုပ်နားထဲမှာ တန်ဖိုးပြောင်ဝင်း ရွှေအဆင်းနှင့် ထရမ့်လောကဟု ကြားကြားနေခဲ့သည်။ ကျွန်ုပ်က အဘိဓာန်သမားလည်း မဟုတ်ဘူးကိုး။ နှစ်ကာလကြာရှည်လာသည့် တစ်နေ့မှာတော့ သူ အကြီးအကျယ် ပေါက်ကွဲသည့်အခါတွင်မှ သူ ဆိုလိုသည်ကို ကျွန်ုပ် အသေအချာ သဘောပေါက်တော့သည်။ ရွှေရည်စိမ် ဆိုတာ ဆွဲဆောင်မှု ရှိသော်လည်း ဈေးပေါသည့် အတုအယောင်ကိုး။

"ဒီမယ် နားထောင်စမ်း"

သမ္မတကြီး၏ ထိုစကား ကြားရသောအခါ ကျွန်ုပ် ဆတ်ခနဲ ဖြစ်သွားသည်။ မစ္စတာထရမ့်က နားထောင်စမ်းဟု ဆိုလေတိုင်း အံ့ဩစရာ မကောင်းသည့် တစ်စုံတစ်ရာ လာချေပြီ ဆိုတာကို သိသင့်သည်။

"ငါ မင်းကို ပြန်လာစေချင်တယ်"

ဆူညံပွက်လောရိုက်သွားခဲ့သည့် ထရမ့်တာဝါ ကရင်မလင် ကိစ္စကြောင့် ထိုပရောဂျက် နောက်ဆုတ်သွားပြီ ဆိုခြင်းကို ကျွန်ုပ် သိသည်။ ထို့ကြောင့် ထရမ့်ဖာရာဂိုတွင် အထွေထွေမန်နေဂျာ ရာထူးကို သူ ကမ်းလှမ်းနေပြီဟု ကျွန်ုပ် ယူဆလိုက်မိသည်။ ထရမ့်ဖာရာဂိုသည် ကျွန်ုပ်အတွက် ဖြစ်သည်ဟု သူ တစ်ကြိမ် နှစ်ကြိမ် အရိပ်အမြွက် ဆိုခဲ့ဖူးသည်။ လွန်ခဲ့သည့် ငါးနှစ်တုန်းက ဆိုလျှင် ကျွန်ုပ် ဒိုင်ဗင်ပစ်၍ လက်ခံလိုက်မည်မှာ အသေအချာ။

mgyoe.com

mgyoe.com

"ဆရာက အကောင်းဆုံးတွေနဲ့သာ ထိုက်တန်သူပါ ခင်ဗျာ"

ထိုသို့ကြားရသည်ကို သူ လွန်စွာနှစ်သက်လှသည်။

"ကျွန်တော့်မှာ ထိပ်တန်းအဆင့် စွမ်းဆောင်ရည်တွေ မရှိတော့ဘူး ဆရာ၊ ထရမ့် ဖာရာဂို–ဆာ–မာ လို ထိပ်တန်း ဟိုတယ်အတွက် လူငယ်လူရွယ်သာ သင့်တော်ပါတယ် ဆရာ၊ ကျွန်တော့်ကို မေးတဲ့အတွက် ဂုဏ်ယူမိပါတယ်"

သူ ရယ်သည်။ သူ အမြင်ကတ်သည့်သူ တစ်ဦးဦး ကင်ဆာ ဖြစ်နေပြီ၊ သို့တည်းမဟုတ် ဘဝပျက်နေပြီ ဆိုသည့် သတင်းမျိုး ကြားရချိန်မျိုးမှ လွဲ၍ မစ္စတာထရမ့်သည် ရယ်ခဲဘိခြင်း။ အဆိုပါ အမူအကျင့်သည် သူ၏ ဂျာမန်သွေးမှ မျိုးရိုးစဉ်ဆက် ဆင်းသက်လာခြင်း ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်၏။ *သူတစ်ပါးကံဆိုးမိုးမှောင်ကျသည်ကို ကျေနပ်နှစ်သက်ခြင်း* ဟု အဓိပ္ပာယ်ရသော *ရှဒန်ဖရွိုင်ဒါ* ဟု အသံထွက်သည့် စကားလုံးပင် ဂျာမန်ဘာသာစကားတွင် ရှိသေး၏။ (ဂျာမန်ဘာသာစကားသည် လေမှုတ်အော်ဂင်နှင့် တူ၏။ အရာများစွာကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ *သူ့မျက်ခွက်ကို စုတ်ပြတ်သတ်နေအောင် ထိုးမည့် လက်သီးကိုငံ့လင့်နေသော မျက်နှာ* ဟု အဓိပ္ပာယ်ရသည့် စကားလုံးကို *ဘတ်ဖိုင်ဖင်းဂဆော့ချ်* ဟု အသံထွက်သတဲ့၊ ဤစာအုပ်တွင် အဆိုပါ အသုံးအနှုန်းများ ပြည့်ကျပ်နေအောင် သုံးထားလျှင် မည်သို့နေမည်ကို စဉ်းစားကြည့်ကြစမ်းပါလေ) အဆိုပါ စကားလုံးကို မည်သူ တီထွင်သနည်း ဆိုခြင်းကို ဂျာမန် ရာဇဝင်လှန်ကာ စောကြော ကြည့်သင့်ပေသည်။ ဒုတိယကမ္ဘာစစ်တုန်းက လန်ဒန် မြို့တော်သူ၊ မြို့တော်သား တွေ ဖိမ့်ဖိမ့်တုန် ကြောက်ကြသည့် ဒုံးပျံတွေ နာမည်က ဗွီ–၁၊ ဗွီ–၂ ဟု ဖြစ်နေ သည်မှာ အံ့သြစရာ မရှိပါချေ။ ဗွီ ဆိုသည်က *အများမကြိုက် အမှားလိုက်နေသည့် ဒုစရိုက်သားများကို အပြစ်ပေးခြင်း* ဟု အဓိပ္ပာယ်ရသည့် ဂျာမန်စကား *ဗန်းဂျန့်စ်* မှ ဆင်းသက်လာသည်ကိုး။ နှိုင်းယှဉ် ပုံခိုင်းပြရမည် ဆိုလျှင် ကျွန်ုပ်တို့၏ ပထမဆုံးသော အဏုမြူဗုံးများကို *ဝတုတ်ပြဲ နှင့် ကောင်ကလေး* ဟု ချစ်စရာ နာမည်ကိုယ်စီ ပေးခဲ့ကြသည် မဟုတ်လော။

"ဟတ်ဘ်... ဖာရာဂိုကို ခေါက်ထားလိုက်စမ်းပါကွာ၊ အိမ်ဖြူတော်မှာ မင်း ငါ့အတွက် အလုပ်လုပ်စေချင်တာ"

ဤအရာသည် ကျွန်ုပ် မျှော်လင့်ထားခြင်း အလျှင်း မရှိသည့်အရာ ဖြစ်သည်။ ကျွန်ုပ် ရုတ်တရက် ဆွံ့အသွားခဲ့သည်။ မစ္စတာထရမ့်ထံတွင် အမှုတော်

mgyoe.com

ထမ်းရသည့် လုံးစုံများစွာ လူသတ္တဝါအားလုံးမှာ ထိုသို့သော ဆွံ့အခြင်းသည် ကေန်မုချ ရှိတတ်ပေသည်။

"ဒါပေမဲ့... ဒါပေမဲ့... ဆရာ"

ခေါင်းတွေ ချာချာလည်နေသည့်ကြားမှ ကျွန်ုပ် ပြောရသည်။

"ကျွန်တော် နားလည်သလောက် ဆိုရင် အိမ်ဖြူတော် စားမြိန်ခန်းမဟာ အမေရိကန် ရေတပ်က ဦးစီးပြီး လုပ်နေတာ မဟုတ်လား၊ ဒီအလုပ်ရဲ့ အကြီးအကဲဟာ ရေတပ်ဗိုလ်ချုပ်၊ ရေတပ်ဦးစီး တစ်ယောက်ယောက်ပဲ ဖြစ်ရမှာ မဟုတ်လား ဆရာ"

"ဟတ်ဘ်"

ဟော... လေသံပြတ်ပြတ်ကို ကြားရပြီ။ သမ္မတကြီး ရွှေစိတ်တော် ညိုစ ပြုပြီ။ လက်အောက်ငယ်သားများမှ နှုတ်လှန်ပြန်ထိုးခြင်းကို သူ မုန်းတီးလှသည် မဟုတ်လော။

"ဟော့... ငါ မင်းကို ဒီ စောက်မီးဖိုချောင်ကို ဦးစီးဖို့ မေးနေတာ မဟုတ်ဘူး၊ ငါက မင်းကို ငါ့ရဲ့ အရာရှိချုပ် ဖြစ်စေချင်တာကွ"

ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်ထံတွင် မည်သည့်အဖြေမျှ ရှိမနေကြောင်း ယုံတော်မူကြပါ။ လက်ရှိ အိမ်ဖြူတော် အရာရှိချုပ်နှင့် ပတ်သက်၍ မစ္စတာထရမ့် ပျော်ရွှင်ကျေနပ်ခြင်း မရှိသည်မှာ လျှို့ဝှက်ချက်မဟုတ်။ တွစ်တာရှိ သူ့ တွိဒ်များ၊ ကော်မန့်များတွင် လက်ရှိ အိမ်ဖြူတော် အရာရှိချုပ်ကို တုံး၊ ငွေး၊ လဘာဂျာ စသည်ဖြင့် သူ ခေါ်ဝေါ်သုံးစွဲခဲ့ပေါင်း များလှပြီ။

"ဆရာ... ကျွန်တော့်မှာ အစိုးရအလုပ်နဲ့ ပတ်သက်လို့ အတွေ့အကြုံ မရှိဘူး ခင်ဗျာ"

"အိုး... ရှိတာပေါ့"

"ဟင်... ရှိတယ်လား"

ရှိသတဲ့။ ဘယ်တုန်းက ရှိနေပါလိမ့်၊ ကျွန်ုပ်ကိုယ်ကျွန်ုပ်ပင် မသိ။ သူက သိနေသည်ကိုး။ အံ့ဖွယ်သုတပါပေ။

"ပြည်တွင်းစစ် ကိစ္စနဲ့ ပတ်သက်ပြီး မင်း ဗာဂျီးနီးယားက ဟို ခွေးမသား ကော်မရှင်နာနဲ့ အလုပ်လုပ်ရတယ်လေ၊ အဲဒါ အစိုးရအလုပ်နဲ့ ပတ်သက်တဲ့ အတွေ့အကြုံပေါ့ကွ"

m g y o e . c o m

mgyoe.com

SAMPLE BOOK


ဩော်-အဲဒီလိုကိုး။

"အဲဒီတုန်းက အဓိက လုပ်ခဲ့တာ မစွတာကိုဟန် ပါ ဆရာ"

"ဒီမယ် ဟတ်ဘ်… ငါ့ကိုကြည့်… ငါ့မှာ အစိုးရလုပ်တဲ့ အတွေ့အကြုံ ရှိခဲ့ဖူးသလား။ ခု ငါ ဘာလုပ်နေလဲ ကြည့်၊ အဲဒီ အစိုးရအလုပ် ဆိုတာကြီးကို ငါ ပယ်ပယ်နယ်နယ် ကြိတ်ပစ်တာ မြင်တယ် မဟုတ်လား၊ သူတို့က ငါ့ကို လင်ကွန်း နဲ့ နှိုင်းကြတယ်၊(ဘယ်သူက သူ့ကိုလင်ကွန်းနဲ့ နှိုင်းတယ် ဆိုတာတော့ သူ မပြော) ငါ့ နိုင်ငံရေးအကြံပေး ဆိုတဲ့ အကောင်ကို ကြည့်စမ်း၊ တကယ့် ငပွေး၊ ဟို ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီး ဆိုတဲ့ကောင်ဆို ကြည့်စမ်း၊ ပိုဆိုးသေး၊ ခု ငါ့မှာ အကြံပေး ဘယ်နှကောင်ရှိမှန်းတောင် မမှတ်မိတော့ဘူး၊ ဒီကောင်တွေ အကုန်လုံး စောက်ပေါချည်းပဲ၊ ငါ ယုံလို့ရတဲ့ တစ်ယောက်ယောက်ကို လိုအပ်နေတယ် ဟတ်ဘ်၊ ငါ မန်နေဂျာကောင်း တစ်ယောက် လိုတယ်၊ ငါ့အသည်းကျော် ဂျူး ကလေးကို ငါ လိုအပ်တယ်"

"ဟုတ်-ဟုတ်-အာ- ဆရာက အရမ်းကို ရက်ရောပါပေတယ် ခင်ဗျာ- အာ…"

ကျွန်ုပ်သည် စကားဆက်မရအောင် ထစ်ငေါ့၍ နေပြီတည်း။

"မင်း သတင်းတွေ နားမထောင်ဘူးလား၊ ငါ့လခွေးတဲ့မှ-ချီးမုန်တိုင်း အလယ်ကောင် ရောက်နေသလိုပါပဲကွာ၊ သူတို့ပြောသမျှ မဟုတ်က ဟုတ်က အလိမ်နဲ့ အညာချည်းပဲ။ မီဒီညာ ဆိုတာ ရွံစရာအကောင်တွေကွ၊ တကယ့် အော အော့တွေ။ ဟိုကောင် ဘယ်သူ၊ ဆော်ဒီက အမ်ဘီအက်စ် (ဆော်ဒီ အာရေးဗီးယား အိမ်ရှေ့စံမင်းသား မိုဟာမက် ဘင် ဆယ်လ်မန် အယ်လ်ဆတ်)၊ ဒီကောင် လုပ်တာ မှန်တယ်၊ မီဒီညာ မအေပေးတွေနဲ့ ဆက်ဆံဖို့ တစ်ခုတည်း သော နည်းကတော့ ဒီကောင်တွေကို အရိုးဖြတ်တဲ့ လွှနဲ့ အပိုင်းပိုင်း ဖြတ်ပစ်တာ ပဲကွ ဟတ်ဘ်ရ၊ ငါ ပြောတာ သိလား"

"ဟုတ်ကဲ့ ဆရာ"

လည်ချောင်းရှင်းရင်း ကျွန်ုပ် ပြန်ပြောရသည်။

"ကျွန်တော့်အထင်ကတော့ (စွပ်စွဲပြစ်တင် ဖြုတ်ချခြင်းတို့၊ အမှုဆင် တို့ စကားလုံးတွေ မပါသွားအောင် စကားကို ထိန်းသိမ်း၍ ပြောရသည်) ဒီကိစ္စ တွေဟာ ပိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေတာပါပဲ ခင်ဗျာ၊ ဘာပဲဖြစ်ဖြစ် ဆရာ့ လူတွေကတော့ ဆရာနဲ့အတူ ရာနှုန်းပြည့် ရှိနေကြပါတယ် ခင်ဗျ"

mgyoe.com

 SAMPLE BOOK 

(ထိုကိစ္စသည် တကယ် တိတိကျကျပြောမည် ဆိုလျှင် မတိကျလှပေ၊ ရီပတ်ပလစ်ကန်များကြား၀ယ် သူ့ကို ထောက်ခံနှုန်းသည် ၈၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ချေပြီ၊ သို့သော် အရာအားလုံးကို ထည့်သွင်းစဉ်းစားမည် ဆိုလျှင်တော့ မဆိုးလှသေး)

"အင်း... မှန်တယ်။ သူတို့ ငါ့ကို မြတ်နိုးကြတယ်၊ ဒါက ပြဿနာ မဟုတ်ဘူးကွ၊ အရည်အချင်း မရှိတဲ့ကောင်တွေ ငါ့ကို ၀န်းရံနေတာက ပြဿနာ၊ ဒီလောက် အရည်အချင်း မရှိတာမျိုး မင်း တစ်ခါမှ မြင်ဖူးမယ် မထင်ဘူး ဟတ်ဘ်ရာ၊ ထရမ့် အဖွဲ့အစည်းမှာ ဆိုရင် ဒီလိုကောင်မျိုးတွေ တစ်ပတ်တောင်ခံမှာ မဟုတ်ဘူး၊ စိတ်ပျက်စရာပါ ဟတ်ဘ်ရာ၊ ဒါကြောင့် မင်းကို ငါလိုတာ ဟုတ်ပလား၊ အိုကေလား"

ကျွန်ုပ်ကကော ဘာများပြောနိုင်ဦးမည်တည်း။

*ဟင့်အင်း၊ ကျေးဇူးတင်ပါတယ် မစ္စတာ သမ္မတကြီးရယ်၊ ဒီတိုင်းပြည်ကို စီမံခန့်ခွဲဖို့ ကျွန်တော် မစ္စတာသမ္မတကြီးကို ကူညီချင်ပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓဟူးည ဟက်ထွာနဲ့ ပိုကာဝိုင်းလေးကို မဖျက်ချင်ဘူး* ဟု ပြန်ပြော၍ ရမည်လား။

"ကောင်းပါပြီဆရာ၊ ကျွန်တော် ဟက်ထွာနဲ့ တိုင်ပင်ပါဦးမယ်"

တိုက်ပွဲကျလေသံဖြင့် ကျွန်ုပ် ပြန်ပြောမိသည်။

"ဘယ်သူနဲ့ တိုင်ပင်မယ်"

"ကျွန်တော့်အမျိုးသမီးလေ ဆရာ"

စိတ်မရှည်သံများ စွက်သွားလေရော့သလား မသိ။ တကယ်တော့ ခုလို ထပ်ဖြည့် ပြောလိုက်ချင်သေးသည်။

"၃၂ နှစ်တိတိ ကျွန်တော်နဲ့ ပေါင်းလာတဲ့ ကျွန်တော့် ချစ်ဇနီး ခင်ဗျ၊ ဆရာနဲ့ အကြိမ်ငါးရာလောက် တွေ့ဖူးတဲ့ ဟက်ထွာ ခင်ဗျ"

"ယဲ ယဲ-ဟက်ထွာ-ဟက်ထွာ-သူက တော်ပါတယ်၊ ဒါနဲ့ ပတ်သက်လို့ သူ အလွန့်အလွန်ကို ပျော်နေမှာကွ-အင်မတန် ဂုဏ်ယူရမယ့်ကိစ္စလေ-ဟုတ်တယ် မဟုတ်လား-ထရမ့်ရဲ့ အိမ်ဖြူတော် အရာရှိချုပ် ဖြစ်တာ ဘယ်နှယောက်များ ရှိလို့လဲ ကွာ"

(တိတိကျကျပြောရလျှင်ဖြင့် လေးနှစ်အတွင်း ခုနစ်ယောက် ရှိခဲ့ပါသည်)

mgyoe.com

mgyoe.com SAMPLE BOOK


ဟက်ထုတ့်တုံ့ပြန်မှုကို အလွန့်အလွန် ပျော်ရွှင်ဝမ်းမြောက်နေသည်ဟု ကျွန်ုပ် ဖော်ပြခြင်းငှာ မစွမ်းသာသည်က အမှန်ပင်။ မီးဖိုခန်းမှာ ရပ်ပြီး ကျွန်ုပ် သူ့ကို အကဲခတ်နေသည်။ သူက ဘာတစ်ခွန်းမျှမပြောဘဲ နိုကိုဥတွေ လှီးနေသည်။ တာဝန်ဝတ္တရား၏ အခန်းကဏ္ဍကို ကျွန်ုပ် ဇန်းတင်၍ ဖိပြောသည်။ သူ ဘာမျှ မတုံ့ပြန်၊ ဥကိုသာ သဲကြီးမဲကြီး ဒေါကြီးမောကြီး ဖိလှီးနေသည်။ ထိုနေ့မှ အစ ပြု၍ လက်ရှိ ကျွန်ုပ် ရောက်ရှိနေသော ဝင်ဒလေရှိ ဖက်ဒရယ် ပြုပြင်ထိန်းသိမ်းရေး စခန်း မီးဖိုချောင်မှာပင် ဟင်းသီးဟင်းရွက်၊ သစ်ဥသစ်ဖုကို ဟက်ထုတ့်လို အင်အား ကြီးမားစွာ အခွံသင် လှီးဖြတ်နေတာမျိုး ကျွန်ုပ် မမြင်ခဲ့ဖူးပါ။ သူ့ဒေါသကို နိုကိုဥ အပေါ် သွန်ချခြင်းဟု နားလည်ရပေသည်။ ပုံမှန်လင်မယားဘဝ ပြန်ရဖို့ ရက် သတ္တပတ်ပေါင်းများစွာ စောင့်ဆိုင်းရနိုင်ပေသည်။

မြေပြင်အခြေအနေမတော့ မစ္စတာထရမ့်သည် ကျွန်ုပ်၏ ဆုံးဖြတ် ချက်ကို သူ့ကို ဖုန်းဆက် ပြန်လည် တင်ပြခြင်းကို စောင့်ဆိုင်းခြင်း အလျှင်း မရှိ၊ ငါးမိနစ်အတွင်းမှာ *အိမ်ဖြူတော် အရာရှိချုပ် နေရာအတွက် မက်ခ် မူလ်ကင်ဆန် နေရာတွင် ထရမ့် လေ့ကျင့်ပေးထားသည့် မန်နေဂျာကောင်းတစ်ဦး ဖြစ်သော ဟားဘတ် ကေ နက်တာမန်းကို အစားထိုး ခန့်အပ်လိုက်သည်* ဟူသော တွိဒ်ကို သူ တင်လိုက်ပြီး ဖြစ်တော့သည်။

သူ့ကို ရာထူးမှ ထုတ်ပယ်လိုက်သည့် သတင်းကို မစ္စတာမူလ်ကင်ဆန် သည် သူ့ဒရိုင်ဘာထံမှ တစ်ဆင့် သိခဲ့ရခြင်းဖြစ်သည်ဟု ကျွန်ုပ် ပြန်လည် ကြားသိ ရကြောင်းကို မှတ်တမ်းအနေဖြင့် ဖော်ပြရပေမည်။ ထိုအချိန်တွင် သူသည် ကက်ပီတယ် တောင်ကုန်းရှိ အာရိယန်ကော့ကပ် (လူဝင်မှုကြီးကြပ်ရေးကိစ္စ များနှင့် ပတ်သက်၍ ဖွဲ့စည်းထားသော ကွန်ဂရက်ကော်မတီ အုပ်စု) အစည်းအဝေး မှ အိမ်ဖြူတော်အပြန်လမ်းတွင် ဖြစ်သည်။ ဒရိုင်ဘာ့ဖုန်းထဲသို့ မက်ဆေ့ချ် တစ်စောင် ရောက်လာသည်။ ရောက်ရာနေရာတွင် ရပ်၍ မစ္စတာမူလ်ကင်ဆန်ကို ကားထဲမှ ချက်ချင်း ထွက်ခိုင်းရန် မက်ဆေ့ချ်က ညွှန်ကြားထားသည်။ မစ္စတာမူလ်ကင်ဆန် ကလည်း အကြမ်းဖက်သမား အန္တရာယ်ဟု ယူဆကာ တစ်သဝေမတိမ်း လိုက်နာ ဆောင်ရွက်သည်။ သူ့ကို လမ်းဘေးမှာ ချထားပြီး ဒရိုင်ဘာက ကားကို မောင်းထွက် သွားခဲ့သည်။ ဘယ်လို ဖြစ်တာလဲဟု ဝေခွဲမရသည့် မျက်နှာပေးနှင့် လမ်းဘေးမှာ ကြောင်စီစီ ရပ်နေသည့် သူ့ဓာတ်ပုံသည် ထရမ့် အုပ်ချုပ်ရေးကာလ၏ ဂုဏ်

mgyoe.com

mgyoe.com SAMPLE BOOK

အယူရဆုံးသော ကိစ္စများထဲမှ တစ်ခု ဖြစ်လိမ့်မည်ဟု ကျွန်ုပ် မှန်းဆမိသည်။ ထိုဓာတ်ပုံသည် မီမီ (Meme) တစ်ခု ဖြစ်လာပြီး တစ်မုဟုတ်ချင်း တောမီးပမာ အွန်လိုင်းမှာ ပျံ့နှံ့သွားခဲ့သည်။

ငံ့လင့်နေသော ဘို့ရှ်ထ် စွပ်ပြုတ်ကို ဟက်ထှာသည် မချက်ပြုတ်။ နီကိုဥတွေကို အခွံသင် လှီးချွတ်ပြီးသည့်အခါ မီးဖိုချောင်သုံး အေပရွန် ခါးစည်းကိုချွတ်၊ သပ်သပ်ရပ်ရပ် ခေါက်၊ အိပ်ခန်းထဲ ဝင်ကာ အိပ်ခန်းတံခါးကို ပိတ်လိုက်လေသည်။ သူ သေကြောင်းများ ကြံတော့မလို့လားဟု ကျွန်ုပ် တွေးထင်မိသေးသည်။

ခရမ်းရောင် နီကိုဥ အခွံပုံကြီးကို ကျွန်ုပ် တွေတွေကြီး စိုက်ကြည့်နေမိသည်။ မီးဖိုခန်း ကြမ်းပြင်ပေါ်က နီကိုဥခွံတွေကို မြင်ရတာ စိတ်ဆင်းရဲစရာ မဟုတ်လား။ ဒါသည်ပင်လျှင် ကျွန်ုပ်တို့ လင်မယား၏ မီမီ (Meme) ဖြစ်တော့သည်ဟု ယူဆမိသည်။ ဒါကို ဓာတ်ပုံရိုက်၍ အင်စတာဂရမ်တွင် ကျွန်ုပ် တင်မည် မဟုတ်။ သို့သော် ထိုပုံရိပ်သည် ဟားဘတ် ကေ နက်တာမန်း၏ ဗဟို အာရုံကြောစနစ် တစ်ခုလုံးမှာ စွဲထင်နေတော့မည်။ ကျွန်ုပ်အကြွက် ထာဝရ ပျက်သုဉ်းသွားသည့် ဘို့ရှ်ထ် စွပ်ပြုတ်ပါကလား။ ထိုအချိန်မှစ၍ နောက်ပိုင်း နီကိုဥအကြောင်း စဉ်းစားမိလျှင်ပင် မအီမသာနှင့် ပျို့ချင်သလိုလို ခံစားတတ်ခဲ့ပြီကော။

ရှေးခေတ်ရောမပြည်တွင် ငှက်တွေကို ရင်ခွဲ၊ အူအသည်းကလီစာတွေ ထုတ်ပြီး အနာဂတ် ဆိုတာ ဘယ်နေရာတွင်ရှိသလဲ ဆိုတာ စောကြောလေ့လာခဲ့ကြဖူးသတဲ့။ ရွှံ့ရှာဖွယ်ကောင်းလှပြီး သိပ္ပံမျက်စိဖြင့် ကြည့်လျှင် အရူးအပေါ် သာသာတွေ ဆိုတာကို ကျွန်ုပ် လက်ခံပါသည်။ သို့သော် အတိတ်ကာလကို ပြန်စဉ်းစားသောခုချိန်မတော့ ထိုစဉ်က ခရမ်းရောင်နီကိုဥခွံတွေကိုစေ့စေ့စပ်စပ်ကြည့်မိလျှင် အကောင်းသား ဆိုသည့်စိတ် ဖြစ်မိသည်။ သို့သော်လည်း ထိုဖုန်းလာပြီးချိန်ကတည်းက ကျွန်ုပ်ဘဝသည် အရင်အတိုင်း မဖြစ်နိုင်တော့သည်ကား ဧကန်မုချ ကျိန်းသေသည့် အမှန်တရားပင်တည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်

အကယ်၍သာ ကြိုဆိုခြင်း ဟူသည် သင့်တော်သော စကားလုံး ဖြစ်ခဲ့ပါလျှင် ကျွန်ုပ်ကို ရာထူးခန့်ထားခြင်း သတင်းကို အံ့သြစွာဖြင့် ကြိုဆိုကြလေသည်ဟု ဖော်ပြရမည်သာ။ ဝါရှင်တန်သည် ဝါရှင်တန်သာတည်း။ ဘယ်တော့မှ မပြီးမြောက်နိုင်သည့် တာဝန်ကြီးကို စွမ်းစွမ်းတမံ ထမ်းရွက်မည့်သူကို ကူညီ ချီးမြှောက်ရမည်ပလေ။

ဟော... ပထမဆုံး ဈေးဦးဖောက်သူက ဝါရှင်တန်ပို့စ်။ အိမ်ဖြူတော် အရာရှိချုပ် အသစ်ကျပ်ချပ်ချွတ် ကျွန်ုပ် မိမိ၏ တာဝန် ဝတ္တရားများထဲတွင် အိပ်ရာခင်းများ နေ့စဉ်လဲလှယ်ရုံမျှမက လူတိုင်းလူတိုင်း၏ ခေါင်းအုံးများပေါ် ပူရှိန်းချိုချဉ်တစ်လုံး တင်ထားပေးရန်လည်း ပါဝင်သည် တဲ့။ မစ္စတာနက်တာမန်းသည် မက်ဒေါနယ်မှ ချိစ် ဒီလက်စ် ပေါင်တစ်စိတ် ဘာဂါများနှင့် ဘဲဥပုံရုံးခန်း မီနီဘားထဲ ဒိုင်းယက်ကုတ်များ မပြတ်လပ်အောင် ဖြည့်ဆည်းပေးနိုင်ဖို့ တာဝန်ကို ကျေပွန် မည်ဆိုခြင်းကို သံသယ စိုးစဉ်းမျှပင် မရှိပါချေ တဲ့။

နောက်တစ်နာရီအတွင်း ထပ်ကြိုဆိုသည်က နယူးယောက်တိုင်းမ်စ်။ သူကတော့ လွန်လွန်ကဲကဲ– ထရမ့်၏ ငယ်မွေးချင်းပေါက် ပြည်တွင်းစစ် သမိုင်းတုပညာရှင်ကြီး အရာရှိချုပ် ဖြစ်လေပြီ တဲ့။ မစ္စတာထရမ့်တစ်ယောက် မီဒီယာတွေ

mgyoe.com

mgyoe.com
SAMPLE BOOK


ကို လွန်လွန်ကြူးကြူး ခါးခါးသီးသီး အဘယ်ကြောင့် ဖြစ်နေသည်ကို ခုတော့ ကျွန်ုပ် သဘောပေါက်စပြုပြီ။ ကျွန်ုပ်၏ လက်ရှိ ရာထူး အလုပ်အကိုင်သစ်သည် ထိုသို့အမနာပ အပြောခံရမည့် နေရာ ဆိုခြင်းကို ကျွန်ုပ် ကောင်းစွာ နားလည် ပါသည်။

ကျွန်ုပ်ကို မူဆိုလီနီနှင့် နှိုင်းယှဉ်ရေးသားခြင်း မပြုပါစေကြောင်း ဆုတောင်း ထားသည့် ဖောက်စ် သတင်းဌာနကတော့ ခမ်းနားကြီးကျယ် သတ္တိကြွယ်လှ၏။ *မစ္စတာနက်တာမန်းသည် ထရမ့်၏ ရထားများ အချိန်မှန် ထွက်ခွာနိုင်ရန် ဆောင်ရွက် ခဲ့သူ ဖြစ်ပေသည်* တဲ့။ တကယ်တော့ ထရမ့်ပိုင်ဆိုင်သမျှထဲမှာ ဘာရထားမျှ မရှိ။ သို့သော် မျိုးဆက်သစ် လူငယ်များ ပြောနေကျအတိုင်း ပြောရလျှင် ဘာဖြစ်ဖြစ် ဆိုတာမျိုးပေါ့လေ။

ပထမဆုံးသော ဂုဏ်ပြုဖုန်းခေါ်ဆိုမှုက ဖောက်စ် သတင်းဌာန၏ နံပါတ်ဝမ်းတစ်၊ ဂဏန်းတစ် ဖြစ်သည့် မစ္စတာဆီးမတ်စ် ကိုလွန်နတီ ထံမှ ဖြစ် သည်။ ကျွန်ုပ်က သူ့ကို လွန်စွာသဘောကျသူ ဖြစ်သည့်အတွက် သူဖုန်းခေါ်သည့် အခါ မြောက်ကြွကြွ ခံစားချက်မျိုး ပေါ်ထွန်းလာသည်ကို ဝန်ခံရပေမည်။ ကျွန်ုပ် အတွက်တော့ မစ္စတာကိုလွန်နတီသည် ဂီတနံရံ ဆိုသည့် အရာကို တီထွင် ဖန်တီးသူ မြူးဇစ် ပရိုဂျူဆာ ဖီးလ်စပက်တာ ကဲ့သို့ပင် (မစ္စတာစပက်တာသည် နောက်ပိုင်းတွင် သူ့ အမျိုးသမီးမိတ်ဆွေ၏ ပါးစပ်ထဲ သေနတ်ထည့်ပြီး ပစ်မှုဖြင့် ဝမ်းနည်း ကြေကွဲခဲ့ရသည်။ မြူးဇစ် ဘိဇနက် ဟူသည် အသည်းငယ်သော သူများ အတွက် မဟုတ်ရေးချ မဟုတ်) မစ္စတာကိုလွန်နတီကတော့ စကားနံရံကို ဖန်တီး သူတည်း။ သူ့တစ်ကိုယ်တော် စကားပိုင်းတွေက မာရသွန်ပြိုင်ပွဲများအလား ဖြစ်သည်၊ သူသည် နာရီနှင့်ချီကာ အသက်မရှူစတမ်း တရစပ်ပြောနိုင်သူ ဖြစ်သည်။ သူ့ကို အမနာပပြောချင်ကြသည့် လစ်ဘရယ်တွေကတော့ သူ၏ မစ္စတာထရမ့်အပေါ် ခုခံကာကွယ်နေမှုများကို စတီးရှိုက် အားဖြည့်ဆေးသုံး သွားရည်တမျှားမျှားနှင့် အကောင် ဟူ၍ လည်းကောင်း၊ လေတစ်လုံး မိုးတစ်လုံး အာကျယ်ကောင် ဟု လည်းကောင်း ချီးမွမ်းထောမနာပြုကြသော်လည်း ကျွန်ုပ်အတွက်တော့ မစ္စတာ ကိုလွန်နတီသည် ခေတ်သစ် ဆီဆာရို (ရောမခေတ် နိုင်ငံရေးသမား) သာ။

သူ့ကို ကျွန်ုပ် အကြိမ်ကြိမ် တွေ့ခဲ့ဖူးပါသည်။ ထရမ့် မက်ဂနီဖီကာမှာ၊ ဖာရာဂိုမှာ၊ သွေးချောင်းစီး ဂေါက်ကွင်းမှာ။ သူနှင့် မစ္စတာထရမ့်တို့ ဂေါက်အတူ

mgyoe.com

mgyoe.com
SAMPLE BOOK


ကစားရင်း အရောင်အသွေးစုံ ဇာတ်လမ်းတွေ စကားလက်ဆုံ ကျကြသည်။ အပြောအများဆုံးကတော့ ယူကရိန်းအကြောင်း ဖြစ်၏။ ကျွန်ုပ် မှတ်မိနေသည့် ဇာတ်လမ်းတစ်ခုက ထိုသို့။

*မေး။ ။ မီးသီးတစ်လုံးလဲဖို့ ယူကရိန်း ဘယ်နှယောက်လောက် လိုမတုံး။*

*ဖြေ။ ။ တစ်ဒါဇင်လေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ယူကရိန်းကောင်တွေဟာ တုံးလွန်း ချာလွန်းလို့ပေါ့။ ပြီးတော့ ဂျိုး ဘိုင်ဒင် ရဲ့ သားပါ ထည့်ပေါင်း၊အကြံပေးခ ဒေါ်လာ ငါးသောင်း တောင်း။*

လူတွေ မစ္စတာထရမ့်ကို ချစ်ကြသည်ကို နှစ်ပေါင်းများစွာ ကျွန်ုပ် တွေ့ခဲ့ မြင်ခဲ့ရသည်။ ချစ်ကြသည်ဆိုခြင်းထက် လေးစား မြတ်နိုးသည်ဟု ဖော်ပြလျှင် ပိုသင့်တော်မည်။ သို့သော် အခြားသူများက မစ္စတာထရမ့်ကို ကြောက်ချစ်ချစ်ပြီး မစ္စတာကိုလွန်နတီကတော့ မစ္စတာထရမ့်အား ချစ်ခင်မြတ်နိုးရသည်ကို ရင်ထဲအသည်းထဲက ပျော်ရွှင်ပုံပေါ်ပေသည်။

မစ္စတာထရမ့် အနေဖြင့်လည်း မစ္စတာကိုလွန်နတီ အပေါ် လွန်စွာ မြင့်မြင့်မားမား အထင်ကြီးတစ်ခွဲသားဖြင့် ရှိချေသည်။ သူ့ထံမှ လမ်းညွှန်မှုများကို မစ္စတာထရမ့်သည် မကြာခဏ တောင်းခံတတ်သည်။ ညစဉ် တင်ဆက်သည့် ကိုလွန်နတီ၏ စကားလုံးနံရံ အစီအစဉ်ကို နားဆင်ပြီး ဆိုလျှင် မစ္စတာထရမ့်သည် ရီမုကွန်ထရိုး တကိုင်ကိုင်နှင့်။ သူကြိုက်သည့် စကားလုံး ကြားရပြီ ဆိုတာနှင့် ရီမုဖြင့် အစီအစဉ်ကို ခေတ္တရပ်၊ တွစ်တာဝါလားကို အလျှင်အမြန် အမိန့်ပေး၊ (တွစ်တာတွင် သူ တွိဒ် လုပ်ရန် စကားလုံးများကို သူခေါ်ပေးသမျှ လိုက်ရေးရန် ငှားထားသော ဂျာဒူးဝါလားကဲ့သို့ ရာထူးကို တွစ်တာဝါလားဟု ခေါ်ခြင်း ဖြစ်သည်) *ဟေ့... နန်စီ ပလိုစီ ပါးစပ် အနံ့ဆိုးတာနဲ့ ပတ်သက်လို့ သူ ခုနကတင် ပြောသွားတဲ့ စကားလုံးကို ချရေးထားစမ်း၊ ငါသုံးလို့ ရတယ်။* ပြီးလျှင်ပြီးခြင်း မစ္စတာထရမ့်သည် မစ္စပလိုစီ၏ ကြောက်မက်ဖွယ် ခံတွင်းရနံ့ဆိုး (ဟောလီတိုးစစ်) ကို အကြောင်းပြု စာစီကာ သူ့ တွစ်တာစပီးယားတွင်းရှိ လူပေါင်း ၅၄ သန်း မျှဝေခံစားနိုင်ဖို့ တွိဒ်ခြင်း အမှုကို ပြုလေတော့သည်။ နန်စီပလိုစီသည် အမေရိကန် ကွန်ဂရက်၏ ဥက္ကဋ္ဌ ဒီမိုကရက်တစ် ပါတီဝင် ဖြစ်ပြီး ၂၀၁၉ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် သမ္မတဒေါ်နယ်ထရမ့်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ကွန်ဂရက်က စွဲချက်

mgyoe.com

mgyoe.com  SAMPLE BOOK 

တင်ရာတွင် ဦးဆောင်ခဲ့သူ ဖြစ်သည်။ မစ္စတာကိုလွန်နတီ၏ အတွေးအမြင်များကို မစ္စတာထရမ့်က လွန်စွာ အားထားသည့်အတွက် မစ္စတာကိုလွန်နတီကို ကြိုးကိုင်သူ အိမ်ဖြူတော် အရာရှိချုပ်၊ သို့တည်းမဟုတ် စစ်မှန်သော အိမ်ဖြူတော် အရာရှိချုပ် ဟု သမုတ်တတ်ကြသည်။ (ထို စကားနောက်မှ ဘုရား ကယ်ပါ ဆိုသော စကား လည်း ထက်ကြပ်မကွာ လိုက်၍ လာသေးသည်)

အဆိုပါ ကိစ္စသည်ပင်လျှင် မစ္စတာကိုလွန်နတီက ကျွန်ုပ်ကို ဖုန်းခေါ် ဆွေးနွေးရသည့် အကြောင်းရင်း ဖြစ်လေသည်။

"ဟတ်ဘ်ရေ... ရာဇပလ္လင်နောက်ကွယ်မှာ ကိုလွန်နတီ ရှိနေတယ် ဆိုတဲ့ ယုံတမ်းစကားတွေကို လက်မခံနဲ့နော်၊ အဲဒါ ကျုပ်နဲ့ သမ္မတကြီးကြားမှာ သင်းခွဲ သပ်လျှိုချင်သူတွေ ပြောတဲ့ စကားဗျ"

"ဟုတ်ကဲ့၊ သိခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ"

"အို... ဟတ်ဘ် ခင်ဗျားက ကျုပ်ကို ဆရာလို့ ခေါ်ရမယ့် အဆင့်မျိုး မဟုတ်ဘူးဗျ၊ ခင်ဗျားက အိမ်ဖြူတော် အရာရှိချုပ်ကြီးလေဗျာ၊ ကျုပ်ကို ခင်ဗျား ကြိုက်သလိုခေါ်၊ ချီးခေါင်းလို့ ခေါ်လည်း ရတယ်"

သူ အူမြူးနေသည်ကို ကျွန်ုပ် ခံစားမိသဖြင့် သူ့စကားကို ရယ်လိုက် သည်။ တစ်ချိန်တည်းမှာပင် ကိုယ့်ကိုယ်ကိုယ် ပြန်ဆွဲဆိတ် ကြည့်မိသည်။ တစ်မိုး အောက် တစ်ယောက်ဖြစ်သော မစ္စတာဆီးမတ်စ်ကိုလွန်နတီ ကိုယ်တိုင်က သူ့ကို ချီးခေါင်း ဟု ခေါ်ပါလို့ ကျွန်ုပ်ကို ဖိတ်ခေါ်နေချေပြီတကား။ *အိမ်း-မောင်ရင်ဟာ ရက်ရောလှတဲ့ လူဖြူပါတကား အသင်ချီးခေါင်း* ဟု ပြောချင်လွန်းလှသော်လည်း ထိုသို့သော အောက်တန်းကျသည့် စကားလုံးတို့သည် ကျွန်ုပ်၏ နှုတ်ဖျားမှ မထွက်လာနိုင်ပါပေ။ ယဉ်ေ..ျး ပျူငှာ ဟိုတယ်လုပ်ငန်းမှာ ရာစုနှစ် တစ်စိတ်ခန့် လုပ်ကိုင်ခဲ့မှုက ကျွန်ုပ်၏ ပါးစပ်တွင် ဖရုသဝါစာ ရေကာတာကြီး တပ်ဆင် ထားဘိသကဲ့သို့။

မစ္စတာကိုလွန်နတီက ဆက်ပြောနေသည်။

"ဟတ်ဘ်ရေ၊ ခင်ဗျားသိတဲ့အတိုင်း ဘောဲစ်က ဖောက်စ်နဲ့ ပတ်သက်လို့ သိပ်မကျေနပ်ချင်သလိုလို ဖြစ်နေတယ်"

မစ္စတာထရမ့်၏ ဖောက်စ်အပေါ် ထားရှိသော အထင်ကြီး လေးစားမှု တို့ကို မည်သည့်အရာကမျှ သေးသိမ်မှေးမှိန်အောင် လုပ်နိုင်စွမ်း မရှိကြောင်း ကျွန်ုပ် သိသမျှ ပြောပြရင်း မစ္စတာကိုလွန်နတီကို အားပေးမိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မသိပါဘူးဗျာ၊ ကျွန်တော်တို့ လုပ်တဲ့ ရွေးကောက်ပွဲ အကြို ဆန္ဒကောက်ခံပွဲတွေမှာ ဒုတိယကမ္ဘာစစ် စစ်ပြန်တွေကြားထဲ သူ့ကို ထောက်ခံမှုနှစ်ရာခိုင်နှုန်း ကျသွားတာကို စိတ်မကြည်ဘူးလို့ ပြောနေလို့"

စိတ်မကြည်သည့် ကိစ္စကို ကျွန်ုပ် ထောက်ခံနိုင်သော်လည်း သမ္မတကြီးသည် တစ်စိတ်ကို တစ်အိတ်လုပ်မည် မဟုတ်ကြောင်း ထပ်လောင်းပြောလိုက်သည်။

"အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော် ဘာတစ်ခုမှ မလုပ်ခဲ့ကြောင်း သူနားလည်မယ်လို့ မျှော်လင့်ပါတယ်ဗျာ"

ဒီစကားကိုတော့ မှတ်ချက်မပေးလျှင် ပိုကောင်းမည်ဟု စဉ်းစားမိသည့်အတွက် အင်း–ဟင်း ဟူသော အာလုပ်သံကိုသာ ဗလုံးဗထွေး ပြုလိုက်သည်။ သူက ဆက်ပြောသည်။

"ခုနောက်ပိုင်း ဖောက်စ်နဲ့ မိတ်ဆွေများက လူတွေ ဘာတွေဖြစ်နေမှန်း မသိပါဘူး၊ သူတို့ဟာ အဖွဲ့သားတွေပဲ၊ ခုတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် သူတို့ ဘယ်အဖွဲ့မှာ ပါနေလဲ ဆိုတာ စပ်စုရမလို ဖြစ်နေပြီ"

ဘာတွေဖြစ်နေမှန်း သေချာ မသိသဖြင့် အင်း–ဟင်းသာ လုပ်ရပြန်သည်။

"ဒါပေမဲ့ တကယ်တမ်း စိတ်ပျက်စရာကတော့ မစ်ချ် မက်ကွန်းနဲလ်ရဲ့ ခယ်မကို ဖမ်းဖို့အရေး အက်ဖ်ဘီအိုင်က အထူးအဖွဲ့ စေလွှတ်တဲ့ ကိစ္စပဲဗျ"

ဇေကရီ အန်ဂျယ်လီကာ ချောင် ဆိုသည်က ဆီးနိတ်တွင် နေရာအများစု နိုင်ထားသော ပါတီ၏ ခေါင်းဆောင် ဆီနိတ်တာ မစ်ချ် မက်ကွန်းနဲလ်၏ ဇနီး၏ ညီမ ဖြစ်ပြီး သူတို့ မိသားစုပိုင် ရှန်ဟိုင်း ရေကြောင်း ကုန်သွယ်မှု ကုမ္ပဏီ၏ ပိုင်ရှင်တစ်ဦးလည်း ဖြစ်ပေသည်။ အဆိုပါ ကုမ္ပဏီသည် တောင်တရုတ်ပင်လယ်တွင်း ကျွန်းတု တည်ဆောက်ရေး လုပ်ငန်းအတွက် ပြည်မကြီးမှ မြေကြီးများကို သယ်ယူပို့ဆောင်သည့် အလုပ်ကို အဓိက လုပ်သည်။ ထိုကိစ္စကြောင့်ပင် ဇေကရီသည် အမှုရင်ဆိုင်ဖို့ အကြောင်းဖန်လာခဲ့သည်။

"ကျုပ် ဆိုလိုတာကဗျာ–လိုအပ်လို့လား–ဇေကရီက ဟိုစောက်ပု အယ်ချာပို (မက္ကစီကန် မူးယစ်ရာဇဝ) လား၊ ဆီးနိတ်မှာ နေရာအများစု အနိုင်ရပါတီ ခေါင်းဆောင်ရဲ့ ခယ်မက သူတို့ကို စက်သေနတ်နဲ့ ဆီးဆော်မယ်များ မှတ်နေ

mgyoe.com

mgyobe.com

တာလား မသိ၊ ဟိုက အေးအေးဆေးဆေးပဲ အဖမ်းခံတာပါ၊ ဒါနဲ့ ဘားက ဘာ စောက်ချိုး ချိုးတာလဲ၊ သူ ဘာဖြစ်လို့ ဒီကိစ္စကို ခွင့်ပြုမိန့် လက်မှတ်ထိုးပေး လိုက်ရတာလဲ"

သတိထား ဟတ်ဘ်၊ သတိကြီးကြီးထားဟု ကိုယ့်ကိုယ်ကိုယ် နာနာ သတိပေး နေရပြီ။ ဒီနေရာမှာ ရေခဲထုသည် ပါးလွှာလှ၏။ အချိန်မရွေး ခြေကျွံကျ သွားနိုင်သည်။ သူ့ဘာသာသူ သမ္မတနှင့် မည်မျှ ရင်းနှီးသည်ဖြစ်စေ ထိုကိစ္စ နောက်ကွယ်မှ အဖြစ်သနစ်ကို ကျွန်ုပ် မစ္စတာကိုလွန်နတီကို ဖောက်သည်ချ၍ မဖြစ်။ မည်သည့်နည်းနှင့်မျှ မပြောနိုင်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် မစ္စတာ ကိုလွန်နတီကို ပြန်ပြောရန်ကား ရှေ့နေချုပ် ဘား အနေဖြင့် ဆီနိတ် အများစု ခေါင်းဆောင်၏ အခြား ခယ်မများ အနေနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ဖောက်ဖျက်ခြင်း မပြုဝံ့ စိမ့်သောငှာ အက်ဖ်ဘီအိုင် အထူးတပ်ဖွဲ့ဝင် နှစ်ဒါဇင်၊ ဟယ်လီကော်ပတာ တစ်စင်း နှင့် သံချပ်ကာ အမိကရုဏ်း နှိမ်နင်းရေး ကားနှစ်စီး တို့နှင့်အတူ ဖမ်းဆီးမိန့် ခွင့်ပြုခဲ့ခြင်းဖြစ်မည်ဟုပင်။ သို့သော် မစ္စတာကိုလွန်နတီ၏စကားလုံးတံတိုင်းက မြင့်မားလှဘိတောင်း။ ထိုးဖောက်ခြင်းငှာ အလျှင်း မစွမ်းသာပါချေ။ သူကသာ အမျှင်မပြတ်တမ်း ပြောနေ၏။

"သူ အဲဒီလို ဘာလို့လုပ်သလဲ ဆိုတာ ကျုပ်ပြောပြမယ်၊ ဘားဟာ ရာဇဝင်တွင်မယ့် တရားစီရင်ချက်ဆိုတဲ့ ဒီချီးထုပ်ကြီးကို ဂူဟန်ကိုရိုနာဗိုင်းရပ်စ် ပျံ့သလို ပျံ့စေချင်နေတာ၊ အားလုံးက အိုး——ဂျော့ဝဲလ် (ဝါရှင်တန်ပို့စ် နိုင်ငံရေး ပင်တိုင် ဆောင်းပါးရှင်) က ဒီကိစ္စဟာ နောင်နှစ်ပေါင်း တစ်ရာကျရင် သမင်လည်ပြန် လှည့်ကြည့်ရမယ့် အဖြစ်ဆိုးတစ်ခုလို့ ပြောနေပြီ ဆိုတာမျိုး ဖြစ်စေချင်နေတာ။ နွေဦးစစ်သားနဲ့ နေသာမျိုးချစ် (သောမတ်စ်ပိန်း၏ သာယာစီးသမားများ၊ အခွင့်အရေး သမားများကို နှိပ်ကွပ် ချေချွတ်သည့် ဂန္ထဝင်စကား) တွေကို မြင်ရတာ ရွံသဗျာ၊ ကျုပ် အန်ချင်တယ် သိလား"

ကြည့်စမ်း၊ ကျွန်ုပ်အပေါ် မစ္စတာကိုလွန်နတီ၏ ယုံကြည်မှုသည် မြန်ဆန် လွန်းသဖြင့် မြောက်ချင်ချင် ဖြစ်လာမိသည်။ ဖုန်းပြောပြီး ငါးမိနစ်သာ ရှိသေးသူ ကျွန်ုပ်ကို သူ၏ အစာခြေစနစ်အကြောင်း ဖွင့်ဟနေခဲ့ချေပြီ။ ကေရီချောင်ကို ဖမ်းဆီးရခြင်း၏ ကျောထောက်နောက်ခံ အကြောင်းတရားကို သူ့အား မျှဝေချင်

mgyoe.com
SAMPLE BOOK


စိတ်ပင်ဖြစ်ပေါ်လာခဲ့သည်။ သို့သော် သမ္မတကြီးက ရှေ့နေချုပ် ဘားအား *ဒီမသာမကို နာနာချ* ဟု ညွှန်ကြားခဲ့ခြင်း၏ အဓိကအကြောင်းမှာ ဆီးနိတ်တွင် သမ္မတကို စွပ်စွဲပြစ်တင်မှု ပြုလုပ်နိုင်စေရန် ဆီနိတ်တာ မက်ကွန်းနဲလ်က ခွင့်ပြုခဲ့သည့်အတွက်ဆိုခြင်းကို ကျွန်ုပ် မဖော်ထုတ်နိုင်ပါပေ။

"ဟုတ်ကဲ့၊ ကျွန်တော် ဒီကိစ္စ သမ္မတကြီးကို တင်ပြလိုက်ပါ့မယ် ခင်ဗျ" ဟု ကျွန်ုပ်ပြောပြီးသည်နှင့် တစ်မုဟုတ်ချင်း နွေးထွေးလှသည့် မစ္စတာကိုလွန်နတီ၏ စကားတို့သည် ရေခဲမှတ်အောက် ဂဏန်းနှစ်လုံးခန့် ကျဆင်းသွားတော့သည်။ သူသည် အတော်ကြာအောင် တိတ်ဆိတ်နေပြီးမှ–

"အွန်း-အွန်း၊ ဟုတ်ပြီ ဟတ်ဘ်" ဟု တိုပြတ်ပြတ်ပြောကာ ဂွပ်ခနဲ ဖုန်းချ၍ သွားလေတော့သည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝေဖန် သုံးသပ်မိသည်။ *ကောင်းတယ် ဟတ်ဘ်၊ ကောင်းရောပဲ၊ ပထမဆုံးနေ့ နေ့လယ်မတိုင်ခင်ပဲ မင်း မစ္စတာထရမ့်ရဲ့ မီဒီယာ ချန်ပီယံချုပ်ကို စိတ်ကွက်အောင် လုပ်ခဲ့ပြီးပြီပဲ။*

ကျွန်ုပ် သတိကြီးကြီးထား၍ ဆင်ခြင်ရလိမ့်မည်။ မစ္စတာထရမ့်၏ အတွင်းစည်းထဲမှ ရောမ ဖင်ခေါင်းစတားများနှင့် ဆက်ဆံရသောအခါ မြောက်ပင့်ဖားယား တက်ကြွနေရမည်ဟု မပြောချင်ပါ။ သို့သော် လုပ်ငန်းသဘောအရ မရှောင်လွှဲနိုင်၊ ယဉ်ကျေးပျူငှာ ချိုတေးသံသာ ဟိုတယ် ဘိဇနက်တွင် နှစ်အစိတ်ကျင်လည်ခဲ့ခြင်းက ကောင်းမွန်သော လေ့ကျင့်မှု ဖြစ်စေပေမည်။

မွန်းတည့်ပြီးမကြာမီ ကျွန်ုပ်တို့၏ ပြန်ကြားရေး ဒါရိုက်တာ ဂရီတာ ဖစ်ဗာဆန် ကျွန်ုပ်၏ ရုံးခန်းထဲသို့ ပေါက်ချလာခဲ့သည်။ ဂရီတာသည် လွန်စွာဆွဲဆောင်မှု အားကောင်းသည့် အမျိုးသမီး။ အရပ်ရှည်ရှည်၊ အနက်ရောင် ဆံနွယ်တွေ၊ ဓားသွားလို ထက်ရှသော ပါးရိုးတွေ၊ ခြေတံသွယ်လျလျတွေ၊ ဟိုက်ဟီးလ်တွေနှင့် ရိုတ်စပီးယား ကဇာတ်ခင်းနိုင်လောက်သည့် လသာဆောင်ကြီး ဟု ရှေးမျိုးဆက်တွေ တင်စားခဲ့ကြသည့် အရာကြီးကို ပိုင်သသူတည်း။

သူ့အသွင်သဏ္ဍာန်ကတော့ ပျာယီးပျာယာ အထိတ်ထိတ် အလန့်လန့်၊ ဒါကလည်း ထရမ့်အိမ်ဖြူတော်မှာ တွေ့နေကျ မြင်နေကျအရာသာ။ အမြင့်ဆုံးစွမ်းဆောင်မှုကိုပြလျှင်ပြ၊ သို့တည်းမဟုတ် တွစ်တာမှ တစ်ဆင့် အလုပ်ဖြုတ်တာကိုခံ ဆိုသည့် နေရာမျိုးကိုး။

mgyoe.com

m gyoe.com  SAMPLE BOOK 

"ဟတ်ဘ်"

သူ ကျွန်ုပ်ကို သုံးစက္ကန့် ပြုံးပြခြင်းအားဖြင့် အခွင့်အရေး ပေးကာ ဆက်ပြော၏။

"ကြိုဆိုပါတယ်၊ ခုထိ အလုပ်မပြတ်သေးတာ ကြီးကျယ်ခမ်းနားတဲ့ ကိစ္စပဲနော်၊ ကျွန်မတို့ ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့၊ ဘာကိစ္စများလဲ"

"ဆီးမတ် ကိုလွန်နတီက ရှင့်ကို ဘာကြောင့် မုန်းနေတာလဲ"

ဒိန်းခနဲ တုန်လှုပ်။

"ဟင်... ဘာဖြစ်လို့လဲ မပြောတတ်ဘူးလေ"

"သူ့ရေဒီယိုရှိုးမှာ သူ ရှင့်ကို ညှော်ကြိုကောင်လေးလို့ ခေါ်နေတယ် ခုပဲ"

"အဲ... ကျွန်တော်တို့ ခုပဲ စကားပြောနေကြတာ၊ သူ ကျွန်တော့်ဆီ ဖုန်းခေါ်တယ်လေ၊ ရာထူးအတွက် ဂုဏ်ပြုစကား ပြောဖို့တဲ့"

"အာဟာ... ပြီးတော့ရော"

"သူ့ကို လူတွေက တကယ့် အိမ်ဖြူတော် အရာရှိချုပ်လို့ ခေါ်နေကြတာ ကို စိတ်ထဲ မထားဖို့ ပြောတယ်"

"ဩော် ဒါပဲလား"

"မဟုတ်ဘူး၊ သူ ထင်မထားတာ ကြားလို့ နည်းနည်း အံ့အားသင့်တယ် ထင်တယ်၊ ဆီနိတ်တာ မက်ကွန်းနဲလ်ရဲ့ ခယ်မ အဖမ်းခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ပိုပိုကဲကဲ လုပ်ကြတဲ့အကြောင်း ပြောရင်းပေါ့"

ဆီနိတ်တာ မက်ကွန်းနဲလ်၏ ခယ်မကို မက္ကစီကန် မူးယစ်ရာဇာလို အကြမ်းပတမ်း ဖမ်းဆီးခဲ့ခြင်း၏ အဓိက အကြောင်းရင်းကို သမ္မတက ဂရီတာ့ ကို သိခွင့်ပေးထားသလား ဆိုတာကို ကျွန်ုပ် မသိ။

"ဖောက်စ်နဲ့ မိတ်ဆွေများကို သူ အပြစ်ဆိုသွားသေးတယ်"

"စစ်ပြန်တွေရဲ့ ရွေးကောက်ပွဲ အကြိုစစ်တမ်း ကိစ္စလား"

"ဟုတ်တယ်"

ဂရီတာက တရှုံ့ရှုံ့လုပ်ပြီး–

mgyoe.com

mgyoe.com
SAMPLE BOOK


"အိုကေ... ဒါဖြင့် ဆီးမတ်စ်က ရှင့်ကို ဘာလို့ အုပ်နေတာလဲ၊ ရှင် သူ့လက်စွပ်ကို နမ်းပြီးပြီ (သစ္စာတော်ခံပြီးပြီ) လို့ ကျွန်မ မျှော်လင့်ပါတယ်"

ယဉ်ကျေးပျူငှာ ဝန်ဆောင်မှုလုပ်ငန်းမှာ နှစ်ပေါင်းအစိတ်ကြာ ဆောင်ရွက်ခဲ့မှုက သူတစ်ထူး၏ စိတ်ဘဝင် နှလုံးကို ရွှင်ပြုံးစေချင်သည့် ဆန္ဒကို ရိုက်သွင်းခဲ့သော်လည်း ကျွန်ုပ်က ဗီလိန် ယူရိုယာ ဟိပ် (ချားလ်ဒစ်ကင်း ဝတ္ထုထဲမှ ဗီလိန်) မဟုတ်သေး။

"သူ့လက်စွပ်ကို နမ်းတယ် ဆိုတာ ယဉ်ယဉ်ကျေးကျေး ပြန်ပြောခဲ့လားလို့ ခင်ဗျား မေးတာ ဆိုရင် ဟုတ်တယ်လို့ ဖြေရမှာပဲ ဂရီတာ၊ ဒါပေမဲ့ မစ္စတာကိုလွန်နတီက ကျုပ်လက်စွပ်ကို နမ်းဖို့ ဖုန်းခေါ်တာဗျ၊ ကျုပ်က လက်စွပ် မစွပ်ထားဘူးလေ"

ဂရီတာက သူ့ ရှိတ်စပီးယား လသာဆောင်ကြီးပေါ် လက်နှစ်ဖက်တင်လိုက်ပြီး ခပ်မြုံးမြုံး နှာတစ်ချက် မှုတ်လိုက်သည်။

"အဲဒါ ကျွန်မ အမှားပါရှင်၊ ကျွန်မ ရှင့်ကို ကြိုပြောထားသင့်တာ၊ အရာရှိချုပ်အသစ်တွေရဲ့ ပထမဆုံးနေ့မှာ ဆီးမတ်စ်က အမြဲတမ်း ဖုန်းခေါ်တတ်တယ်ရှင့်၊ တကယ့်အရာရှိချုပ် အစစ်က ဘယ်သူလဲ ဆိုတာ ပြဖို့လေ၊ မင်းတို့ဟာ အစမ်းခန့်ကာလပဲ ရှိသေးတယ် ဆိုတာကို သိသာအောင် ပြတာပေါ့ရှင့်"

"အိုး... ဒါဆို အစမ်းခန့်ကာလ လွန်မြောက်အောင် ဘယ်လို လုပ်ရမတဲ့လဲ"

"သူ့ကို ကျွေးမွေးပြုစုပေါ့"

"အင်း... သမ္မတက သူ့ကို ကျွေးမွေးပြုစုထားတယ်လို့ ထင်တာပဲ၊ ဘာပဲပြောပြော အကြံပေးတဲ့အတွက် ကျေးဇူးပါ"

"ဒီမယ် ဟတ်ဘ်၊ ဘော့စ်က နေမင်းကြီးဟာ ဆီးမတ်စ် ဖင်ခေါင်းထဲက ထွက်ပြီး သူ့ဖင်ခေါင်းထဲပဲ ပြန်ဝင်တယ်လို့ မှတ်ထားတာ၊ နေ့ခင်းကြောင်တောင်ကြီး ပဥ္စမရိပ်သာလမ်းပေါ် တစ်ယောက်ယောက်ကို ဆီးမတ်စ် ပစ်သတ်လိုက်ရင်တောင် သူ့ကို ရဲမဖမ်းခင် လွတ်ငြိမ်းချမ်းသာခွင့်ကို ဘော့စ်က အရင်ပေးမှာ၊ ရှေ့ဆက်အလုပ်လုပ်ဖို့အတွက် ရှင် ဒီစကားကို စိတ်ထဲ မှတ်ထားပေးမှ ရမယ် ဟတ်ဘ်–အိုကေနော်၊ သွားတော့မယ်၊ ရှင် ဒီနေရာရောက်လာလို့ လူတိုင်း ဝမ်းသာကြတယ်၊ ဘော့စ်မှာ နှစ်သိမ့်ပေးမယ့် နယ်မြေတစ်ခု လိုနေတာ၊ ရှင်နဲ့ အံကိုက်ပဲ၊

mgyoe.com

mgyoe.com SAMPLE BOOK

မူလ်ကင်ဆန်ကတော့ တကယ့် ဘေးဆိုးကြီးပဲ၊ သြော်... ဆီးမတ်စ်အတွက် မပူနဲ့၊ ကျွန်မ သူ့ကို ဖြေလျှော့ပေးလိုက်မယ်၊ ဒါပေမဲ့ နောက်တစ်ခါဆို ရှင်ကိုယ်တိုင် သူ့ကို ဖြေလျှော့ ပေးရမှာ”

အိမ်ဖြူတော် ပြန်ကြားရေး တာဝန်ခံ ဂရီတာလို အမျိုးအစားမှာ မီဒီယာတွေကို အာသာဖြေပေးဖို့ စွမ်းရည်လိုအပ်ကြောင်း ကျွန်ုပ် နားလည်ပါသည်။ အင်း – ကျွန်ုပ်ကို ဧည့်ကြိုကောင်ကလေးဟု ဆက်မခေါ်ဖို့ မစ္စတာကိုလွန်နတီ၏ လက်စွပ်ကို စွပ်ရွတ်နမ်းချင်စိတ် ရှိပါ၏။ သို့သော် ဟတ်ဘ်နက်တာမန်းက သူ့ကို စိတ်ဆန္ဒတော့ ဖြေလျှော့ မပေးနိုင်ပါချေ။

ကဲ–ကဲ–ဒေါ်မနသ ပွားနေဖို့ အချိန်မရှိ။ သူ ချီးမုန်တိုင်း အလယ်မှာ ရောက်နေပြီဟု မစ္စတာထရမ့် ကျွန်ုပ်ကို ပြောသည့် စကား မလွန်။ အရပ်မျက်နှာစုံမှ ချီးထုပ်တို့သည် ဝင်လာမစဲ တသဲသဲ။ သမ္မတကို စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အစီရင်ခံစာများ၊ အသစ်ဖွဲ့စည်းထားသော ကာ့ဒ်သူပုန်တို့၏ အမေရိက မရဏာ အကြမ်းဖက် လုပ်ရပ်များ၊ အမေရိကန် တရားရုံးချုပ်တွင် ရှယ် ဗေဒါ ဂင်းစ်ဘတ် အစား ရွှိုင်မိုးကို အစားထိုးရန် တင်သွင်းလွှာ၊ တရားရုံးချုပ်၏ မစ္စတာထရမ့် ၏ အခွန်ငွေဆိုင်ရာ ညွှန်ကြားလွှာများအပြင် သမ္မတ၏ သမက်တော် ဂျိုးရက်ဒ် ကုရှ်နာ ကိစ္စ၊ ငွေကြေး ပြဿနာ တက်နေသည့် မက္ကစီကို ပွာရီတို ဗာရာကွန် ဒီယိုစ် ရှိ မိသားစုကုမ္ပဏီပိုင် ဇိမ်ခံတိုက်ခန်းတွဲကြီးကို ဘရူနိုင်း စူလတန်၏ ချေးငွေယူ၍ ဆက်လက် တည်ဆောက်နေသော ဂျိုးရက်ဒ်။ တစ်ခုပြီးတစ်ခု မပြီးနိုင် မစီးနိုင်ပင်။ *အမေရိကန် နောက်ဆုံး* ဆိုသော ဆောင်ပုဒ်ကို စွဲကိုင်ထားသည့် လစ်ဘရယ် ရေစီးကြောင်း မီဒီယာအတွက်တော့ စားပွဲသောက်ပွဲကြီး တွေ့သကဲ့သို့။

မစ္စတာကိုလွန်နတီ၏ သတ္တိခဲတွဲဖက်၊ ဖောက်စ်၏ သမ္မတခုခံကာကွယ်ရေး သူရဲကောင်းသည် မစ္စတာ ကော့ကီ ဖာ့ထ်မာတင် ဖြစ်၏။ လုံ့ရှည် ကိုယ်မီဖြင့် ရှေ့ဆုံးမှ မားမားမတ်မတ် ကာကွယ်မည့် (အာသာဘုရင်၏ သူရဲကောင်း ဆာဂါလာဟတ်) အမြွာပူးကို ကျွန်ုပ်တို့ ရရှိထားဘိသကဲ့သို့ပင်။ သို့သော်လည်း မစ္စတာဖာ့ထ်မာတင်က မစ္စတာထရမ့် အကြောင်းဆိုးသမျှ အားလုံးသည် ဟီလာရီ ကလင်တန်ကြောင့် ဖြစ်သည် ဟူသော ကြိုးပမ်းချက်မျိုးကို ဇောင်းပေး၏။ ပသို့ဆိုစေ ဖောက်စ်၏ ခြသေ့်မင်းနှစ်ပါး သူတို့ သမ္မတကို ချစ်ခင်မြတ်နိုးစွာ ကျားကုတ်

mgyoe.com


ကျားခဲ ကာကွယ်ကြသည်ကို လက်ခုပ်တီး၍ အားပေးသင့်ပေသည်။ (ဖောက်စ်၏ ခြသေ့်မင်း၊ မြေခွေး၏ ခြသေ့် ဆိုသည့် စကားက မထော်မနှမ်း ဖြစ်ရာရောက်သော်လည်း ဖောက်စ် ကြော်ငြာဌာနက ထိုသို့သာ သုံးစွဲသည်) ထိုသို့သော မျိုးချစ်မီဒီယာများ ဆိုလျှင် မစ္စတာထရမ့်က သူနှင့် အတူ ဂေါက်ကစားဖို့ ဖိတ်ခေါ်တတ်ပြီး ထရမ့် ဟိုတယ်များတွင် သူတို့ စိတ်တိုင်းကျ နေခွင့်ပြုရန် ကျွန်ုပ်ကို မှာကြားထားခဲ့သည်။ သို့သော်လည်း မီဒီယာအများစုကမူ မစ္စတာထရမ့်၏ ထိုသို့သော မိတ်ဖြစ်ဆွေဖြစ် ကိစ္စများကို ရာဇဝတ်မှုဟု ရှုမြင်တတ်ကြပြန်သည်။

အိမ်ဖြူတော်ရှိ တစ်ဒါဇင်မျှသော အရာရှိချုပ်များသည် အဆိုပါကိစ္စများဖြင့် ခေါင်းမဖော်စတမ်း အလုပ်များနေကြသည်။ ကျွန်ုပ် ဆိုလျှင် ညဘက်ပါ အလုပ်လုပ်ရပြီး ချီးထုပ် တစ်ထုပ်နှင့် တစ်ထုပ်ကြား အနားရသော ၁၅ မိနစ်ခန့် အချိန်အတောအတွင်း အမြန်နှိပ်နိုင်ရန် ခေါက်ခုတင်လေး ရုံးခန်းထဲ သွင်းထားရသည်။ သို့သော် အင်မတန် ရင်ခုန်စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံတို့လည်း ရသည်ကား အမှန်။ ကျွန်ုပ်သည် ဤနေရာ ဤစံအိမ်တော်ကြီးတွင် တစ်ဖန်ပြန်လည် ကြီးမြတ်လာမည့် အမေရိကအတွက် ကျွန်ုပ်၏ အခန်းကဏ္ဍကို သမိုင်းမော်ကွန်း ရေးထိုးနေရသည်မှာ ဖာရာဂိုတွင် မိလ္လာပိုက်လိုင်းစနစ် ပိတ်ဆို့ပြီး အီအီးတွေ ပြောင်းပြန်ပြန်စီးချိန်နောက်ပိုင်း ယခုလောက် အပြင်းအထန် အလုပ်လုပ်ရခြင်းမျိုးသည် နတ္ထိ မရှိ။

mgyoe.com SAMPLE BOOK

# သုံး

ခရေစေ့တွင်းကျ ရှင်းပြနေဖို့ မလိုပါလေ။

တစ်ကမ္ဘာလုံး ခေါင်းထောင် နိုးထလာသည့် ထိုနေ့၏ စက်ရုပ်သတင်းမက စက်သေ သတင်းဖြစ်သော ယွတ်ယု (ရုရှား) ဖက်ဒရေးရှင်း သမ္မတဗလာဒီမာပူတင်က အတိုက်အခံ ကွန်မြူနစ်ပါတီ သမ္မတလောင်းကို ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားကြောင်း မသိလျှင် သင်သည် အင်္ဂါဂြိုဟ်၊ သို့မဟုတ် ပလူတိုဂြိုဟ်တွင် နေထိုင်သူသာ ဖြစ်ပေလိမ့်မည်။ ထိုနေ့မနက်က ကော်ဖီခွက်ပေါင်းများစွာသည် မသောက်ရသေးမီ အေးခဲသွားခဲ့လေ၏။

မစ္စတာပူတင်သည် ၂၀၂၄ ခုနှစ်တွင် သမ္မတ ရွေးကောက်ပွဲ ကျင်းပရမည့် လေးနှစ်တစ်ကြိမ် ကျင်းပနေသည့် ရွေးကောက်ပွဲ စနစ်ကို ဖျက်သိမ်းရန် အကြံဆန်းရှိအဆိုပြုခဲ့သည်။ ထိုသို့ ဖျက်သိမ်းလိုက်လျှင် သူ မသေမချင်း သမ္မတ ဖြစ်နိုင်လိမ့်မည်။ ရွေးကောက်ပွဲကြောင့် ဖြစ်လာမည့် ဆူပူသောင်းကျန်းမှုတို့အတွက် ကုန်ကျမည့် ဘတ်ဂျက်များကိုလည်း စုဆောင်းနိုင်မည်ဆိုပဲ။ ထို့ကြောင့် ရွေးကောက်ပွဲကို အချိန်မဆိုင်း ခု ကျင်းပ–ကျင်းပစေ အမိန့်တော်။

ယခင် ယူနိုက်တက် ရုရှ ပါတီကို အမည်ပြောင်းထားသည့် ထာဝရပူတင်ပါတီသမ္မတလောင်း မစ္စတာပူတင်သည် အခြားသမ္မတလောင်းများကို အပြတ်အသတ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြတ်ကျော် ရေပန်းစားလျက် ရှိသည်။ ဗလာဒီမာ ဇီရီနော့ဗ်စကီး၏ 'ရုရှသည် ရုရှလူမျိုးသားအတွက်သာ ပါတီ' သည် ပွိုင့်နှစ်ဆယ်ခန့် ပြတ်ကျန်ခဲ့သည်။ အနာတိုလီဇစ်ခင်၏ ကွန်မြူနစ်ပါတီက ပွိုင့် ငါးဆယ် ပြတ်ကျန်၏။ ထို ဇစ်ခင် နိုင်လိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ခဲ့။ ၂၀၁၆ အမေရိကန် ရွေးကောက်ပွဲတုန်းက ဟီလာရီကလင်တန် နိုင်ရန် အခွင့်အရေး ၉၇% ရှိသည်ဟု မှန်းဆခဲ့သည့် နယူးယောက်တိုင်းမ်စ်မှ စောက်ရူးများပင် မမျှော်လင့်ခဲ့ကြ။

ထို့နောက်မှာတော့ ချိုင်ကော့ဗ်စကီး၏ ၁၈၁၂ ခုနှစ် တေးသွား 'ဘာဘွန်းထဲမှ ဒရမ်ပေါင်းများစွာ' ကို မိုးမြေ သိမ့်သိမ့်တုန်အောင် တစ်ပြိုင်နက်တီးလိုက်သကဲ့သို့သော ဖြစ်ရပ်သည် ဖြစ်ပေါ်လာခဲ့၏။ ပူတင်က ဇစ်ခင်၏နောက်မှ ဒုတိယသာ ရသည် ဆိုပဲ။ တစ်ကမ္ဘာလုံး ဘာ... *ဘယ်လို၊ ဘာဖြစ်တယ်၊ မဖြစ်နိုင်ပါဘူး* ဆိုသည့် အသံတွေ ဆူညံသွားခဲ့သည်။

သို့သော် ဇစ်ခင် နှင့် ပူတင် ရာခိုင်နှုန်းအားဖြင့် ၂ ရာခိုင်နှုန်း အောက်သာ ကွာခြားသောကြောင့် ရုရှ ဥပဒေအရ ဒုတိယအကြိမ် ရှုံးထွက် ရွေးကောက်ပွဲကို ထပ်မံ ကျင်းပရမည် ဖြစ်၏။

မစ္စတာထရမ့်သည် မစ္စတာပူတင်ကို အလွန်အင်မတန် လေးစားအားကျသူ ဖြစ်သည် ဆိုသည့် အချက်မှာ ယခုအခါ လျှို့ဝှက်ချက် မဟုတ်တော့။ သို့သော်လည်း ထရမ့်မုန်းသူတွေ ယုတ်ယုတ်မာမာ စွပ်စွဲနေသလို ပူတင်က ထရမ့်သမ္မတဖြစ်အောင် လုပ်ပေးခဲ့သည့်အတွက် ထရမ့်က ပူတင်ကို ကျေးဇူးဆပ်ရမည်ဆိုသည့်အချက်ကတော့ လုံးဝ လုံးဝ ဟုတ်မှန်ခြင်း မရှိကြောင်း ကျွန်ုပ် အလေးအနက်ဖော်ပြလိုသည်။

၂၀၁၆ အမေရိကန် ရွေးကောက်ပွဲတွင် မစ္စတာထရမ့် အကျိုးအတွက် ရုရှတွေ ကုလားဖန်ထိုးခဲ့ကြသည် ဆိုသည့် စွဲချက် ရှိသည်မှာ မှန်၏။ တိတိကျကျဆိုရသော် အမေရိကန်ပြည်ထောင်စု၏ ၁၇ ခုသော ထောက်လှမ်းရေး အဖွဲ့အစည်းအားလုံးက ထရမ့်၏ အောင်ပွဲအပေါ် သံသယ ရှိခဲ့ကြသည်။ သူ့အောင်ပွဲကို တရားမဝင်ဖြစ်အောင် ဆောင်ရွက်ဖို့ နိုင်ငံတော် လက်မည်းကြီးများက ဆုံးဖြတ်ထားသည် ဟူ၍ပေါ့။ သို့သော် သူတို့အတွက် ဘာသဲလွန်စ၊ ဘာအငွေ့အသက်မျှမရှိ။ ထရမ့်ဟု ဆီရီလစ် ရုရှဘာသာဖြင့် ရေးထားသည့် မဲပြားတစ်ခုတောင်မီရှီဂန်မှာ ရှာမတွေ့။

mgyoe.com

m gyoe.com SAMPLE BOOK


ဘာသက်သေမျှ ပြစရာမရှိဘဲ ရုရှ စစ်ထောက်လှမ်းရေးကြောင့် သမ္မတ ဖြစ်ခဲ့သည် ဆိုသည့် ထရိုးလ် (Troll) များ၊ ဘော့ထ် (Bot) များကြောင့် မစ္စတာ ထရမ့် ယမ်းပုံမီးကျ ဖြစ်ရသည်မှာ ကောင်းစွာ နားလည် သဘောပေါက်နိုင်ပါပေ သည်။ နည်းပညာ ရှုထောင့်မှ ကြည့်လျှင် ဟီလာရီ ကလင်တန်သည် မဲသုံးသန်း ကျော် ပိုရခဲ့သည် ဆိုခြင်းမှာ မှန်၏။ သို့သော် အများစုသော ထိုမဲများသည် မက္ကစီကန် မူးယစ်ဂိုဏ်းများနှင့် ဂျော့ချ်ဆိုးရော့ လက်ပါးစေများ လက်ချက်ဟု မစ္စတာထရမ့် က ဆိုခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ သမ္မတ ဆိုသည်မှာ တကယ့်ပြည်သူတွေက ရွေးချယ်ရခြင်း မဟုတ်ဘဲ အီလက်တိုရီယယ် ကောလိပ်က ရွေးချယ်ခြင်း ဖြစ်သည် မဟုတ်လား။ (အီလက်တိုရီယယ် ကောလိပ် စတင်ဖြစ်ပေါ်လာပုံမှာ ရှင်းရှင်းလင်းလင်း မရှိလှချေ။ သို့သော် သုတေသီများ၏ အဆိုအရ အီလက်တိုရီယယ် ကောလိပ် သည် လူများသော၊ ပေါ်ပြူလာဖြစ်သော ပြည်နယ်များကို စိတ်အနှောင့်အယှက် ဖြစ်စေရန် အလို့ငှာ ဖွဲ့စည်းခဲ့ခြင်းဟု မှတ်သားရသည်)

မစ္စတာထရမ့်နှင့် မစ္စတာပူတင် ရင်းနှီးသည် ဆိုခြင်းကတော့ သိသာ သော အမှန်တရား ဖြစ်လေသည်။ ကြွံခိုင်သော ကိုယ်ရည်ကိုယ်သွေး ပိုင်ရှင်များ ကို မစ္စတာထရမ့်က အမြဲတစေ လေးစားတတ်သည်။ ထို့ကြောင့်လည်း ကမ္ဘာ့ ခေါင်းဆောင်များအနက် သူ အလေးဂရုပြုသူများမှာ မြောက်ကိုးရီးယား၏ မစ္စတာ ကင်မ်၊ တူရကီ သမ္မတ အတာဂျတ်၊ ဟန်ဂေရီမှ မစ္စတာ ဩြဘာန်၊ ဖိလစ်ပိုင်မှ မစ္စတာဒူတာတေး၊ ဂျာမနီ အဓိပတိသစ် မစ္စတာဂိုရင်းနှင့် လူသစ်ကလေး ဖြစ်သော ဂျပန်ပြည့်ရှင် ဒုတိယမြောက် ဟီရိုဟီတိုတို့ ဖြစ်နေခြင်းပင်။

ထို့ကြောင့်ပင် မစ္စတာပူတင်တစ်ယောက် ကွန်မြူနစ်တစ်ဦးကို ရှုံးနိမ့်ပြီ ဆိုသည့် သတင်းမုန်တိုင်းကြီး တိုက်ခတ်လာသောအခါ မစ္စတာထရမ့်၏ တုံ့ပြန်မှု မှာ ဘယ်လိုမှ ဖြစ်နိုင်စရာအကြောင်း မရှိဘူး ဟူ၍ ဖြစ်တော့သည်။ နေ့စဉ် ပြုနေကျ မနက်ခင်း တင်ပြချက် ကိစ္စကို သူ စက္ကန့်သုံးဆယ်ခန့် စိတ်မဝင်စားနိုင် ဖြစ်သွားခဲ့ သည်။

"ဒီကိစ္စ ဘယ်လို ဖြစ်ရတာလဲ"

ဒီအန်အိုင် မီရီယမ် မားသား ဂျုံးစ် ကို သူ တွန်းအားပေး၍ မေး၏။ (ဒီအန်အိုင် ဆိုသည်မှာ အမျိုးသား လုံခြုံရေး ဒါရိုက်တာ ဖြစ်ပြီး အမေရိကန်၏ ထောက်လှမ်းရေး အေဂျင်စီ ၁၇ ဖွဲ့လုံး၏ အကြီးအကဲ ဖြစ်သည်)

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်ုပ်သည် မိရီယမ်ကို နှစ်သက် လေးစား၏။ (ဘာကြောင့်မှန်းမသိ ဆံပင်ကို နောက်မှာ ရိုးရိုးရှင်းရှင်း စည်းထားသည့် မိန်းမတွေကို ကျွန်ုပ် သဘောကျသည်) သူသည် ဒီအန်အိုင် တစ်ယောက်တွင် ရှိသင့်သည့် အရည်အသွေး ဥပမိ အပြည့်။ သမိုင်းစဉ်တစ်လျှောက် ပထမဆုံး အမျိုးသမီး ဒီအန်အိုင် ဖြစ်သည့် အားလျော်စွာ သူသည် အစမ်းခန့်ကာလတွင်သာ ရှိသေးကြောင်း သူ ကောင်းစွာ သိသည်။ မိရီယမ်သည် အဖြေမရှိသော မေးခွန်းအတွက် –

"ကျွန်မ မသိပါဘူး ဆရာ" ဟု ရိုးသားစွာ ဖြေတတ်သူတည်း။

"ဟက်ကာတွေ လက်ချက်များလား၊ ပူတင်က ဟိုကောင်–နာမည် ဘယ်သူ–သူ့ထက် ပို့ငွေါးဆယ်လောက် သာနေတာကို"

"ဇစ်ခင်ပါ"

ဒီတစ်ခါတော့ ဖြေစရာအဖြေ ရှာတွေ့သွားသည့် မိရီယမ် က အမြန် ဖြေ၏။

"အနာတိုလီ ဇစ်ခင်"

"အေး… ဘာဖြစ်ဖြစ်လေ–မင်းတို့ ဘာသိထားကြတုံး"

"သူ့အကြောင်း ကျွန်မ ယူလာပါတယ် သမ္မတကြီး"

မိရီယမ်က သမ္မတကို စာဖိုင်ထူထူတစ်ခု လှမ်းပေးလိုက်သည်။

"အော့… ဒါတွေဖတ်ဖို့ ငါ့မှာ အချိန်မရှိပါဘူး၊ သူက ဘယ်လိုပုံမျိုးလဲ ဓာတ်ပုံလေး ဘာလေး မရှိဘူးလား"

မိရီယမ်သည် အသေအချာ ပြင်ဆင်လာတတ်သူ ဖြစ်သည်။

မျက်မှန်တပ်ထားသော တုတ်တုတ်ခိုင်ခိုင် အသက် ခြောက်ဆယ်ကျော် ထိပ်ပြောင်၏ ဓာတ်ပုံကို မစ္စတာထရမ့်သည် စိုက်ကြည့်နေ၏။ အဆိုပါ ဓာတ်ပုံကို မြင်မြင်ချင်း တစ်ခုခုလွဲနေသည်ဟု ကျွန်ုပ် ထင်လိုက်မိသည်။ အလို… ဓာတ်ပုံထဲက လူမှာ ပြုံးပြုံးကြီး လုပ်နေသည်ကိုး။ ကျွန်ုပ် မြင်ဖူးသမျှ ကွန်မြူနစ် ဆိုသူများမှာ တစ်စုံတစ်ယောက်က သူတို့အမေကို လတ်တလော မုဒိမ်းကျင့်သွားတာကို သိလိုက်ရသလို၊ သို့တည်းမဟုတ် တစ်ယောက်ယောက်က အရင်းကျမ်းသည် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလွန်းလှသဖြင့် သုံးမျက်နှာထက် ပိုမဖတ်နိုင်ဟု လာပြောတာကို ခံလိုက်ရသလို သူတို့၏ မျက်နှာကြီးများကို အစွမ်းကုန် ထုံထိုင်းမှုန်မှိုင်း တင်းမာနေအောင် လုပ်ထားတတ်ကြသည်။ ပြုံးလိုက်လျှင် ဘူဇွာအတွေး

mgyoe.com

m gyoe.com  SAMPLE BOOK 

အခေါ်တွေ ဝင်လာမှာ စိုးဘိသကဲ့သို့၊ မက္ကစီဇိန်-လီနင် ဝါဒမှ လမ်းလွဲသွားပြီး အရင်းရှင်စိတ် မွေးမြူပြီဟု စွဲချက်တင်ခံရမှာ စိုးရိမ်နေသကဲ့သို့ ပြုံးခြင်းကို အစဉ် ထာဝရ ဝေရာမဏီ လုပ်ထားကြသူများတည်း။

ထို့ကြောင့်ပင် ရုရှ ကွန်မြူနစ်တစ်ယောက်၏ အရည်အချင်းနှင့် တင်းပြည့် ကျပ်ပြည့် ပြည့်စုံလောက်အောင် ရဲဘော်ဇစ်ခင်သည် ကြောက်စရာမကောင်း ဖြစ်နေသည်။ ဇာဘုရင်နှင့် သူ၏ တစ်မိသားစုလုံးကို စီရင်ဖို့ သန်းပေါင်းများစွာ သော လူတွေကို ဆိုက်ဘေးရီးယား ပို့ဖို့၊ ဟစ်တလာနှင့် နယ်မြေမကျူးကျော်ရေး စာချုပ် လက်မှတ်ထိုးဖို့ ဆောင်ရွက်သည့် ပုဂ္ဂိုလ်နေရာတွင် ဘယ်လိုမှ သူ့ကို ကျွန်ုပ် မြင်ကြည့်၍ မရ။ ရင်ပြင်နီရှိ လီနင့် အုတ်ဂူရှေ့မှာ သူ့ နောက်တော်ပါး ရဲဘော်တွေနှင့်အတူ ရပ်ရင်း တင့်ကားတွေ၊ ဒုံးကျည်တွေ၊ ခြေဆောင့်ဆောင့် နင်း၍ ချီတက်နေကြသော စစ်သားတွေကို လက်ပြနေသည့် သူ့ ပုံရိပ်ကိုတော့ မြင်ယောင် ကြည့်၍ ရသည်။ ထိုသို့သောအချိန်မျိုးတွင် အတိတ်ကာလက စစ်ရေးပြများကို လက်ပြရင်း *ဒီ စောက်စစ်ရေးပြကလည်း ဘယ်တော့မှ ပြီးမှာလဲကွာ၊ ဒီမှာ ငါ့ တစ်ကိုယ်လုံး ခဲနေပြီ၊ ဘယ်သူများ ဖော့ဒကာ ယူလာပေးပါ့မလဲ* ဟု စိတ်ထဲ ကျိတ် စဉ်းစားနေသည့် ဆိုဗီယက် ခေါင်းဆောင်ဟောင်းကြီးများနှင့်မတူ တစ်မူထူးခြားစွာ ပြုံးနေဦးမည့် သူတည်း။

မစ္စတာထရမ့်သည် ထိုကိုလူပြုံး၏ ပုံကို မီရီယမ့်ထံ ပြန်ပစ်ပေးလိုက် သည်။

"ဒါအောင်နိုင်သူ မဟုတ်ဘူးကွ၊ အရှုံးသမား-ငရှုံး၊ သူ့အကြောင်းက ဘာတဲ့လဲ၊ စာလုံးရေ နှစ်ဆယ့်ငါးလုံးထက် မပိုစေပဲ ပြော"

"ကိုယ်ရေး အကျဉ်းတကာ့ အကျဉ်းလား ဆရာ"

မီရီယမ်က ပြောလိုက်သည်။

"အိုကေ... စာလုံးရေ ၆၃ လုံးနဲ့ ပြောပါ့မယ်။ စတာလင်လိုပဲ (ဂျော်ဂျီယာ မြို့တော်) တီဘလိစီ ဇာတိ၊ ဒါပေမဲ့ သူကိုယ်တိုင်တော့ စတာလင် ဝါဒီ မဟုတ်၊ ဒါကလည်း ဂူလက် (ဆိုဗီယက် အကျဉ်းစခန်း) မှာ သူ့အဖေနဲ့ ဦးလေး သုံးယောက် သေခဲ့ရလို့ ဖြစ်မယ်"

"ဘာ-ဘာ လက်..."

mgyoe.com

mgyoe.com

SAMPLE BOOK


"ဂူလက် ဆရာ၊ နိုင်ငံရေး အကျဉ်းစခန်းတွေ ဆရာ၊ အလုပ်ကြမ်း လုပ်ရတဲ့ စခန်းတွေ"

"စတာလင် ဆိုတဲ့ကောင်က အဲဒီကို မရောက်ဖူးဘူးလား၊ ရောက်အောင် လုပ်ပေးလိုက်"

မစ္စတာထရမ့်၏ အာရုံသည် ပျံ့လွင့်နေပြီဖြစ်ကြောင်း အာရုံရသဖြင့် မီရီယမ်သည် ဇစ်ခင်၏ ကိုယ်ရေးအကျဉ်းကို ဒရောသောပါး အဆုံးသတ်ရသည်။

"အလုပ်သမား သမဂ္ဂတွေမှာ စည်းရုံးရေးမှူးလုပ်တယ်၊ သူ့ သူဌေးရဲ့ သမီးနဲ့ ညား၊ အရွယ်ရောက်ပြီး ကလေး နှစ်ယောက်ရှိ၊ ခုတစ်ကြိမ်ပါနဲ့ဆို သမ္မတ ဝင်ပြိုင်တာ သုံးကြိမ်မြောက်၊ သူ့မိန်းမရဲ့ ဆန္ဒကို လွန်ဆန်ပြီး ဝင်ပြိုင်တာ ဆိုတာ သိသာ၊ သူ့မိန်းမက သူ့ကို ရဲဘော် ဒန်ကွီဇုတ် လို့ ခေါ်တတ်"

"ရဲဘော် ဘာ ဖြစ်တယ်"

"ဒန်ကွီဇုတ်ပါ၊ စပိန် သူရဲကောင်းလေ၊ လာမန်ချာက လူလေ"

"ယဲ-ယဲ- ဆိုတော့ သူ့ဟာက ဘာတဲ့တုံး"

"ရှင်-ဘယ်က သူ့ဟာလဲ သမ္မတကြီး"

"သူက ဘာဖြစ်လို့ ကွန်မြူနစ် ဖြစ်တာလဲ မေးတာ-ဖွတ်"

"ဩော်… သူက ပူတင် အာဏာရပြီးမှ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ဖြစ်တာပါ၊ သူ့ အဓိက ဆောင်ပုဒ်က————"

မီရီယမ်သည် ပြောမည့် စကားကို စိတ်ထဲမှာ တည်းဖြတ်နေပုံရသည်။

"ပူတင်ဟာ တေက်ပြား ဝါဒကို ကျင့်သုံးပြီး တိုင်းပြည် သယံဇာတ တွေကို ခွတုတ်နေသတဲ့"

" ဆိုတော့ သူခိုးလို့ ပြောတာလား"

"ပူတင်ဟာ တိုင်းပြည်ကို မာဖီးယား ဂိုဏ်းချုပ်က သူ့ အင်ပါယာကို အုပ်ချုပ်သလို အုပ်ချုပ်နေသတဲ့၊ ခေတ်ပျက် သူဌေးတွေကို သစ္စာခံခိုင်းပြီး ဂိုဏ်းခွဲမှူးတွေလို နေရာပေးထားတယ်၊ ကာပိုတွေပေါ့ သမ္မတကြီး"

"ဩော်… ဒီအကောင်ဟာ သူဌေးတွေကို မုန်းတယ်ပေါ့၊ ဒါဖြင့် ဒီ အကောင်ဟာ ဘာနေ ဆန်းဒါးပေါ့"

(ဘာနေဆန်းဒါးသည် ဒီမိုကရက်တစ်ပါတီနှင့် နီးစပ်သည့် တစ်သီး ပုဂ္ဂလ ဆီနိတ်တာ ဖြစ်သည်။ သို့သော် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ကြိုးစားခဲ့ရာ ၂၀၁၆ ကရော၊ ၂၀၂၀ မှာပါ မအောင်မြင်ခဲ့ချေ)

mgyoe.com

mgyoe.com
SAMPLE BOOK


မီရီယမ်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ သူနဲ့ ဆီနိတ်တာ ဆန်းဒါးဟာ တချို့ကိစ္စတွေမှာ သဘောတူညီကြမယ် ထင်ပါတယ်"

"အိုကေ သိပြီ၊ ဒါနဲ့ နင့်လက်အောက်က ထောက်လှမ်းရေး အေဂျင်စီဆိုတာတွေက ဒါကြီး ဖြစ်လာမယ် ဆိုတာကို မသိခဲ့ကြဘူးလား"

"တခြားလူတွေလိုပဲ ကျွန်မတို့လည်း ဒီ ရလဒ်ကို အံ့သြနေခဲ့ရတာပါ ဆရာ"

"ခု ထောက်လှမ်းရေး ဘတ်ဂျက်က ဘယ်လောက်လဲ၊ ထရီလီယံနဲ့ ချီလား"

"၅၄ ဘီလီယံပါ ဆရာ"

"ဒါတောင် ဒီ အရှုံးသမားက ခုလိုဖြစ်အောင် ဘယ်လို လုပ်သွားတာလဲ"

သူ့မှာ အဆင်သင့် သုံးနိုင်မည့် လထ တွေ ရဖို့ စောင့်ရဦးမည်တဲ့၊ ခုက နထ တွေနှင့် အလုပ်လုပ်နေရတာဟု မီရီယမ်က ဆို၏။ သူ့စကားကို သမ္မတသာမက ကျွန်ုပ်လည်း နားမလည်။ (နောက်ပိုင်းမှာ လထ ဆိုသည်မှာ လူသား ထောက်လှမ်းရေး၊ နထ ဆိုသည်မှာ နည်းပညာ ထောက်လှမ်းရေးဟု သိရ၏။ ဆန်းကြယ်ပါဘိ)

သမ္မတကို မနက်ခင်း တင်ပြချက် တက်ပလက်ကို တင်းတင်းဆုပ်ပြီး မီရီယမ် ဘဲဥပုံရုံးခန်းမှ ထွက်ခွာသွားချိန်မတော့ မစ္စတာထရမ့်သည် တယ်လီဖုန်းကို ကောက်ကိုင်ပြီး မစ္စတာပူတင်ထံ လိုင်းချိတ်ပေးရန် အော်ပရေတာကို လှမ်းပြောလိုက်သည်။

"ကျွန်တော် မစ္စတာ ဝုတန်းကို ခေါ်ပေးရမလား ဆရာ"

ဂျူဒ် ဝုတန်းသည် အမျိုးသား လုံခြုံရေးကောင်စီ၏ ဒါရိုက်တာ ဖြစ်သည်။ သမ္မတနှင့် ရုရှခေါင်းဆောင်တို့ စကားပိုင်းတွင် သူ ရှိနေစေခြင်းသည် အမြော်အမြင်ရှိသော လုပ်ရပ်ဟု ကျွန်ုပ် ထင်မိသည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် ဖုန်းပြောတိုင်း မစ္စတာထရမ့်သည် ဇဝနညာဏ် ရွှင်လေ့ ရှိသည်။ ထို့အပြင် ယူကရိန်းခေါင်းဆောင်နှင့် ပြီးပြည့်စုံသော စကားပြောကြေးနန်း ဆက်သွယ်မှုလုပ်စဉ် ဖြစ်ခဲ့သော ဘေးထွက်ဆိုးကျိုးတို့ကို ထည့်သွင်း စဉ်းစားသင့်ပေသည်။

မစ္စတာထရမ့်ထံမှာ ဂရုး ဂရဲ နှင့် အသံကြီးတစ်ခု ထွက်ပေါ်လာသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK


ထိုအသံကိုပင် ဟင့်အင်း ဟု ကျွန်ုပ် မှတ်ယူလိုက်ရပေသည်။ သူ့ကြည့်ရတာ အပြင်းအထန် စိတ်တင်းကျပ်နေပုံ ပေါ်သည်။ ဆော်ဒီခေါင်းဆောင် လက်ဆောင်ပေးထားသော ရတနာ စီခြယ်ထားသည့် စာအိတ်ဖွင့် ဓားမြှောင်ကို ကိုင်ကာ ပူတင်ထံမှ ဖုန်းကို စောင့်ရင်း စားပွဲကို ဒရမ်တုတ်တံဖြင့် ခေါက်သလို ခေါက်နေသည်။ ကျွန်ုပ်ဘက်သို့လည်း စိုးရိမ်သောက ရောက်နေသည့် မျက်နှာကြီးနှင့် လှည့်ကြည့်သေးသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ ငါတို့က တစ်ခုခုလုပ်ထားတယ်လို့ သူ ထင်ရင် ဘယ်လိုလုပ်မလဲ"

"သူက ဘာဖြစ်လို့အဲဒီလိုထင်ရမှာလဲ ဆရာ၊ သူ့အပေါ် ဆရာ အနွေးထွေးဆုံး ဆိုတာ သူသိတာပဲ"

"သူက ရုရှကွ၊ ရုရှဆိုတာ သံသယကြီးတယ်၊ ဂေါက်ကြောင်တွေ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါတို့ တစ်ခုခု လုပ်ထားမိနေရင် ဘယ့်နှယ် လုပ်မလဲ"

"ကျိန်းသေပေါက် မလုပ်ထားပါဘူး ဆရာ၊ ဆရာ့မှာ ဒီကိစ္စတွေအတွက် လုပ်ပိုင်ခွင့်အာဏာ၊ သိပိုင်ခွင့်အာဏာ ရှိနေတာပဲကို"

"ထောက်လှမ်းရေးအကောင်တွေက ငါ့ကို မုန်းတယ်ကွ၊ ဘာဖြစ်လို့လဲ သိလား၊ ငါ့ကို ပူတင်က သမ္မတဖြစ်အောင် လုပ်ပေးတယ်လို့ သူတို့ စွပ်စွဲတော့ ငါက သူတို့အားလုံးကို ချီးခေါင်းတွေ၊ ချီးထုပ်တွေလို့ ခေါ်ခဲ့တယ်လေ၊ ဆိုတော့ ပူတင်က ငါ လုပ်ခိုင်းတယ်လို့ ထင်အောင် နိုင်ငံတော် လက်မည်းကြီးအုပ်စုက မစီစဉ်နိုင်ဘူးလို့ မင်း ထင်လို့လား ဟတ်ဘ်၊

အား... ဗလာဒီမာ၊

ခင်ဗျားလား၊ စောက်ကျိုးနည်း ယေရှုသခင်၊ အဲဒီမှာ ဘာတွေများ ဖြစ်နေတာလဲ၊ ခင်ဗျား အိုကေရဲ့လား မိတ်ဆွေကြီး၊ ဒါ အာဏာသိမ်းတာလား၊ ကျုပ်တို့ ဘာများ ကူညီရမလဲ၊ ပြောသာ ပြောလိုက်၊ ရစေရမယ် ဘာမဆို၊ ကျုပ်တို့ ထောက်လှမ်းရေးက စောက်ထုံတွေကို အဲဒီမှာ ဘာတွေဖြစ်နေတာလဲ ဆိုတာ ကျုပ် မေးထားတယ်၊ ဒါပေမဲ့—— ဘာရယ်—— စောက်ထုံလား——"

ခဏ ငြိမ်သွားသည်။ ကြည့်ရတာ ဘာသာပြန်သူသည် စောက်ထုံ ဆိုသည့် စကားလုံးကို ရုရှ ဘာသာပြန်ဖို့ ရှန်းကန်ကြိုးပမ်း နေရှာပုံ ပေါ်သည်။ ဟော... သူဆက်ပြောပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


"ဒီကောင်တွေအားလုံး စောက်ရူးတွေဗျ၊ ခင်ဗျားက ကျုပ်ကို သမ္မတ ဖြစ်အောင် တင်ပေးတယ်လို့ ပြောတဲ့ ကောင်တွေလေ၊ ဒါနဲ့ ပြောရဦးမယ်၊ အဲဒီလို ဖြစ်အောင် ခင်ဗျား တကယ်လုပ်ခဲ့တာ ဆိုရင် ကျေးဇူးတင်တယ်၊ သိပ်ကျေးဇူး တင်တယ်၊ အင်မတန်ကို ရက်ရောတာပဲ၊ ခုတော့ သူတို့က ကျုပ်ကို ဘာဘာ ဘာမှ မသိဘူးလို့ ပြောနေကြပြန်ပြီ"

(နောက်တစ်ကြိမ် ထပ်ဆိုင်းငံ့သွားပြန်သည်။ ဘာသာပြန်သည့် သူ ဘာဘာ ဘာမှ မသိဘူးနှင့် ဒုတိယံပိ နှာခေါင်း ကျည်ပွေ့ တွေ့နေတာ သေချာပြီ)

"သူတို့ကိုယ်တိုင်လည်း အကြီးအကျယ် အံ့သြရပါတယ်တဲ့။ အာ-ဟာ- သူတို့စောက်ဘတ်ဂျက်ကို ကျုပ် တစ်ဝက်လျှော့ လိုက်တဲ့အချိန်ကျ ကြည့်ကြသေး တာပေ့ါ၊ မအေပေးတွေ လမ်းပေါ်ထွက် ခွက်ဆွဲကြပစေ၊ ဆိုတော့ ခု ဘာဖြစ်တာ လဲ၊ ဘယ်လို ဖြစ်တာလဲ၊ ဒီမအေပေး ဇစ်ပ်ကင် က ခင်ဗျားရဲ့ ရွေးကောက်ပွဲကို ဘယ်လိုများ ခေးပြတိုက်သွားတာလဲ"

(သမ္မတကြီးသည် ဇစ်ခင် ဆိုသည့် နာမည်ကို လုံးဝ မှန်မှန်ကန်ကန် အသံမထွက်တတ်၊ ၁၉၈၀ ခုနှစ်က နယူးယောက်တွင် လူသိများသည့် ဂျာရုန်း ဇစ်ပ်ကင် နှင့် မှားပြောနေခြင်း ဖြစ်သည်)

သူတို့နှစ်ယောက် အတော်ကြာကြာ ပြောနေခဲ့ကြသည်။ ကျွန်ုပ် ပြီးအောင် နားထောင်မနေခဲ့။ တခြားဖုန်းတစ်လုံးမှလည်း နားမထောင်၊ ထို့ကြောင့် သူတို့ စကားတွေကို မှတ်တမ်းတင်ထားသော စာဖိုင်ရမှသာလျှင် သူ့ရွေးကောက်ပွဲကို ခိုးသွားသော သူအပေါ် သဘောထားကြီးပြထားသည့် မစ္စတာပူတင်၏ အခြေအနေ ကို သိတော့သည်။ ကေဂျီဘီ အရာရှိဟောင်းဖြစ်သည့် မစ္စတာပူတင်သည် အလုပ် သဘောအရ လူတကာကို သံသယရှိသူ ဟု သင် ထင်ကောင်း ထင်လိမ့်မည်။ သူက ဖုန်းခေါ်သည့်အတွက် ကျေးဇူးတင်ကြောင်း မစ္စတာထရမ့်ကို ပြောခဲ့ပြီး ဒင်းကို ဖမ်း၊ ဒီကောင့်ကို ထောင်ချဟူသည့် မစ္စတာထရမ့်၏ ထပ်ခါတလဲလဲ အကြံပြုချက် များအတွက် မသိမသာလေး ရွှင်မြူးနေပုံပေါ်သည်။

ဂျုဒ်ကား ထိုကိစ္စကို အသိနောက်ကျလေခြင်းဟု စုတ်တသပ်သပ်။ သူ့ကို ဘာ့ကြောင့် အချိန်နှင့် တစ်ပြေးညီ မခေါ်ရသလဲဟု ကျွန်ုပ်ကို စောဒက တက်နေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာဖြစ်လို့လဲ ဆိုတော့ သမ္မတကြီးက ခင်ဗျားကို ကြည့်မရလို့" ဆိုသည့် အမှန်တရားကို သူ့အား ကျွန်ုပ် မဖွင့်ဟလိုပါချေ။

မစ္စတာထရမ့်နှင့် သူ၏ အမျိုးသား လုံခြုံရေး ကောင်စီ ဒါရိုက်တာများ ကြား ဆက်ဆံရေးသည် ချောမွေ့ပြေပြစ်သည် ဆိုခြင်းထက် များးစွာ လျော့နည်း ကြောင်းသည် လျှို့ဝှက်ချက် မဟုတ်။ သုံးနှစ်ခွဲအတွင်း ကိုးယောက်မြောက် ဒါရိုက်တာဖြစ်သည့် ဂျူဒ်ကိုလည်း မစ္စတာထရမ့်သည် နည်းနည်းမှ ကြည့်၍မရ။ အထူးသဖြင့် ဂျူဒ်သည် မစ္စတာထရမ့်က အာချောင် ကြွား စောက်တင်းသမား ဟု သမုတ်လေ့ရှိသည့် ပညာတတ်မျိုး ဖြစ်နေတာလည်း ပါလိမ့်မည်။

အမျိုးသား လုံခြုံရေးကောင်စီ၏ ဒါရိုက်တာဖြစ်စေဖို့အရေး ပါရဂူဘွဲ့ သည် မရှိမဖြစ် မဟုတ်။ ဟင်နရီ ကစ်ဆင်းဂျား ဘယ်လောက်တော်လဲ ကြည့်ပါ လား ဟု စောဒက တက်ဖွယ် ရှိသော်လည်း မစ္စတာထရမ့်သည် ရစ်ချတ်နစ်ဆင် မဟုတ်။ ဆိုလိုသည်ကတော့ မစ္စတာထရမ့်သည် အမျိုးသားလုံခြုံရေးအကြောင်း ခရေစေ့တွင်းကျ ဖတ်ရှုလေ့လာ၊ ပညာတတ် လူတော်များနှင့် ထောင့်စေ့အောင် ဆွေးနွေး၊ မူဝါဒတွေကို ဖော်ထုတ် ဆိုသည့် သမ္မတမျိုး မဟုတ်။ ထိုကိစ္စမျိုးကို မစ္စတာထရမ့် က နှမ်းဖြူး အီးပေါက် အလုပ်တွေဟု ခေါ်လေ့ရှိသည်။

အကယ်၍သာ ဂျူဒ်က ကျွန်ုပ်တို့ကို စစ်ပွဲတစ်ခု တိုက်စေလိုလျှင်၊ သို့မဟုတ် တစ်ယောက်ယောက်ကို တိုမာဟော့ခ် ဒုံးကျည်စာကျွေးလိုလျှင် သူသည် လေးဆယ့်ငါးမိနစ်စာ ပါဝါပွိုင့်တွေလုပ်ကာ အစည်းအဝေးသို့ ချီတက်လာပြီး အဘယ်ကြောင့် စစ်တိုက်ရမည်၊ တိုမာဟော့ခ် လွှတ်ရမည် ဆိုတာကို ရေပက် မဝင်အောင် ရှင်းပြတတ်ပေသည်။ မစ္စတာထရမ့်ကတော့ ရိုးရိုးပင်၊ ဒါတွေကို လုံးဝစိတ်မရှည်၊ သူ့ကို တင်ပြချက်များသည် တိုရမည်၊ ပြတ်ရမည်၊ ပြောချင်တာ ကို ဒင်ခနဲ မြည်အောင် ရှင်းရမည်၊ ဘာစာအုပ်စာတမ်း စာဖိုင်မှ မလိုချင်၊ စာ တစ်ရွက်ပင် လာမပြနှင့်။ သူ့မျက်လုံးတွေမှာ ဒီစာဖိုင်တွေကို မမြင်နိုင်အောင် ကာထားသော အလွှာရှိနေပုံပင်။ သူ၏ လျှပ်စီးလက်သလို လျင်မြန်လှသော ဦးနှောက်က ဒါတွေ မလို။ အာရုံမစိုက်နိုင်သော ဝေဒနာရနေသည်ဟု လာမပြော နှင့်၊ သို့သော် သူ့ကို မြှောက်ပင့်နေလျှင်တော့ ခြွင်းချက် ဖြစ်သည်။ ကိန်းဝက်စ် (အမေရိကန် ရက်ပ် အဆိုတော်) ၏ မစ္စတာထရမ့်သည် နပိုလီယန် အလား၊ ဘုရားသခင်အလား ဟု တစ်ကိုယ်တော် မာရသွန် ပြောကြားချက်ကိုတော့ တုန့်နှိုင်း မမီသည့် သည်းခံခြင်းမျိုးဖြင့် သည်းခံကာ ပြုံးပြုံးကြီး ကြည့်နေခဲ့သည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကျွန်ုပ်က ဂျူဒ်ကို သဘောကျသည်။ ကျွန်ုပ်က သူ့ကို ကာကွယ်ပေးထားသည်ဟု ယူဆ၍ ဂျူဒ်ကလည်း ကျွန်ုပ်ကို နှစ်သက်သည်၊ သူ့ကိုဆယ်ယောက်မြောက် အမျိုးသားလုံခြုံရေးကောင်စီ ဒါရိုက်တာနှင့် အစားထိုးခြင်း ဟူသော အမြင်သည် မသင့်တော်ဟု ကျွန်ုပ် ထင်မိသည်။

သို့သော်-*ဒီ ပိုးကောင်မျက်လုံးနဲ့ စောက်ရူးကို ဂျောင်းခိုင်းလိုက်တော့*ဟု ကျွန်ုပ်ကို မစ္စတာထရမ့် ပြောသည်မှာ သုံးကြိမ် သုံးခါ ရှိခဲ့လေပြီ။ ကျွန်ုပ် မကြားချင်ယောင်ဆောင်နေခဲ့သည်။ သူကလည်း မကြာခင် မေ့သွားခဲ့သည်။ သူ၏ လျှပ်စီးလို မြန်သော စိတ်အလျဉ်သည် ရှေ့ဆက်သွားနေခဲ့သည်။ မိုးပျံပူဖောင်းတွေ အပြွတ်လိုက်ကြီး လွှတ်တင်ထားသည့် မစ္စတာထရမ့် အနေဖြင့် ကောင်းကင်မှာ ပူဖောင်း ဘယ်နှလုံးရှိသလဲ ဆိုတာကို ရေတွက် မနေနိုင်ပါပေ၊ ဒါ သူ့ကို ဝေဖန် ရှုတ်ချသည့်အနေဖြင့် ပြောခြင်း မဟုတ်။

"ဟတ်ဘ်"

ဂျူဒ်က ကြောက်လန့်တကြား ပြောသည်။

"ဒါ မိုင်းကွင်းကြီး ဖြစ်နိုင်တယ်နော်"

သမ္မတကြီး၏ မစ္စတာပူတင်နှင့်ပြောခဲ့သည့်စကားတွေထဲမှာ မစ္စတာထရမ့်သည် မစ္စတာပူတင်ကို အူလိုက်သည်းလိုက် ထောက်ပံ့ပေးမည့်အကြောင်း ပြောခဲ့ကြောင်း ကျွန်ုပ် သူ့ကို ပြောလိုက်သည်။

"ဇစ်ခင်နဲ့ နောက်လိုက် ကွန်မြူနစ်တွေကို ကရင်မလင် နံရံမှာ တန်းစီရပ်ခိုင်းပြီး ပစ်သတ်လိုက်လို့ သူက ပူတင်ကို ပြောခဲ့တယ်၊ ပူတင်ကလည်း သမ္မတကြီးရဲ့ ထောက်ခံမှုကို လုံးဝ နားလည်သဘောပေါက်ပါတယ်"

ဂျူဒ်သည် ပါရဂူဘွဲ့ရှင်များ၏ သက်ပြင်းချနည်းဖြင့် သက်ပြင်းချလိုက်သည်။ ထိုကိစ္စ ထိုအရေးကို သူတို့ ဘွဲ့များရှင်တွေ ကယ်တင်မှသာ ဖြစ်ချိမ့်မည် ဆိုသည့် သက်ပြင်းချနည်းပေါ့။

"ဒါဟာ ပြဿနာတစ်ခု ဖြစ်နိုင်တယ်လို့ ကျွန်တော် ပြောချင်တယ် ဟတ်ဘ်"

ဂျူဒ်သည် သူ့ပုံစံအတိုင်း နားလည်ရခက်အောင် ပြော၍ နေချေသည်။

ပါရဂူဘွဲ့နှင့် နှီးနွှယ်၍ ဖတ်စရာ ရှုစရာတွေ ဒဏ်ကြောင့် သူ့မျက်မှန်က ထူလှသည်။ ထို့ကြောင့် မျက်မှန်ပေါ်က ကြည့်လျှင် သူ့မျက်လုံးများသည် အကြီးကြီး

m g y o e . c o m

mgyoe.com

SAMPLE BOOK


ဖြစ်နေပြီး ကလေးတီဗွီအစီအစဉ်မှ မီးရထားစက်ခေါင်း သောမတ်စ်၏ မျက်လုံးကြီးတွေလို ဖြစ်နေသည်။ ထိုဥပမိက မစ္စတာထရမ့်ကို စိတ်အနှောင့်အယှက်ဖြစ်စေသည်။ (ထို့ကြောင့် ပိုးကောင်မျက်လုံးနဲ့ အကောင် ဆိုသည့် အမည်နာမကို သူ ရရှာလေသည်)

"ဘယ်လိုပြဿနာမျိုးလဲ ဂျူဒ်"

ကျွန်ုပ် စိတ်မရှည်စွာ မေးလိုက်သည်။ ပါရဂူမြောက် ရှည်လျားထွေပြားမေးခွန်းတွေ နှစ်ဆယ်လောက် အမေးခံဖို့ ကျွန်ုပ် စိတ်မပါ။

"ဆိုက်ဘာစစ်ပွဲလို ပြဿနာမျိုး ဟတ်ဘ်"

အခန်းထဲမှာ တခြားလူတစ်ယောက်မှ မရှိသော်လည်း ဂျူဒ်က အသံလေးတိုး၍ ပြော၏။

"ဆိုက်ဘာကွန်းက ဖလစ်ပါမာဖီ ကျွန်တော့်ကို ဖုန်းဆက်တယ်။ ကျွန်တော် မိဒ်ကို သွားရမယ်၊ ပြန်လာရင် အကြောင်းစုံ ပြောပြမယ်၊ ဒါပေမဲ့"

ပါရဂူ သက်ပြင်းကြီး တစ်ချက်ကို သူ ချသည်။

"ဒါ ဆက်တိုက်အတွဲလိုက် ဆော်ပွဲကြီး ဖြစ်နိုင်တယ်ဗျ"

ဆံပင်တွေ ဘာတွေ ထောင်သွားခြင်း မရှိသော်လည်း လူတစ်ယောက်က ဘယ့်နှယ်လုပ် အတွဲလိုက်ဆော်ပွဲကြီး ကျင်းပနိုင်မလဲ ဆိုတာကို ကျွန်ုပ် စဉ်းစားနေမိသည်။ အင်း... ကြည့်ရတာတော့ ဘေးဆိုးကြီး ကပ်ဆိုးကြီးလို့ ဆိုလိုဟန်တူပေသည်။

ဂျူဒ် စကားကို ကျွန်ုပ် စိတ်ရောက်နေသည့်အတွက် အဲဖို့စ် ဝမ်းပေါ်တွင် ထိုင်ရင်း အိုဟိုင်းအိုးပြည်နယ်၊ တက်စတီကယ်တွင် ကျင်းပမည့် ရောမ ထရမ့် စုဝေးညီလာခံပွဲကြီးအတွက် လုပ်စရာ ကိစ္စများအပေါ်တွင် အာရုံစိုက်ရ ခက်နေလေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဧလေး

"ကဲ... ဒါကတော့ အခအ ပဲ"

သူ့စကား အဆုံးသတ်မှာ ဂျူဒ်က ကျွန်ုပ်ကို ထိုသို့ ပြောလေသည်။ အခအ ဆိုသည်မှာ အခြေအနေ ခြုံငုံသုံးသပ်ချက် အစီရင်ခံစာ ဖြစ်သည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ ယူနီဖောင်း တစ်ခါမှ မဝတ်ရသည့် သူများသည် စစ်ဘက်ဆိုင်ရာ အသုံးအနှုန်းများ၊ စစ်မှုစစ်ဟန်များကို သဘောအတွေ့ဆုံး၊ အချစ်ဆုံး အသုံးဆုံး ဖြစ်ပေသည်။ အခအ အရတော့ ဒီကိစ္စသည် တကယ့် ရောမ ကိစ္စကြီး ဖြစ်သည်။ စစ်တပ်အသုံးအရတော့ အတွဲလိုက်ဆော်ပွဲကြီး စင်စစ်အမှန် ကေန်ဖြစ်တော့သည်။

"ကျွန်တော် သေချာနားလည်ရဲ့လား ဆိုတာ မသေချာဘူးခင်ဗျ"

"ဗိုလ်ချုပ် ဖလစ်ပါမာဖီ အလိုအရ ဒီ ကွန်ပျူတာ ပရိုဂရမ်ဟာ————"

"ပလက်ဖောင်းပါ"

"ထားပါတော့ ဘာဖြစ်ဖြစ်ပါ၊ အဲဒီဟာကြီးက ဘယ်သူ့ခွင့်ပြုချက်မှ မယူဘဲ ရှုရှား ရွေးကောက်ပွဲကို သူ့ဘာသာသူ ဟက် လိုက်တယ် အဲဒီလိုလား"

ကျွန်ုပ်၏ တုံးအ,မှုအတွက် ဂျူဒ် ခမျာ ပါရဂူသက်ပြင်းများကို တွင်တွင် ချရရှာ။

mgyoe.com

mgyoe.com

"ဟတ်ဘ်၊ ကျွန်တော်တို့ဟာ အလိုအလျောက် လက်တုံ့ပြန်နိုင်စွမ်းရှိတဲ့ ပရိုတိုကောလ် တစ်ခုအကြောင်းကို ပြောနေတာ၊ *အထိမခံ လက်တုံ့ပြန် ကိုလူအေး (အလက)* ဆိုတာ အဲဒီလို လုပ်နိုင်အောင် ဖန်တီးထားတဲ့ ပလက်ဖောင်းဗျ၊ သူ့ အလိုလို ထလုပ်နိုင်အောင် စီမံထားတာ၊ အေအိုင် ဉာဏ်ရည်တု ဆိုတာ ဒါပဲလေ"

"ဒါဖြင့် ခင်ဗျား ကိုလူအေးက စိတ်မထင်ရင် ကမ္ဘာကို ဖောက်ခွဲလိုက်တော့ ဘယ့်နှယ်လုပ်မတုံး"

"ဩော်... ဟတ်ဘ်ရယ်"

ဂျူဒ်သည် အင်မတန် ထုံထိုင်း၊ တုံးအ၊ မိုက်မဲသော လူ့အန္ဓ လူ့ဗာလ တစ်ယောက်ကို ရှင်းပြနေဟန်ဖြင့် အိမ်ဖြူတော် အရာရှိချုပ်ဖြစ်သော ကျွန်ုပ်ကို ရှင်းပြလေ၏။

"အလက ဆိုတာ နျူကလီးယား လက်နက်တွေ ပစ်လွှတ်ဖို့ လုပ်ထားတာ မဟုတ်ဘူးဗျ၊ သူ့ စစ်ဆင်ရေးစံတွေက အကန့်အသတ် ရှိတယ်၊ အမေရိကန် ရွေးကောက်ပွဲကို ဝင်စွက်ဖက်တဲ့ နိုင်ငံခြား အနှောင့်အယှက်တွေကို တူညီသော တုံ့ပြန်မှု ပြုလုပ်ဖို့ ဖန်တီးထားတာ"

"ဂျူဒ်ရေ၊ ခင်ဗျား ဘာတွေပြောနေမှန်း ကျွန်တော် မသိပါဘူးဗျ၊ ဒါပေမဲ့ ရှင်းပြတာ ကောင်းပါတယ်။ ခင်ဗျား အလက က ဘာကြောင့် သူ့အလိုလို ထလုပ်နိုင်စွမ်း ရှိရတာလဲ"

"ကောင်းပြီ..."

ယခုအခါ ဂျူဒ်မှာ စကားလုံးကို အသေအချာ ရွေးချယ်ပြောဆိုနေခဲ့ပြီ။ ၂၀၁၆ အမေရိကန် ရွေးကောက်ပွဲတွင် ရုရှ၏ ပါဝင် စွက်ဖက်မှု ဆိုသည့် ကိစ္စနှင့် ပတ်သက်၍ သူနှင့် ကျွန်ုပ် သဘောထား ကွဲပြားမှန်း သူ အသေအချာ သိသည်။

"၂၀၁၆ ရွေးကောက်ပွဲမှာ ရုရှတွေ တကယ်ဝင်ရောက် စွက်ဖက်ခဲ့တယ် ဆိုတာ အမှန်ပဲ လို့ အလက က ဆုံးဖြတ်ချက် ချခဲ့ပုံပဲ"

"ဘယ်သူက ဆုံးဖြတ်ချက် ချခိုင်းလို့လဲ"

"ဒီမှာကြည့် ဟတ်ဘ်၊ ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေး အေဂျင်စီ ၁၇ ခုလုံးက ရုရှ စွက်ဖက်မှုကို အတည်ပြုဖို့ သဘောတူကြတယ်၊ ဆိုတော့ ဒီ ကွန်ပျူတာပရိုဂရမ်ကလည်း သဘောတူတာပေါ့ဗျ၊ ၂၀၁၆ ရွေးကောက်ပွဲ ကိစ္စကို

mgyoe.com

mgyoe.com
SAMPLE BOOK


သမ္မတက လက်တုံ့မပြန်တဲ့အခါ အလက ဟာ သူ ကပ်ပိလိုက်မှ ဖြစ်မယ်လို့ ကောက်ချက် ချလိုက်တယ်"

"ဟင်-ဟင်-ဘာ ကပ်ပိတာတုံး"

"သတ်တာ၊ ချေမှုန်းတာ၊ စစ် သီဝရီအရ ခေါင်းနဲ့ကိုယ် အိုးစားကွဲအောင် လုပ်တာ၊ လက်တုံ့မပြန်နိုင်ရင် ကပ်ပိရတာပဲ"

"ကောင်းပြီ ဂျူဒ်၊ သမ္မတဟာ ခေါင်းနဲ့ ကိုယ် အိုးစားမကွဲတာ သေချာတယ်၊ ပြီးတော့ ဒီဟာကြီးက ဘာကြောင့် ဒီလို ပေါ်လာရသလဲ ဆိုတာ နားကိုမလည်သေးဘူး၊ အမေရိကန် ဆိုက်ဘာဌာနက လူတွေက သူတို့ ကွန်ပျူတာတွေထဲက တစ်ခုဟာ သင်းကွဲပြီး နိုင်ငံခြား အင်အားကြီး နိုင်ငံတစ်ခုကို သူ့သဘောအလျောက် သွားတိုက်ခိုက်နေတာကို သတိမထားမိကြဘူးလား"

"ဘယ် သတိမထားမိဘဲ နေမလဲ၊ ထားမိတာပေါ့ဗျ"

"ဟာ သတိထားမိရင် ဘာဖြစ်လို့ သူတို့ ရပ်တဲ့ခလုတ် မနှိပ်တာတုံး"

"အလိုအလျောက် စနစ်သုံး ပရိုတိုကောလ် ပလက်ဖောင်းတွေမှာ ရပ်တဲ့ခလုတ်မှ မပါဘဲဗျ၊ ရန်သူ ထိုးဖောက်တာကို တားဖို့ ဒိုင်းတွေလို လုပ်ထားတာကို၊ ရန်သူက ပိတ်ပစ်လို့ မရအောင် လုပ်ထားတာကို"

"ဒိုင်းတွေတဲ့လား၊ ကောင်းသားပဲ၊ ဒါဖြင့် မီးပလပ်ဖြုတ်ရင်ကော"

"ဘက်ထရီပါဝါ ရှိတယ်လေ နှစ်ပေါင်းများစွာ ခံတယ်၊ ဒီမယ်——"

ဂျူဒ်က မျက်ခုံးတစ်ဖက် ပင့်ကာ ပြော၏။

"သမ္မတဟာ ပူတင်အပေါ် ပုံမှန်ထက်ပိုတဲ့ နွေးထွေးမှုတွေ ပေးလိုက်တဲ့အတွက် အကျပ်အတည်းကြုံတဲ့ အနေအထားကို ရောက်နေတယ် ဆိုတာကို ဖလစ်ပါက သတိထားမိသတဲ့"

ဂျူဒ် ကိုယ်တိုင်ကတော့ ရုရှခေါင်းဆောင်ကို မည်သည့် နွေးထွေးမှုမျှ ပေးလိုသူမဟုတ်။ မစ္စတာပူတင်က တစ်ယောက်ယောက်ကို လုပ်ကြံလိုက်ပြီ သို့မဟုတ် ယူကရိန်း နယ်မြေတစ်ခုခုကို ကျူးကျော်လိုက်ပြီ ဆိုသည့် သတင်းတွေ တက်လာတိုင်း ဂျူဒ် သည် ကျူပ် မပြောလားဟု ပထမဆုံး ထအော်သူတစ်ဦး ဖြစ်သည်။ မစ္စတာထရမ့် ရှေ့မှာ ထိုသို့ မပြုမူဖို့ ကွန်နိပ် သူ့ကို နာနာပြောထားရသည်။ သူ အဲဒီလိုလုပ်လေ ပိုးကောင်မျက်လုံးနဲ့ အကောင်ကို မစ္စတာထရမ့်က စောက်မြင်ကတ်လေပင်။

mgyoe.com

mgyoe.com SAMPLE BOOK

"အကျပ်အတည်း ကြုံတယ် ဟုတ်လား၊ ဗိုလ်ချုပ်ဖလစ်ပါဟာ သူ ကိုယ်တိုင် ခုံရုံးအတင်ခံရတဲ့ အချိန်ကျမှ အဲဒီစကားလုံး သုံးရမှာ"

ဂျူဒ်က သူ့ ဇီးကွက်မျက်မှန်ကြီးကို ချွတ်၊ နှာခေါင်းကို လက်ဖြင့် ပွတ်နေရင်း–

"ဟတ်ဘ်ရေ–ကျွန်တော်တို့ ယေရှုသခင်ရဲ့ သစ္စာရှိ သာဝကတွေ ဖြစ်ဖို့ လိုပြီဗျ"

"ကျွန်တော်က ဂျူးပဲ–ယေရှုသခင်ရဲ့ သစ္စာရှိ သာဝကမှ မဟုတ်တာ၊ ဒါပေမဲ့ ခရစ်ယာန်အယူဝါဒကို လေးစားသောအားဖြင့် ပြောရမယ် ဆိုရင် ယေရှုသခင် ကယ်ပါ–ဒီကိစ္စ သမ္မတကို ဘယ်လို ပြောကြမလဲ"

"ဟတ်ဘ်–ကျွန်တော်နဲ့ တူတူ လျှောက်စမ်းပါဗျ"

"ဘယ်ကိုလဲ၊ နောက်ကြောင်းပြန် လျှောက်ရမှာလား"

"ခင်ဗျား သိထားအောင်ပဲ ပြောတာပါ"

"နိုင်ငံတော်ကြိုးကိုင် လက်မည်း အဖွဲ့အစည်းဆိုတဲ့ ကိစ္စအပေါ် သမ္မတ ဘယ်လိုသဘောထားသလဲ ဆိုတာ ခင်ဗျားလည်း သိနေတာပဲဗျ၊ ဒီကိစ္စဟာ သူ့သံသယ တွေကို အဆိုးဆုံး ဖြစ်သွားစေနိုင်တယ်၊ နောက်ဆို သူ ထောက်လှမ်းရေး ကိစ္စဆို ဘာကိုမှ ယုံတော့မှာ မဟုတ်ဘူး"

"ဖိုက်–ဖိုက်ပါ ဟတ်ဘ်၊ (ကျွန်တော် ခင်ဗျားအနေအထားကို လုံးဝ နားလည်ပါတယ် ဆိုသည့် စစ်သုံးစကား) အခြေအနေ ကိုပါးပါးနပ်နပ် ကိုင်တွယ်ဖို့ ကျွန်တော်က အကြံပြုတာပါ"

ဂျူဒ်သည် သူ၏ တင်ပြချက်ကို ပါဝါပွိုင့်မသုံးဘဲ ပြောနေသည်ကို ကျွန်ုပ် နားထောင်နေခဲ့သည်။

ပထမ–သူ နှင့် ကျွန်ုပ်ကလွဲလျှင် အမေရိကန် ဆိုင်ဘာဌာနချုပ်မှ လက် တစ်ဆုပ်စာသော လူတချို့သာ ဤ အလက ကိစ္စကို သိကြောင်း၊

ဒုတိယ–အလကသည်ခြေရာခံမရအောင် ဒီဇိုင်းလုပ်ထားသည့်အတွက် ရုရှတို့က အလက ၏ ဇာစ်မြစ်ကို သိနိုင်ဖို့ ဆိုတာ အလွန်အင်မတန် ဖြစ်နိုင်ခြေ နည်းပါးကြောင်း၊

တတိယ–အကယ်၍သာ သမ္မတထရမ့်က အဆိုပါကိစ္စကို သိရှိသွားခဲ့ ပါလျှင် မျောက်မီးခဲကိုင်မိသလို ဖြစ်ပြီး အမေရိကန် ဆိုင်ဘာဌာနတင်မက ပူတင်က

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ကို သမ္မတဖြစ်အောင် လုပ်ပေးသည်ဟု စွပ်စွဲ၍ မျက်မုန်းကျိုးပြီး ဖြစ်သော ထောက်လှမ်းရေး အေဂျင်စီ အားလုံးကို ပိတ်ချမည် ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်ခဲ့လျှင် အမျိုးသား လုံခြုံရေးစည်းပေါက်၍ ဝရုန်းသုန်းကား ဖြစ်ကုန်မည် ဖြစ်ကြောင်း သူက အလေးအနက် ပြောသည်။

နောက်ဆုံးအနေဖြင့်-အကယ်၍သာ ပူတင်က ဒီကိစ္စကို သိသွားခဲ့လျှင် သမ္မတထရမ့်က လုပ်ခိုင်းသည်ဟု ကေန်မုချ စွပ်စွဲရင်း သူသည် (ထိုနေရာတွင် ဂျူဒိသည် စကားကို သေချာသတိထား သုံးစွဲခဲ့သည်) လူသိရှင်ကြား မစ္စတာထရမ့်ကို တန်ပြန် လက်စားချေမည်ဖြစ်ကြောင်း-ထိုသို့ ဆိုလျှင် ကိစ္စပြတ်ပြီ ဖြစ်ကြောင်းနှင့်...

"မစ္စတာထရမ့်ရဲ့ သစ္စာရှိနောက်လိုက်ကောင်းအနေနဲ့ ဘယ်လို ဆိုးကျိုးတွေ ဖြစ်လာမလဲ ဆိုတာ ခင်ဗျား သိမယ် ဆိုတာ သေချာပါတယ် ဟတ်ဘ်"

ဟု နိဂုံးချုပ်ခဲ့သည်။

ဤကား အခအ ၏ လှပသော ဗျူဟာပွတ်အလုံးစုံ ဖြစ်လေသည်။ ကျွန်ုပ် နေထိုင်မကောင်းချင်သလိုလို ဖြစ်လာသည်။

"ဟတ်ဘ်"

"ဘာတုံး"

"ခင်ဗျား အဆင်ပြေရဲ့လား၊ ခင်ဗျားကြည့်ရတာ တစ်မျိုးကြီးပဲ"

"ဟင့်အင်း ဂျူဒိ အဆင်မပြေဘူး၊ ခုပဲ အမေရိကန် ပြည်ထောင်စုဟာ တခြား တိုင်းပြည်တစ်ခုရဲ့ ရွေးကောက်ပွဲကို ပေါ်တင်ကြီး စွက်ဖက်ခဲ့တဲ့အကြောင်း ခင်ဗျား ကျွန်တော့်ကို အသိပေးခဲ့ပြီ၊ မည်ကာမတ္တ တိုင်းပြည် မဟုတ်ဘူးနော်-ရုရှ သမ္မတကို အာဏာသိမ်းတဲ့ ကိစ္စနော်"

ဂျူဒိက သွားဖြီပြ၏။

"မိုက်တယ်နော်-သိမ်မွေ့တယ် မဟုတ်လား-ကျွန်တော်တို့ဆီမှာ ဒီလို စွမ်းပကားမျိုး ရှိတယ် ဆိုတာ ဘယ်သူ သိပ့်မလဲလေ"

"စွမ်းပကား-ဟုတ်လား"

"စိတ်အေးအေးထားပါ ဟတ်ဘ်ရာ"

ကျွန်ုပ် ခြေလှမ်းမမှန်ချင်။ ယိုင်ထိုး ယိုင်ထိုး ဖြစ်လာသည်။

mgyoe.com

mgyoe.com


"ဒီ-ဒီ-ဒီစက်က ဘာဖြစ်လို့ ကွန်မြူနစ်ကို အနိုင်ပေးလိုက်တာလဲ-ဒါလည်း သူ့ရဲ့ စစ်ဆင်ရေး စံထဲက တစ်ခုပဲလား"

"ဒီလိုဗျ...ကိုလူအေးရဲ့ အယ်လ်ဂိုရစ်သမ်ထဲမှာ သမိုင်းစဉ်သမိုင်းကြောင်း ဖြစ်ရပ်ကို ထည့်ထားတယ်၊ အတိတ်ကာလတုန်းက အမေရိကန်ဟာ ရုရှ ကွန်မြူနစ်ကို အနိုင်ယူခဲ့တဲ့အတွက် အနာဂတ်မှာ ထပ်မံအောင်ပွဲဆင်ဖို့ သူ ဒီလို လုပ်ခဲ့ပုံပဲ"

"ဘာဗျ၊ ဂူလက် ဘာလင်တံတိုင်းနဲ့ သံကွန်ချာခေတ် ၇၄ နှစ်ပြည့် ရွှေခေတ်အပြီးမှာလား၊ နေစမ်းပါဦး... ဒီ ကိုလူအေး မှော်သေတ္တာကို ဘယ်သူ လုပ်ခဲ့တာလဲ၊ မစ္စတာထရမ့်ကတော့ အဲဒီလူကို သမ္မတရဲ့ လွတ်မြောက်ခြင်း ဆုတံဆိပ် ချီးမြှင့်မှာ သေချာတယ်"

"ဟတ်ဘ်ရာ၊ ခင်ဗျားက တစ်စိတ်ကို တစ်အိတ် လုပ်နေတာဗျ၊ ဒီမယ်-သူဘယ်လို အလုပ်လုပ်သလဲ ပြောပြမယ်၊ ရှုံးထွက် ပွဲစဉ်မှာ ဗလာဒီမာ ပူတင်က ရုရှသမိုင်းမှာ အကြီးကျယ်ဆုံး သောင်ပြိုကမ်းပြိုနိုင်မှာ၊ ရုရှသမိုင်းတင် မကဘူး၊ ဘယ်သမိုင်းမှာ ဖြစ်ဖြစ် သူပဲ အပြတ်အသတ်နိုင်မှာ၊ ဟို သနားစရာ ခွေးမသား အနာတိုလီဇစ်ခင်ဟာ ပထမအကြိမ်ရွေးကောက်ပွဲမှာ သူ နိုင်ခဲ့တာကို တစ်သက်လုံး နှောင်းတမြည့်မြည့်နဲ့ ကျိန်ဆဲနေမှာ၊ ရဲဘော်ဇစ်ခင်ဟာ သက်တမ်းရှည်လိမ့်မယ်လို့ ကျွန်တော် မမှန်းထားဘူး၊ ဂျီ-အာ-ယူက သူ့ တံခါးလက်ကိုင်မှာ နိုဗီချော့ခ် လတ်လတ်ဆတ်ဆတ်လေး လာသုတ်သွားမှာပဲ" (ဂျီ-အာ-ယူ ဆိုသည်မှာ ရုရှ စစ်ထောက်လှမ်းရေး၏ သွားကျိန်းစရာ အတိုကောက် အခေါ်အဝေါ် ဖြစ်ပြီး နိုဗီချော့ခ် ဆိုသည်ကတော့ ငွေရောင်ပိတ်ကားပေါ် ဆက်လက်ရှုစားရမည့် အရာ ဖြစ်သည်) ဖာရာဂို-ဆာ-မာတွင် ကျင်းပခဲ့သော မစ္စတာနှင့် မစ္စထရမ့် တို့၏ မင်္ဂလာပွဲ နောက်ပိုင်း ကျွန်ုပ်၏ ပခုံးပေါ်တွင် ဤမျှ လေးလံသော ဝန်ထုပ်ဝန်ပိုး ကြီးကို မထမ်းခဲ့စဖူး။

ကျွန်ုပ် သက်ပြင်းကြီးချပြီး ပြောလိုက်သည်။

" ဆိုတော့ ကျွန်တော်တို့ သမ္မတကြီးကို ဒီကိစ္စ မပြောကြဖို့ ခင်ဗျား အဆိုပြုနေတာလား"

"သူ ဒါကို မသိရင် သိတယ်လို့ ငြင်းဆိုနေစရာ မလိုဘူးလေ"

အမယ်လေး... ဒေါ်နယ် ရန်းစ်ဖီးလ် ဆန်လိုက်လေခြင်း (၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ တွင် အီရတ်၌ ဓာတုလက်နက် ရှိ၊ မရှိနှင့် ပတ်သက်၍ ကာကွယ်ရေး ဝန်ကြီး ဒေါ်နယ် ရန်းစ်ဖီးလ်၏ သမိုင်းဝင် သတင်းစာရှင်းလင်းပွဲစကား-

mgyoe.com

mgyoe.com

SAMPLE BOOK


သိရင် သိတယ်၊ မသိရင် မသိဘူး၊ မသိဘဲ သိတယ်၊ သိလျက်သားနဲ့ မသိဟု ပတ်ချာလည်နေသည့် စကား)

"ဒါကို သက်သေပြနိုင်စွမ်း မရှိ၍ ငြင်းဆိုပိုင်ခွင့် လို့ခေါ်တယ် ဟာတ်ဘ်ရဲ့၊ သမ္မတတွေဟာ ဒါကို သေမတတ် လိုချင်ကြတာ"

"ဒါပေမဲ့ သူ့ကိုပြောဖို့ ဆိုတာ ကျွန်တော်တို့ရဲ့ တာဝန် မဟုတ်ဘူးလား"

"ဒါက တာဝန် ဆိုတာကို ခင်ဗျား ဘယ်လို အဓိပ္ပာယ်ဖွင့်သလဲ ဆိုတာ ပေါ် မူတည်တာပေါ့"

"ဂျူဒ်... ဒါ ကလေးကစားစရာ ကိစ္စ မဟုတ်ဘူးလေ"

"နားလည်ပါတယ်၊ ဒါပေမဲ့ သမ္မတကို ကာကွယ်ဖို့ ဆိုတာ ကျွန်တော်တို့ရဲ့ အမြင့်ဆုံး တာဝန်ဝတ္တရား မဟုတ်လား"

အား– ဒါကတော့ ငြင်းဆိုရန် ခက်လှသည်ကော။

"ခင်ဗျား နားလည်ပါတယ်လေ၊ တကယ်လို့သာ ဒီကိစ္စကို သမ္မတသာ သိသွားခဲ့ရင် ဒါဟာ လျှို့ဝှက်ချက်အဖြစ် ဆက်ရှိနေတော့မှာ မဟုတ်ဘူးဗျ"

ဒါကိုလည်း ကျွန်ုပ် သဘောမတူ၍ မရ။

"သူက သိတာနဲ့ ပူတင်ကိုပြောမှာ၊ ပူတင်က အကြီးအကျယ် လက်တုံ့ပြန်မှာ၊ အဲဒီလိုဆို——သမ္မတအပေါ် ပူတင် တစ်ခုခု လုပ်ပေးထားတယ်လို့ ကျွန်တော် မပြောဘူးနော်၊ ဒါပေမဲ့လည်း——"

ဂျူဒ်က ထိုကိစ္စကို စကားမဆက်တော့။

"ခု ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ဖို့ကတော့ *ဒီကိစ္စဟာ နောက်တစ်ကြိမ် စွပ်စွဲ ပြစ်တင်ခံရဖို့ ဦးတည်နေတယ် ဆိုတာ သိရက်နဲ့ ငါ သမ္မတကြီးကို ပြောသင့်သလား* ပေါ့၊ *ဒီတစ်ခါတော့ ဆီးနိတ်က ဦးဆောင်ပြီး လုပ်လိမ့်မယ်၊ စကွစ်ဂလီ ဘီစကစ်လည်း သမ္မတကို ကာကွယ်ပေးဖို့ အင်မတန် ခက်လိမ့်မယ် ဆိုတာ သိရက်နဲ့ ပေါ့*"

ဂျူဒ်သည် သူ့အဆိုကို သပ်ရပ်စွာ အဆုံးသတ်နိုင်သည့်အတွက် ကျေနပ်နှစ်သက် ပီတိဖြာနေပုံ ပေါ်သည်။ ပါရဂူ ဆိုတာ ဒီလိုပဲ ဖြစ်မည်။

"ကဲ ချိဖ် အလှည့်ပဲ ချိဖ်ရေ– ချိဖ်က ဆုံးဖြတ်ရမယ့်လူ"

ချိဖ် တဲ့လား၊ အရင်က သူ ကျွန်ုပ်ကို ချိဖ်ဟု တစ်ခါမျှ မခေါ်ခဲ့ဖူးပါ။ ချိဖ်က ဆုံးဖြတ်ရမယ့်သူ ဆိုတာတော့ ဟုတ်ပေသည်။ ဒီကိစ္စသည် သူ ဆုံးဖြတ်၍

mgyoe.com

mgyoe.com

မရ။ ကျွန်ုပ် ဆုံးဖြတ်မှုဖြစ်မည့် ကိစ္စ။ ဂျူဒ်က ကျွန်ုပ်လက်ထဲ ဖြဟ္မာ့ဦးခေါင်းကြီး ထိုးထည့်လိုက်ပြီ မဟုတ်လား။

ဂျူဒ် ခပ်ပေါ့ပေါ့ပြောလိုက်သော ဒီကိစ္စ ဘယ်သူမှ မသိနိုင်ပါဘူး ဆိုသည့် ခန့်မှန်းချက်သည် ၂၀၁၆ ခုနှစ်က ကျွမ်းကျင်သူဆိုသည့် စောက်ရူးများ ခန့်မှန်းလိုက်သော မစ္စတာထရမ့်က ဟီလာရီ ကလင်တန်ကို နိုင်ဖို့ အခွင့်အလမ်း ၃% ရှိသည် ဆိုခြင်းလောက်ကို တိကျနေကြောင်း စာရှုသူများ သတိထားကောင်း ထားမိမည်တည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# ငါး

ဇစ်ခင်၏ အောင်ပွဲကို မီဒီယာများသည် သဘာဝကျစွာပင် မြိန်ရေရှက်ရေ သုံးဆောင်ခဲ့ကြ၏။ ညီရင်းအစ်ကို ချစ်ခြင်းမေတ္တာ ဟု ထရမ့်နှင့် ပူတင်ကို တောက်လျှောက်သမုတ်ခဲ့ကြသည့် သတင်းသမားတို့သည် ခေါင်းတွေကုတ်ရင်း ပူတင်တစ်ယောက် အမေရိကန်ကို ဘယ်လို လက်တုံ့ပြန်မလဲ ဆိုသည်ကို စောကြောနေကြသည်။

လွန်ခဲ့သည့် သုံးနှစ်ခွဲလုံး မစ္စတာထရမ့်ကို ကာလီဂူလာ၊ နီရိုးဘုရင်၊ ဂျန်ဂျစ်ခန်၊ ဒုတိယမြောက် ဇာ နီကိုလက်စ်၊ ယေရှုဆန့်ကျင်သူ၊ ပေါ်ကီပစ် (ဝါနာဘရားသား ကာတွန်းဇာတ်ကောင် ဝက်) ဟု ချီးမွမ်းထောမနာပြုခဲ့သည့် ဘောရှစ်လုံး အစီအစဉ်မှ ချစ်ပ် ဟိုလာရမ်သည် သူ့အစီအစဉ်ကို *ထရမ့်-ပူတင်မင်္ဂလာပွဲ ပျက်ပြီလော* ဆိုသည့် ခေါင်းစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည်။

တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက် ဇစ်ခင်အောင်ပွဲက ထာဝရထရမ့် ဆန့်ကျင်ရေးဝါဒီ ပြင်ညာယှင် ဆိုသူတွေကိုလည်း နှုတ်ဆွံ့သွားစေခဲ့သည်။ ရှေးထုံးမပယ် မျိုးချစ်ဝါဒီတို့၏ မဟာဋ္ဌာနမှူးဖြစ်သော ဂျော့ဝဲလ်သည် ဂုဏ်မောက်လှသည့် သူ့ထုံးစံအတိုင်း *ဒေါ်နယ်ထရမ့်၏ လူ့လက်မခံ အော့ကြောလန်လုပ်ရပ်များကို နေရာတိုင်းမှာ လမင်းသာသလို တွေ့နိုင်ဦးမည် ဖြစ်သော်လည်း*

mgyoe.com

mgyoe.com  SAMPLE BOOK 

*ပူတင်နှင့် နှစ်ပြားဂဟေဆက်၍ဘဲလေး ဆက်ကနိုင်ဦးမည်လား ဆိုခြင်းကတော့ စောင့်ကြည့်ချင်စရာ* ဟု ရေးသားခဲ့သည်။

ထိုသို့သော မီဒီယာ အရေးအသားတို့ကြောင့် သူက ဆိုက်ဘာ တိုက်ခိုက်မှုကို အမိန့်ပေးခဲ့သည်ဟု ကရင်မလင်က ကောက်ချက် ဆွဲလိုက်မည်ကို မစ္စတာထရမ့်သည် သည်းအူပြတ်မတတ် စိုးရိမ်ကြောင့်ကြနေသည် ဆိုခြင်းကို ပြောနေရန်ပင် မလိုချေ။ မစ္စတာပူတင့်ထံတွင် ချစ်ပ်ပဟိုလာရမ် အစီအစဉ်ကို ကြည့်ရှုခြင်း၊ ဂျော့ဝဲလ်၏ ဆောင်းပါးကို ဖတ်ရှုခြင်းတို့ထက် ပိုအရေးကြီးသည့် အလုပ်တွေ အနမတဂ္ဂ ရှိနေကြောင်း ကျွန်ုပ်က နှစ်သိမ့်ပေးသော်လည်း သနားစရာ သမ္မတကြီးခမျာ ဗိုက်ကို လက်သီးဖြင့် ထိုးခံထားရသလို နေမထိထိုင်မသာ ဖြစ်၍ နေရှာသည်။ သို့ကလိုကြောင့် သူသည် တွစ်တာ တော်နေဒိုး မုန်တိုင်းကြီးကို ဆင်၏။ မစ္စတာပူတင်၏ တုနိုင်းမမီသော ကြံခိုင်မှု စွမ်းပကားကို ချီးမြှောက်၊ ရဲဘော်ဇစ်ခင်ကို အနူလက်နှင့် ရွှေခွက်နိုက်ချင်သော ဝဲစားသူခိုး ဟူ၍ လည်းကောင်း၊ မတန်မရာ မိတ် ယွတ်ယှ ရက်ဒ် အဂိန်း လုပ်ချင်သူဟု လည်းကောင်း ကြမ်းတမ်းရန့်ရင်းသည့် စကားများဖြင့် လူသိရှင်ကြား ရှုတ်ချ။

တွိဒ် တစ်ခုမှာတော့ မစ္စတာဇစ်ခင်ကို ဖမ်းဆီးလိုက်ခြင်းသည် သူ ကျူးလွန်ခဲ့သည့် ပြစ်မှုမဟာနှင့် နှိုင်းစာလျှင် လုံးဝ လုံလောက်ခြင်း မရှိ။ ထို့ကြောင့် မစ္စတာဇစ်ခင်ကို သံကြိုးနှင့် အထပ်ထပ်တုပ်ပြီး ငတ်ပြတ် ဒေါထနေသော ခွေးကြီးများ ပြည့်နေသည့် တွင်းထဲသို့ချ–သေနာကျ–ဘိုင့်ဘိုင် ဟု မစ္စတာထရမ့်က ရေး၏။ အဆိုပါ တွိဒ် မုန်တိုင်းက မစ္စတာထရမ့်၏ အပြစ်ကင်းမှုကို ယုံကြည်စေဖို့ မစ္စတာပူတင့်ကို သွေးဆောင်နိုင်စွမ်း ရှိ၊ မရှိကတော့ ရှင်းလင်းစွာ မသိနိုင်ပါချေ။

ကျွန်ုပ်တို့၏ ပြန်ကြားရေး ဒါရိုက်တာ ဂရီတာ ဖစ်ဗာဆန်ကတော့ အမေရိကန်သည် ရုရှ ရွေးကောက်ပွဲ ဆိုက်ဘာတိုက်ခိုက်မှုမှာ ပါဝင်နေသလော ဆိုသည့် မီဒီယာမေးခွန်းများကို မေးသော သတင်းထောက်များကို လူစုတ်လူညစ်၊ ယုတ်မာပက်စက် ဆန်ကောလောက်မှ ဖောက်မနက်သည့် ဝက်လိုလူစား လူယုတ်များ စသည့် အသုံးအနှုန်းများနှင့် တန်ပြန်တိုက်စစ်ဆင်နေချေသည်။

ဂရီတာ၏ အရည်အချင်းကို လေးစားသော်လည်း တကယ်တမ်း ကတုတ်ကျင်းထဲမှ ထ၊ ဘက်နက်တပ်၍ ရန်သူကို ရွပ်ရွပ်ချွံချွံ တိုက်သူကား ကေတီ

mgyoe.com

mgyoe.com SAMPLE BOOK


ဘောဂျား အိုရယ်လီသာ။ သူ့ကို မေတ္တာရှိသည်ဖြစ်စေ၊ မုန်းတီးသည်ဖြစ်စေ ကေတီသည် ချုံကြားမှ ဘုံဖျားသို့ တွန်းတင်ရာတွင် ထူးချွန်လှသူ ဆိုခြင်းကို ဝန်ခံရပေမည်။ ရင်သပ်ရှုမောဖွယ်ပင်။

ကြောက်စရာကောင်းသည်ဟုမပြောလို၊ကေတီသည်တစ်နည်းတစ်ဖုံ ဆွဲဆောင်မှုရှိသူဟု ပြောရလိမ့်မည်။ သူနှင့် တူတူ အိပ်ပြီးသည့်အခါ သူသည် တကယ်တော့ စက်ရုပ်တစ်ရုပ်၊ သို့တည်းမဟုတ် သင့်အဘွားကို ဘာကြောင့်မုန်း မသိ လာသတ်သော အယ်လ်ဘေးနီးယား ကြေးစားလူသတ်သမ ဟု သင် ထင်သွား စေရမည်။ သမ္မတကြီး တစ်စုံတစ်ခု ပြောပြီး လုပ်ပြီးလေတိုင်း အနီးနားမှ ကင်မရာ မိုက်ခရိုဖုန်းဆီ ခုန်ဝင်ပြီး သမ္မတကြီး လုပ်တာ အလွန်မှန်တယ်၊ အလွန် ဟုတ်တယ် ဟု အူလှိုက်သည်းလှိုက် ပါးစပ်ကြီးနှင့်တစ်လုံး အပြည့်အဖောင်း ထောက်ခံသော အလုပ်မှလွဲ၍ ကေတီ့မှာ တခြားဘာအလုပ်မျှ မရှိချေ။

ကေတီသည် ၂၀၁၆ ခုနှစ် မစ္စတာထရမ့်၏ သမ္မတရွေးကောက်ပွဲ အောင်နိုင်ရေး ကမ်ပိန်းကတည်းက မစ္စတာထရမ့် အနားမှာ ရှိနေခဲ့သူ ဖြစ်သည်။ မစ္စတာထရမ့်၏ ဆီနိတ်တာ ဂျွန်မက်ကိန်း အပေါ် စစ်ပြန်သူရဲကောင်းအတုဟု ခေါ်ဆိုကာ သရော်မော်ကားပြောဆိုခဲ့ခြင်းနှင့် ဝေဖန်သံတွေ ညံသွားစေခဲ့သော *ဟောလီးဝုဒ်သို့ ချဉ်းကပ်ခြင်း* ဗွီဒီယိုဖိုင် တို့နှင့် ပတ်သက်၍ ကေတီသည် မစ္စတာထရမ့်ကို စွမ်းစွမ်းတမံ ကာကွယ်နိုင်ခဲ့သဖြင့် နာမည်ကျော်ကြားလာခဲ့သည်။ (ကျွန်ုပ်ကတော့ ဗီယက်နမ်စစ်မှာ ကျည်သင့်၍ အကျဉ်းသား ဖြစ်ခဲ့ရရှာသော်လည်း မက်ကိန်းသည် စစ်မှန်သော စစ်သူရဲကောင်းတစ်ဦးဟု တွေးမိပေသည်။ ၂၀၀၅ ခုနှစ်က အန်ဘီစီ ယူနီဗာဆယ် က ရိုက်ကူးပြီး မစ္စတာထရမ့်နှင့် ဘီလီဘုရှ်တို့ ပါဝင်သော *ဟောလီးဝုဒ်သို့ ချဉ်းကပ်ခြင်း* ဗွီဒီယိုဖိုင်တွင် မစ္စတာထရမ့်က *ခင်ဗျားဟာ နာမည်ကျော်ကြားတဲ့ ကြယ်တစ်ပွင့် ဆိုရင် ဒီကောင်မတွေကို အချိန် မရွေး ပူစီကနေကိုင်ပြီး ဆွဲခေါ်လာလို့ ရတယ်-ဘာလုပ်လုပ် တင့်တယ်တယ်* ဟုပြောခဲ့သည်။ ကေတီကတော့ မစ္စတာထရမ့်သည် ပူစီကြောင်လေးတွေ အကြောင်းပြောခြင်းဖြစ်သည်ဟုပြောင်မြောက်စွာကာကွယ်ပြောကြားခဲ့သည်။ သူ၏ စွမ်းပကားနှင့် တီထွင်ဉာဏ်စွမ်းက လေးစားစရာပါပေ)

ယခု လေးနှစ်နီးပါး ကြာခဲ့ပြီ ဖြစ်သော်လည်း မစ္စတာထရမ့်အပေါ် ထားရှိသည့် သူ၏ လေးစားမြတ်နိုးမှုများက တစ်စက်ကယ်မှ ယုတ်လျော့သွား

mgyoe.com

mgyoe.com
SAMPLE BOOK


ခြင်း မရှိပါချေ။ ကေတီသည် ခမ်းနားထည်ဝါ ကျက်သရေဖြာစွာဖြင့် ပြည့်ရန်သူ အပေါင်းကို စားစားချင်း၊ လုံလုံချင်း ခွန်းတုံ့ပြန် နှုတ်လှန်ထိုးသည့် တာဝန်ကို ထမ်းဆောင်နေဆဲတည်း။

အိမ်ဖြူတော်သို့ ကျွန်ုပ် ရောက်ရှိပြီး မကြာခင်မှာပင် ကေတီ၏ စွမ်းပကားကို ပထမဆုံးအကြိမ် မြင်တွေ့ခွင့် ရခဲ့သည်။ ထိုအချိန်က မစ္စတာထရမ့်သည် ဂျာမန်အဓိပတိ အိန်ဂျယ်လာ မာကယ်၏ *ရွှေ့ပြောင်း အခြေချသူတိုင်းဟာ ပိုးထိုးလောက်ကိုက်ချည်းတော့ မဟုတ်ပါဘူး* ဆိုသည့် မှတ်ချက်အပေါ် ရွှေစိတ်တော် ညိုနေခဲ့သည်။ ထို့ကြောင့်ပင် သမ္မတထရမ့်က သူမကို စုန်းမအိုကြီးဟု ညွှန်းဆိုခဲ့သည်။ ထိုသို့ ညွှန်းဆိုခြင်းကို တီဗွီကင်မရာ အလုံးငါးဆယ်ကျော် ရှေ့တွင် ပြောခဲ့ပြီး နောက်ပိုင်းမှာ လက်ကိုင်အိတ်ဟောင်းကြီးဟု ပြောခြင်း ဖြစ်ကြောင်း သူက ပြန်လည် ငြင်းဆိုသော်လည်း မည်သူ့ကိုမျှ သူ ကျေနပ်အောင် မလုပ်နိုင်ခဲ့။ မစ္စတာထရမ့် ဆိုလျှင် အမြဲတစေ လျင်မြန်စွာ ဝေဖန်တတ်သည့် မီဒီယာကလည်း ဒေါမာန်အပြည့်ဖြင့် ထောင်းလမောင်းကြေအောင် ဆော်ပလော်တီးမည့်ဆဲဆဲမှာ–

အိမ်ဖြူတော် အနောက်ဆောင်တံခါး ပွင့်လာပြီး အထဲမှ ရေကျွဲအုပ်ကို ပြေးဝင်တိုက်ခိုက်မည့် ခြင်္သေ့ပျိုမကဲ့သို့ ကေတီ ထွက်ပေါ်လာခဲ့ပြီး သူ့အသံ အက်ရှရှဖြင့် ပြောချေပြီ။

"သမ္မတကြီးဟာ မစ္စမာကယ်ကို အလွန်လေးစားတယ်၊ မစ္စမာကယ်ဟာ ကြောက်စရာကောင်းလောက်အောင် နိုင်မာတယ်လို့ သူက ထင်တယ်၊ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက အင်မတန် နွေးထွေးပါတယ်၊ ရှင်တို့ဒီလိုတွေ စွပ်စွဲနေတာဟာ ဘာမှ ကူညီရာ မရောက်ဘူးနော်၊ နေတိုးအဖွဲ့ဟာ ဘယ်လောက် အရေးပါတယ် ဆိုတာ သိတယ် မဟုတ်လား၊ သမ္မတကြီးနဲ့ ဂျာမန်ခေါင်းဆောင်ကြား သပ်လျှိုသွေးခွဲနေလို့ ဘာမှ အရာမရောက်ဘူးနော်၊ သိရဲ့လား၊ ဆောရီးပဲ၊ ရှင်တို့အားလုံး ကိုယ့်ကိုယ်ကိုယ် ရှက်သင့်တယ်၊ အိမ်ပြန်ပြီး လဲသေလိုက်ကြ"

မစ္စတာထရမ့် အတွက်တော့ ကေတီသည် ဂျုန်းအော့ဖ်အာ့ခ် ပါပေ (ဂျုန်းအော့ဖ်အာ့ခ်သည် ပြင်သစ် ဘယ်ဒေသကမှန်း သူ မသိပေမဲ့ပေါ့)။ ကျွန်ုပ်ပင် ကေတီ့ကို ကြည့်ရင်း နှစ်ထောင်းအားရ ဖြစ်မိသေးသည်ကိုး။

မစ္စတာထရမ့် အနေဖြင့် သူ တခြားလူတွေကို နှစ်သက်မြတ်နိုးနိုင်သည့် အတိုင်းအတာအရ ကေတီ့ကို နှစ်သက်မြတ်နိုးပါ၏။ *ငါ့ရဲ့ ရွှေရောင် မွေးပွ*

mgyoe.com

m gyoe.com

SAMPLE BOOK


*ပင့်ကူလေး* ဟု ချစ်စနိုးခေါ်သည်ကိုကြည့်လျှင် သိသာပေသည်။ သူ့နာမည်ပြောင်တွေ ပြောင်မြောက်လေလေ မစ္စတာထရမ့်၏ ကိုးစားယုံကြည်မှုက ပိုများလေဆိုသည်ကို သိထားသော ကေတီကလည်း ထိုသို့ အခေါ် ခံရ၍ မြောက်ကြွကြွ။ လူဝင်မှုကြီးကြပ်ရေးကိစ္စနှင့် ပတ်သက်သည့် သူ့ ထိပ်တန်း အကြံပေး မစ္စတာဖန်းရှ်ဝေါလာကို *ငါ့ရဲ့ ဂျာမန် သိုးထိန်းခွေးကြီး* ဟု သူ ခေါ်လေ့ရှိသည်။ ထိုထက်မြင့်မားသော ချီးမြှောက်မှု မရှိနိုင်ပါပေ။

အဲ... သူ့ခင်ပွန်း ဂျရုန်း ရှိမီ အိုရယ်လီကတော့ ကေတီ၏ အလုပ်ကို ပန်းခင်းလမ်းသဖွယ် ချောမွေ့အောင် ဆောင်ရွက်ပေးသူ မဟုတ်။ ရှိမီက ဝါရှင်တန်ရှိ နာမည်ကြီး ရှေ့နေအစုအဖွဲ့ဖြစ်သော ဘတ်ဂေါ့၊ ဘိန်း၊ ဘိတ်ကလီ၊ ဘလစ်စတာနှင့် ဘောဇ် ၏ အစုစပ် ပါတနာတစ်ယောက် ဖြစ်သည်။ တစ်နာရီ ဒေါ်လာတစ်ထောင်ရသည့် ထိပ်တန်းရှေ့နေအဖြစ် အသက်မွေးရန် ခက်ခဲသောအခါ ရှိမီသည် မစ္စတာထရမ့်ကို စတင် စော်ကား ပုတ်ခတ်တော့သည်။ သူ့စကားတို့သည် တဖြည်းဖြည်းနှင့် ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှုအသွင် ဖြစ်လာပြီး သမ္မတကို ဦးနှောက်ချောင်သူ ဟူ၍ပင် ယိုးစွပ်ဝံ့လာခဲ့သည်။ ဘောဂျား-အိုရယ်လီ အိမ်က ညစာစားပွဲတွင် မည်သို့ အခြေအနေမျိုး ဖြစ်နေမလဲ ဆိုတာကို ကျွန်ုပ်တို့ အိမ်ဖြူတော်မှ နေ၍ တွေးကြည့်တတ်ကြသည်။ ဘောဂျား-အိုရယ်လီ ပေါက်စလေး လေးကောင်က ဆန်ပြုတ်ကိုယ်စီ သောက်နေတုန်း ဘောဂျားမ နှင့် အိုရယ်လီ ထိုးကတော့အင်း။ ဝါရှင်တန်သူ၊ ဝါရှင်တန်သားတို့၏ ထူးခြားသော ဖူးစာဟု ဆိုရမည်ပ။

ကေတီသည် အစပထမမှာတော့ တေးဆိုင့်ကက် လာဘ်ကောင်အဖြစ် ထရမ့် ကမ်ပိန်းမှာ ပါဝင်လာခဲ့သည်။ တကယ်တော့ မစ္စတာထရမ့် အပါအဝင် ကမ်းပိန်းသူ ကမ်းပိန်းသား အားလုံး အနိုင်ရလိမ့်မည်ဟု မည်သူမျှ မျှော်လင့်ထားခြင်း အလျှင်းမရှိ။ ထိုစဉ်အခါက ကေတီ့လင်၊ ထရမ့်၏ ထာဝရ ရန်သူ ရှိမီကလည်း ရွေးကောက်ပွဲကို အထူးတလည် အလေးဂရုပြုခြင်း မရှိ။ ရွေးကောက်ပွဲ နိုင်ဖို့နေနေသာသာ၊ မစ္စတာထရမ့်သည် လူသားဟုပင် အသိအမှတ်ပြုရန် ခပ်ခက်ခက်ဟု ရှိမီက ကြေညာမောင်း ခတ်ထားခဲ့သည်။ ဝါရှင်တန်လေဖြင့် ပြောရသော် *အရေးမပါတဲ့ အကောင် ဖွတ်ကျား နှင့် အလိုလို နိမ့်ပါး* ပေ့ါလေ။

သို့သော် အိပ်မက်တို့သည် အမှန်ဘဝသို့ ရောက်ရှိလာခဲ့ပြီး မစ္စတာထရမ့်တစ်ယောက် အရွေးကောက် ခံခဲ့ရသည်။ *ကျွန်တော့် ချစ်ချစ် ကေတီ*

mgyoe.com

mgyoe.com

SAMPLE BOOK


*တစ်ယောက် ရွှေအိုရောင် မွေးပွ ပင့်ကူမ ဘဝကို အရှင်လတ်လတ် ပြောင်းသွားပြီ* ဗျ ဟု ရိုမီက မီဒီယာတွေကို ဝမ်းနည်းပက်လက် ပြောခဲ့ရပြီ။ ကေတီတစ်ယောက် ဖုတ်ပြိတ္တာ ဝင်ပူး၊ အပမှီ၊ သရဲစီးသွားပြီဟု ရိုမီက ယိုးစွပ်၏။ မစ္စတာထရမ့်၏ ထာဝရ ကာကွယ်သူ ဘဝသို့ ကူးပြောင်းသွားသည်မှာ အမှန်တကယ်ပင် ဖြစ်လေသည်။

ကေတီတစ်ယောက် ထရမ့်ကာကွယ်သူအဖြစ် အစွမ်းပြလေလေ ရိုမီက မခံချိမခံသာ ဖြစ်လေလေ၊ အချိန်နှင့်တစ်ပြေးညီ မစ္စတာထရမ့်ကို နှိပ်ကွပ်ချေချွတ်ရန် တစ်စုံတစ်ရာ လုပ်လေလေနှင့် သံသရာလည်တော့၏။ ဒီလိုနှင့် ရိုမီသည် သမ္မတနှင့် ပဝါ မကူ ရေမရှူကြေး တွစ်တာ ကိုယ်ခံပညာ ပြိုင်ဘက် ဖြစ်လာတော့သည်။ သူသည် မစ္စတာထရမ့်ကို အပြင်းထန်ဆုံး စကားလုံးများ သုံး၍ ပုတ်ခတ်၏။ အမိကကတော့ မစ္စတာထရမ့်၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေနှင့် ပတ်သက်၍ပေ့။ ရန်သူ၏ ရန်သူသည် မိတ်ဆွေ ဆိုသည့် သဘာဝ ဓမ္မအတိုင်း များမကြာမီ အချိန်အတွင်း ဂျူရန်း ရိုမီ အိုရယ်လီမှာ တွစ်တာ သာဝက ရှစ်သိန်းလေးသောင်း နှစ်ထောင် စုဆောင်းမိလာပြီး ပီးပဲမဂ္ဂဇင်းသည် အကျော်ဇေယျစာရင်းဝင် ဖြစ်လာခဲ့တော့သည်။

သနားစရာ ကေတီကို အိမ်မှာ ဘယ်လိုနေသလဲ ဆိုသည့် မေးခွန်းမျိုး ကျွန်ုပ် တစ်ခါမျှ မမေးခဲ့ပါ။ အမေရိကန်ပြည်ထောင်စု၏ သမ္မတသည် ကိုယ့်ကိုယ်ကိုယ် အလွန်အကြူး ချစ်သော နာဆပ်ဆစ် စိတ်ရောဂါကို ကာလရှည်ကြာ အရင့်အမာ ခံစားနေရသူဟု တစ်နေကုန် တွီဒ်ပြီး အိမ်ပြန်ရောက်သောအခါ အော်ဟစ် ဆူညံ ရှုးပေါက်သန်သော ဘောဂျား အိုရယ်လီ ပေါက်စ လေးကောင်ကို ကလူမြူပြီး ထမင်းစားပွဲမှာထိုင် လက်သုတ်ပဝါ လည်ပတ်ညှပ်၍ ဒီနေ့ဘယ်လိုလဲ အချစ်ရေ ဟု ကေတီ ဘောဂျား ကို ရိုမီအိုရယ်လီက မေးနေလေမလား။ ထိုသို့ဆိုလျှင် လက်ပစ်ဗုံး စနက်တံဖြုတ်ကာ စွပ်ပြုတ်အိုးထဲ ထည့်လိုက်သည်ထက်ပင် ဆိုးပေဦးတော့မည်။

♥ ♥ ♥

နိုင်ငံရေးခံယူချက် တောင်နှင့်မြောက် ဖြစ်သော စုံတွဲတွေ လက်ထပ်ထိမ်းမြားခြင်းသည် ဝါရှင်တန်တွင် အဆန်းမဟုတ်။ ဘေလ် ကလင်တန် ကို သမ္မတဖြစ်အောင်

mgyoe.com

mgyee.com SAMPLE BOOK


ကူညီခဲ့သော ဂျိမ်းစ် ကာဗေးလ် သည် ဂျော့ချ်ဘုရှ် (စီနီယာ) ကို သမ္မတအဖြစ် ပြန်လည် အရွေးခံရဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ခဲ့သူ မေရီမတ်တာလင်းနှင့် လက်ထပ်ခဲ့ သည်။ ပုံမှန်မဟုတ်ဘဲ ထူးခြားလှသည့် ဆန့်ကျင်ဘက် ပါတီကြီး နှစ်ခု၏ အမာခံတွေ နှစ်ပါးဂဟေဆက်ခြင်းကို လူထုက အူလှိုက်သည်းလှိုက် အားပေးကြပြီး နာမည်ကျော်ကြားသော စုံတွဲ ဖြစ်ခဲ့ဖူးသည်။ ငွေမြောက်မြားစွာ ရသော ရောင်းအကောင်းဆုံး ဖြစ်ခဲ့သည့် စာအုပ်တစ်အုပ်ကို သူတို့လင်မယား ပူးတွဲ ရေးသား ထုတ်ဝေခဲ့ပြီး ဟောပြောပွဲ တကာ၊ ဖွင့်ပွဲတကာမှာ အခကြေးငွေ မနည်းလှစွာ ရယူရင်း လက်မလည်အောင် အလုပ်ဖြစ်ခဲ့ကြသည်။ အမေရိကန် အိပ်စ်ပရက်စ်သည် အဘယ်ကြောင့်များ ထိုလင်မယားနှင့် ကြော်ငြာများစွာ ထုတ်လုပ်ခဲ့မှန်း ကျွန်ုပ် မသိ၊ စဉ်းစားရင်း အံ့သြမိသည်။ ကာဗေးလ်-မတ်တာလင်း မျက်နှာတစ်စုံသည် အမေရိကန် အိပ်စ်ပရက်စ် အကြွေးဝယ်ကတ် ပိုင်ရှင်များကို ကတ်သုံး၍ ပစ္စည်းများများ ပိုဝယ်စေပြီး အစိမ်းရောင်ကဒ်မှ ပလက်တီနမ်ကဒ်သို့ အဆင့်မြှင့်ကြဦးမည်ဟု သူတို့ ဘာကြောင့်များ ထင်ကြပါလိမ့်။ သူတို့ မည်မျှပင် ဆွဲဆောင်မှု ရှိစေကာမူ ဂျိမ်းစ် နှင့် မေရီ က တကယ့်ဆယ်လီဘရစ်တီ ဂျော့ချ်နှင့် အေမဲလ် ကလုန်နီ တို့လို လင်မယားစုံတွဲမျိုးမှ မဟုတ်ဘဲ။ မစ္စတာ ကာဗေးလ်က တော့ စကားလုံးမှန်တိုင်းကြားမှ ချစ်ခြင်းမေတ္တာဟု သူ့ကိုယ်သူ အမြဲ တင်စား တတ်လေသည်။

ကေတီနှင့် ရိုမီကတော့ ထိုသို့ ကြည်ဖြူ ချစ်ခင် ချစ်ပွဲဝင်သော စုံတွဲမျိုး လုံးဝ လုံးဝ မဟုတ်။ ကြော်ငြာအတွက် သူတို့လင်မယားကို ငှားရမ်းဖွယ်ရှိသည့် တစ်ခုတည်းသော ကုမ္ပဏီမှာ အားလ်တီမိတ် ဖိုက်တင်း ချန်ပီယံရှစ် (ကိုယ်ခံပညာ ပြိုင်ပွဲကြီး) ပွဲသွင်းသည့် ကုမ္ပဏီသာ ဖြစ်လိမ့်မည်။

လေကြောတည့်၍ ဖောက်သည်ချရမည် ဆိုပါလျှင် ထိုလင်မယား၏ အခြေအနေကို ကျွန်ုပ်ကိုယ်တိုင် မထင်မှတ်ဘဲ ကြုံတွေ့ခဲ့ရသည့် မြင်ကွင်း၊ ထိုမြင်ကွင်းကို စားမြုံ့မပြန်ဘဲ ကျွန်ုပ် မနေနိုင်ခဲ့။

ထာဝရ ထရမ့် ချစ်သူများ ဆိုသည့် အထူး အတွင်းစည်း ရန်ပုံငွေ ထည့်ဝင်သူများ အဖွဲ့ကို ဖွဲ့စည်းရန် ကိစ္စနှင့် ကျွန်ုပ်သည် အိမ်ဖြူတော် အနောက်ဆောင်ရှိ ဗီရိုသာသာ ကေတီ့ရုံးခန်းသို့ ရောက်ခဲ့ရလေသည်။ တံခါး ခေါက်လိုက်တော့ ကေတီက အတွင်းမှ လက်ပြပြီး မလှုပ်သာ မလှည့်သာ ရုံးခန်းလေးထဲ အတင်း

mgyee.com

mgyoe.com
SAMPLE BOOK


ဖျစ်ညှစ်ထိုးထည့်ထားသည့် ကုလားထိုင်တစ်လုံးပေါ် ကျွန်ုပ်ကို ထိုင်စေသည်။ စကားပြောရ၍မှ တစ်မိနစ် မပြည့်သေးခင် သူ့ အိုင်ဖုန်းက ထမြည်လာသည်။ ခေါ်သူအမည်ကို ဖုန်းစခရင်မ်မှာ မြင်လိုက်ရသည်နှင့် ကေတီ့မျက်လုံးထဲ ဒေါသ အခိုးအလျှံတွေ ထလာသည်ကို တွေ့လိုက်ရသည်။

"ကျွန်မယောက်ျား ဆက်နေတာ ကိုင်မှ ဖြစ်မယ်"

ကျွန်ုပ်ထထွက်မည်အလုပ် ကေတီက ဆက်ထိုင်နေဖို့ လက်ဟန်ပြကာ ဖုန်းကို စပီကာ ဖွင့်လိုက်သည်။

"ဟဲ့... ဘောစုပ်ကောင် ဘာတုံး"

"ဟိုင်း... ဆွိတီ၊ ငါ့မိန်းမလေး ဘယ်လိုနေတုန်း"

ကေတီ့အသံက ဒေါသတွေ ချွန်မြနေသလောက် ရိုမီ့အသံက သကြား အိုးထဲ ကျနေသလို ချိုလှသည်ကော။

"ကျုပ်ကို လာပြီး ဆွိတီတွေ ပြီတီတွေ လာမပြောနဲ့ ဂျူရှန်း အိုရယ်လီ၊ တော် ဒါကို သက်သက်လုပ်တာ မဟုတ်လား သေနာကျရဲ့"

"အာ... မင်း ဘာကို ဆိုလို——"

"တော်-တော်-တော်-တော်-မသိသလို ချီးထုပ်လာလုပ်မနေနဲ့၊ ကျုပ် ဘာကို ဆိုလိုမှန်း တော် ကောင်းကောင်းသိတယ်"

"ဩော်ဟော်... သမ္မတရဲ့ စိတ်အခြေအနေအကြောင်း ငါ တွစ်တာမှာ တင်လို့လား"

"သိရင် ပြီးတာပဲ ဂျူရှန်း"

"ဒါတော့ ကိုယ်သဘောမတူနိုင်ဘူး ဆွိတီရေ၊ မင်း ဘော့စ် လုပ်ပုံက ကပ္ပတိန် ကွစ်ကတောင် သူ့ထက် စိတ်မှန်ပုံရတယ်၊ ခုတစ်မျိုး တော်ကြာတစ်မျိုး ခြောက်လမှာ ရေတစ်ခါချိုး နင့်ကြီးတော် ညစ်ပတ်အိုး ဆိုတာ သူပေါ့ အချစ်ရဲ့"

"ဂျူရှန်း မမိုက်ရိုင်းနဲ့နော်"

"အမယ်... နည်းတောင် နည်းသေးတယ်၊ အကောင်းဆုံးက သူ့ သမ္မတ အဖြစ်က ပြုတ်မှပဲ၊ မြန်လေ ကောင်းလေပဲ"

"ဒီမယ် ဂျူရှန်း၊ ရှင် အမေရိကန် သမ္မတကိုကြောင် ငရူး ဆိုပြီး စိတ်ထင်တိုင်း လျှောက်ခေါ်နေလို့ မရဘူးလေ"

"အမယ်... ဘာဖြစ်လို့တုန်း"

mgyoe.com

mgyoe.com


"ဘာဖြစ်လို့ရမတုံးတော့ သူက စောက်သမ္မတဖြစ်နေလို့ပေါ့ စောက်ကျိုးနည်း"

"ဒီမယ် ဆွိတီ၊ မင်းလည်း လိုရိုလာက ကျောင်းပြီးခဲ့တာပဲ၊ လောဂျစ် ၁၀၁ အတန်း တက်ဖူးတာပဲ၊ ကျောင်းသား အားလုံး ကျောပိုးအိတ် လွယ်ကြသည်၊ ကျွန်တော့်အဘိုးသည် ကျောပိုးအိတ် လွယ်သည်၊ ထို့ကြောင့် ကျွန်တော့် အဘိုးသည် ကျောင်းသား ဖြစ်သည်လို့ မဆိုင်တဲ့ အပေါက်ကို ကလိုင်နဲ့ ခေါက်လို့ မရဘူးလကွာ–ငိငိငိ"

ကေတီ၏မျက်နှာတွင်အနီရောင်ခုနစ်သွယ်ပြေးနေ၏။သူက ကက်သလစ် ဂျေဆု ကျောင်းဖြစ်သော လိုရိုလာမှာ ကျောင်းတက်ခဲ့သည်ကိုး။ ရိုမီ့စကားက သူ့ကို တိုက်ရိုက်ထိ၏။ မစ္စတာထရမ့်သည် သမ္မတအဖြစ် တာဝန်ယူပြီးချိန်မှ စလျှင် ထိုသို့ မဆိုင်တဲ့ အပေါက်ကို ကလိုင်နဲ့ခေါက်သည့် စကားများ ၁၆၀၀၀ ထက်မနည်း ပြောခဲ့ပြီး ဖြစ်သည်ဟု ဝါရှင်တန်ပို့စ်က ဖော်ပြသည်ကို ကေတီက တစ်ခုချင်း ရဲရဲတောက် အာပေါင်အာရင်းသန်စွာ ဖြေရှင်းခဲ့သဖြင့် ဝါရှင်တန်ပို့စ် က သူ့ကို စောက်ရမ်းကြီး ထရမ့်၏ လက်ထောက်စောက်ရမ်းမယ် ဘွဲ့ပေးခဲ့သည် မှာမကြာသေး။ ထို့ပြင်တစ်ဝ ကေတီ၏ လာလတ္တံ့သော ဘဝတစ်ကွေ့အမှတ်တရ စာအုပ်ကို မုသားသခင်မ၏ မကြောက်မရွံ့ နောက်မတွန့်သော ရဲရဲတောက် လျှောက်လဲချက်များဟု နာမည်ပေးဘဝ့်ကြောင်းပါ အကြံပြုထားသည်။ (သူ့တကယ် ရေးသည့် စာအုပ်နာမည်က နွားများကို ပလာတာကျွေးခြင်း၊ ထရမ့်လက်ထက် သတင်းစာရှင်းလင်းပွဲများ တဲ့)

ရိုမီက အလွန်အင်မတန် သနားကြင်နာသော လေသံဖြင့် ဆက်ပြော သည်။

"ဆွိတီရေ ခု အချိန်ပူရမှာက မင့်သမ္မတစောက်ရမ်းရဲ့ စိတ်ကျန်းမာရေး မဟုတ်ဘဲ မင့်ရဲ့ စိတ်ကျန်းမာရေး ဖြစ်မယ် ထင်တယ်ကွာ"

ကေတီ့ ဒေါသနဂါးက ခန္ဓာကိုယ်ပြင်ပသို့ ထွက်လာတော့မည့်အလား၊ ဘေးထွက်ဆိုးကျိုးကို ရှောင်လွှဲစိမ့်သောငှာ ကျွန်ုပ်၏ ကုလားထိုင် သေးသေးလေး ပေါ် အသင့်အနေအထားဖြင့် ထိုင်နေရသည်။ သို့သော် သူ့ထံမှ အလိုမကျသံသာ ထွက်လာခဲ့သည်။

"စိတ်မကောင်းစရာပဲ ဂျရှန်း၊ ဝမ်းနည်းစရာပဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ကိုယ့်အသံလည်း ကိုယ် ပြန်နားထောင်ကြည့်ဦး ဆွိတီရဲ့၊ မင်း စကား ပြောပုံကိုက စောက်ရမ်းကြီး လေသံနဲ့ တူလာပြီ၊ အဲဒါ အပမှီတာ ခေါ်တယ်၊ အစွဲချွတ်နည်းတွေကော မှတ်မိသေးရဲ့လား"

"ဂျူရှန်း၊ တော် စော်ကားတာ လွန်နေပြီ"

"အဲဒါ စော်ကားတာ မဟုတ်ဘူး ဆွိတီရဲ့၊ ချစ်တာ ချစ်တာ၊ အချစ်ရဲ့ သင်္ကေတ"

"တော် ကိုယ့်ကိုယ်ကိုယ် အဟုတ်မှတ် မနေနဲ့၊ တော့် တွိဒ်တွေကို လူတွေ ကြည့်တယ် ဆိုတာ တော်က ကျုပ်ယောက်ျား မို့လို့ပဲ"

"ဘာဖြစ်ဖြစ်ပါ အေ၊ ကိုယ် တွိဒ် နေရတယ် ဆိုတာလည်း ဆွိတီက ကိုယ့် မိန်းမ မို့လို့ပါ"

"ဘာ-တော် ဘာစောက်စကား ပြောတာလဲ"

"အင်း... နားဝင်ချိုမှာ မဟုတ်ပေမယ့် ပြောရဦးမယ်၊ မင်း နားထောင် ဆွိတီ၊ နှစ်တွေကြာလို့ ကိုယ်တို့ ကလေးတွေ အရွယ်ရောက်လာပြီး အမှောင်ခေတ်လို့ ရာဇဝင်ဆရာတွေ မှတ်တမ်းတင်ထားတဲ့ အချိန်တုန်းက မာမီရဲ့ အခန်းကဏ္ဍကို ဖတ်မိကြမယ် ဆိုရင် သူတို့က ဒက်ဒီ... မာမီဟာ ဘာဖြစ်လို့များ လူဆိုးကြီးအတွက် အလုပ်လုပ်ပေးခဲ့တာလဲ ဟင် လို့ မေးကြလိမ့်မယ်၊ အဲဒီအချိန်ကျရင် ကိုယ်က မိသားစု နာမည်ကောင်းကို ထိန်းသိမ်းဖို့အတွက် ဒက်ဒီ အစွမ်းရှိသမျှ တွိဒ် ခဲ့ပါ တယ် သားတို့၊ သမီးတို့ရယ် လို့ ဖြေရမှာပဲ"

ကေတီက ခေါင်းကို တွင်တွင်ယမ်းနေသည်။ အမြဲတမ်း တုံ့ပြန်စရာ စကားလုံးတွေ ရှိခဲ့သူက ခုတော့ဖြင့် စကားအရင်းအမြစ်တွေ ကုန်ခန်းသွား သလို။ နောက်ဆုံးကျမှ ကျုပ် တော် ပြောတာကို ဘယ်လို တုံ့ပြန်ရမှန်းတောင် မသိတော့ဘူးဟု ပြန်ပြောရင်း အလံဖြူ လွှင့်လိုက်လေသည်။

ထို့နောက်မှာတော့ အနေရခက်လောက်အောင်၊ သည်းမခံနိုင်လောက် အောင် တိတ်ဆိတ်ခြင်းက အခန်းလေးထဲ ကြီးစိုးသွားခဲ့သည်။ မက္ကစီကန် နိုးဝင် မှုဒိမ်းသမားများအကြောင်း ဖော်ပြထားသည့် မူဝါဒဆိုင်ရာ စာတမ်း တစ်စောင်ကို သူ့စားပွဲပေါ်မှာ တွေ့၍ ကျွန့်ပ် ဖတ်ချင်ယောင်ဆောင် နေလိုက် သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကမ္ဘာဆုံးမတတ် ကြာပြီးသကာလမှာတော့ ရိုမီထံမှ အသံထွက်လာသည်။

"ဆိုတော့– ဒီည ဟိုဟာအတွက် ဘယ်အချိန် သွားကြမလဲ ဆွီတီ"

ရိုမီ ပြောသည့် ဟိုဟာက ထရမ့် ၏ သမီး၊ ထရမ့်၏ သမက်တို့နှင့် ညစာစားပွဲကိစ္စ ဖြစ်သည်။

သမ္မတ၏ သမက် နာမည်ကို ရိုမီက ဂျို–ရက်ဒ် ဟု အသံထွက်၏။ ထိုဆတ်တောက်တောက် အသံထွက်ကို နားထောင်ရင်း သမက်တော် ဂျိုးရက်ဒ် ကုရှ်နာသည် တခြားဂြိုဟ်က မဟုတ်ဘဲ မြေကမ္ဘာဂြိုဟ်က ပေါက်ဖွားလာသော စူပါမန်းများလားဟု ကျွန်ုပ် တွေးနေမိသည်။

ကေတီက အေးစက်စွာ ပြန်ပြော၏။

"ဒီမယ် ဂျရုန်း၊ အဲဒီ ညစာစားပွဲမှာ ရှင် ရှိနေရင် ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံမယ်လို့များ ထင်လို့လား၊ အိုင်ဗန်ကာ၊ ဂျိုးရက်ဒ်တို့နဲ့ သူတို့အိမ်မှာ လုပ်မယ့် ညစာစားပွဲကို ရှင်က လိုက်ဦးမယ်၊ အံ့ပါရဲ့"

ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ်ပင် သတိမထားမိဘဲ ဂျရုန်း၏ လေသံကို နားစွင့်နေမိသည်။ သူ့လေသံက မြူးထူးပျော်ရွှင်သွားသည့် အရိပ်အငွေ့ သန်းနေမှန်း ကျွန်ုပ် ကျိန်ပြောဝံ့ပေသည်။

"အဲ–ထင်ပါဘူး–မင်း ပြောကြည့်လေ ဆွီတီ"

ထိုအကြောင်းကို သေချာနားလည်နိုင်ဖို့ နောက်ခံ အခြေအနေကို အနည်းငယ် ရှင်းပြရန် လိုပေသည်၊ သမ္မတ၏ ရဲရဲတောက် ကာကွယ်သူ လက်ထောက်စောက်ရမ်းမယ် ကေတီ့အဖို့တော့ သမ္မတ၏ သမီး အိုင်ဗန်ကာ ထရမ့် နှင့် သူ့လင် ဂျိုးရက်ဒ် ကုရှ်နာ တို့သည် ပြဿနာအိုးများ ဖြစ်ကြသည်။ တကယ်တော့ သူတို့လင်မယားသည် တစ်တိုင်းပြည်လုံး၏ ပြဿနာအိုး ဖြစ်၏။ သူတို့သည် အိမ်ဖြူတော် အရာရှိချုပ်ဖြစ်သော ကျွန်ုပ်၏ အလုပ်ကို လွယ်ကူ သက်သာအောင် ဆောင်ရွက်ပေးသည်ဟု ကျွန်ုပ်ကေန် မုချ မပြောနိုင်သော်လည်း သမ္မတကို အဆင်ပြေ လွယ်ကူ ချောမွေ့အောင် သူတို့ မလုပ်ကြကြောင်းကိုတော့ သေချာပေါက် ပြောနိုင်ပေသည်။

လုပ်ငန်းတာဝန် သေချာမဖော်ပြဘဲ အိမ်ဖြူတော် အကြံပေးများအဖြစ် သူ့သမီးနှင့် သမက်ကို ခန့်ထားမည့် အစီအစဉ်ကို သမ္မတသည် ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ပြန်စဉ်းစားစ ပြုနေလေပြီ။ အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ရန် ဂျိုးရက်ဒ်အတွက် လုံခြုံရေးဆိုင်ရာ ခွင့်ပြုချက်ကို အမေရိကန် လုံခြုံရေး အသိုင်းအဝိုင်း တစ်ခုလုံးက ထုတ်ပေးဖို့ အင်တင်တင် ဖြစ်နေကြသည်။ (ဂျိုးရက်ဒ်သည် သူ့ကို ပေးထားသည့် စိတ်ချရသော ဆဲလ်ဖုန်းကို ကက်ဘိနက် အစည်းအဝေးများအတွင်း အာ့ချ်မက်၊ အာ့ဗ်ဘင်နာဘာဒူလဘတ် စသည့် နာမည်မျိုးနှင့် ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်ကာ အိမ်ခြံမြေ ကိစ္စများကို အော်ကြီးဟစ်ကျယ် ပြောနေတတ်၏။ မစ္စတာထရမ့်က ဟော့ကောင်–မင်းဖုန်း ပေးစမ်း၊ ဘာလုပ်တာလဲ၊ ပါးစပ်ပိတ်ပြီး ထိုင်နေဟု ငေါက်လိုက်လျှင် ဂျိုးရက်ဒ်က ခင်ဗျား ကျုပ်ကို အဲဒီလို လုပ်လို့ မရဘူး၊ ခင်ဗျား သမီးကို ကျုပ် ယူထားတာ ဆိုသည့် ညစ်ကျယ်ကျယ် မျက်နှာပေးဖြင့် ပြန်ကြည့်နေတတ်၏)

ရိုးရိုးသားသား ပြောရလျှင် မစ္စတာထရမ့် အပါအဝင် အိမ်ဖြူတော် တစ်ခုလုံးက သူတို့နှစ်ယောက်ကို ထွက်သွားစေချင်ကြသည်။ သို့သော် သနားစရာ ထရမ့်ခမျာ ဟော့–မင်းတို့ ထွက်သွားကြစမ်းဟု သမီးနှင့် သမက်ကို ပြောမထွက်ရှာ။ ထို့ကြောင့်ပင် သူ၏ သစ္စာရှိလှသော ရွှေရောင်မွေးပွ ပင့်ကူမ ခေါင်းပေါ်သို့ အဆိုပါ တာဝန်သည် ကျရောက်လာခဲ့ ချေတော့သည်။ ထူးပေ ဆန်းပေသည်တကား။

ကေတီက အိုင်ဗန်ကာနှင့် အဖွဲ့ကျလှသည်။ သူတို့အချင်းချင်း ငှဲ့ရည်းစားဟု အပြန်အလှန်ခေါ်ကာ မိန်းမကိစ္စများဖြစ်သည့် ခြေသလုံးမွေးရိတ်တံအကြောင်း၊ မက်စ်ကာရာ မိတ်ကပ်အကြောင်းတွေ ဆွေးနွေးကြသည်။ ဂန့် ရှိ ပွိုင်းနက် ပါလ်ထရိုး ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးသည့် ယောနိပူရှိန်း ဆေးပြားများ၏ ကောင်းကျိုး၊ ဆိုးကျိုးတွေကို သုံးသပ်ကြ၏။ ထိုအကြောင်း ကျွန်ုပ် အကျယ်မချဲ့ လိုပါချေ။

သမ္မတ၏ သမီးနှင့် သမက်ကို အိမ်ဖြူတော်မှ ထွက်ခွာရန် စေခိုင်းသည့် အမိန့်ကို ရသည့်အခါ ကေတီတစ်ယောက် အိုင်ဗန်ကာကို စတင် သွေးတိုးစမ်း လေသည်။

"ယူနဲ့ ဂျိုးရက်ဒ် တို့ နယူးယောက်ကို လွမ်းနေကြမှာနော်၊ ပါတီပွဲတွေကိုလေ"

သို့သော် အိုင်ဗန်ကာကား အဆင့်သစ်တစ်ခုကို ရောက်ရှိနေပြီ ဖြစ်သဖြင့် နယူးယောက်ကို နည်းနည်းမျှ မလွမ်း၊ ပြန်ဖို့လည်း စိတ်မစော။

mgyoe.com

ကေတီသည် ဗျူဟာ ပြောင်းပြန်၏။

"ဝါရှင်တန် ဆိုတာ အင်မတန် စိတ်ပျက်စရာ ကြောက်စရာ မြို့နေ၁် မန်ဟက်တန် နဲ့မျှား တခြားစီ၊ မြောက်ကိုးရီးယားတောင် ဒီမှာထက် သာဦးမယ်"

ဒါလည်း မရ၊ အိုင်ဗန်ကာနှင့် ဂျိုးရက်ဒ်က ဘယ်ကိုမျှ မသွား၊ မသွားရေးချ မသွား၊ ကြာတော့ ကေတီက ညည်းရှာသည်။ အမယ်လေး... ဘရီဇစ် ကို စောင့်ရ သလိုပဲ တဲ့ (အီးယူမှ ယူကေ ထွက်ရန်ကိစ္စ)။ ဒီ အပုပ်အစပ် နွံအိုင်ကြီးထဲမှာပဲ ပျော်သည်တဲ့၊ မသွားရေးချ မသွားတဲ့။ ဒီမှာ လွန်စွာပျော်သတဲ့။ ကမ္ဘာ့ခေါင်းဆောင် များက သူတို့ပြောသော ယောနိပူရိုန်း အပါအဝင် ကိစ္စများကို ဘာတစ်ခုမျှ စိတ်မဝင်စားသော်လည်း (ဂျိုးရက်ဒ်-အိုင်ဗန်ကာ) ဂျိုး ဗန်ကာ လင်မယားကို ယဉ်ကျေးစွာ ခေါင်းညိတ်ပြရင်း အမေရိကကို ဂိတ်အဂိန်း လုပ်မည့် သူများဟု သူတို့ကိုယ် သူတို့ အထင်ရောက်စေသည်ကိုး။

အန္တိသော် သို့သော်လည်း ခုတော့ ထိုလင်မယား စိတ်ပျက်စပြုပြီမို့ ကေတီ မျှော်လင့်ချက်တွေ အလံတလွင့်လွင့် ဖြစ်လာပြန်သည်။ အိုင်ဗန်ကာတံဆိပ် အဝတ်အစားတွေက အရောင်းထိုင်း၊ ဂျိုးရက်ဒ်၏ တလွဲဆံပင်ကောင်း ကျွဲဖင် ချောင်းထားသော အိမ်ခြံမြေလုပ်ငန်းတွေက ခွက်ခွက်လန်အောင် ရှုံး ဖြစ်နေသည် ကိုး။ ကေတီက ရိုမီ ကို ကြိုးစား၍ ဖျောင်းဖျသည်။ လေသံကတော့ ခပ်ပျော့ပျော့။

"တော် မလာရင်တော့ ပိုကောင်းမှာပေါ့"

"ကဲ- ဆွိတီ၊ တကယ်လို့ ဆွိတီက အဲဒီလိုလုပ်တာ အကောင်းဆုံးလို့ ထင်တယ် ဆိုရင်-----"

ရိုမီ၏ ပီတိသောမနဿသံ ကို ကျွန်ုပ် ထင်ရှားစွာ ကြားနေရသည်။ ကေတီက ဟီးခနဲ သက်ပြင်းကြီး ချလိုက်သည်။

"ကျုပ်က အိုင်ဗန်ကာ့ကို ဘာပြောရမှာတုံး ဆောရီးပါဟယ်၊ ငါ့ ယောက်ျား က နင့်အဖေကို စောက်ရူးလို့ ခေါ်နေတယ် လို့လား"

"အဲဒီလို မဟုတ်ဘူး"

ရိုမီက စဉ်းစဉ်းစားစား လေသံဖြင့် ပြန်ပြော၏။

"ဒီလိုပြော၊ နင့်အဖေဟာ ငါတို့တိုင်းပြည်ရဲ့ နှစ်ရှည်လများ တည်ရှိခဲ့တဲ့ ယဉ်ကျေးမှု ကျင့်ဝတ်စံနှုန်းတွေကို ဖျက်ဆီးနေတဲ့အတွက် ဆောရီးလို့ပြော"

mgyoe.com

mgyoe.com

ကေတီ့ ဒေါသတွေ မျက်နှာပေါ် ပြန်ရောက်လာပြန်ချေပြီ။ မျက်လုံးတွေ ကျဉ်း၊ အောက်မေးရိုးက ထောင်ထလာပြီ။ ပြိုင်ဘက် လည်ချောင်းသွေးကို စုပ်မျိုတော့မည့်ကဲ့သို့။

"ရှင်နဲ့ စကားမပြောအားသေးဘူး ဂျူရှန်း၊ အလုပ်ရှုပ်နေတယ်"

"ကိုယ် စောင့်နေရမလား ဆွိတီ"

"စောင့်နဲ့"

"အေးပါ အေးပါ၊ ဂျို-ရက်ဒ် နဲ့ အိုင်ဗန်ကာကို ကိုယ်က----"

"တော်- ဖုန်းချပြီ"

"ဘိုင်-ဆွိတီ ချစ်တယ်နော် မွ မွ"

ကေတီက ဖုန်းကို စားပွဲပေါ် ပစ်တင်လိုက်ပြီး ခေါင်းတယမ်းယမ်း။

"စောက်ကောင်-အမြဲတမ်း အဲဒီလိုပဲ၊ ဒါနဲ့ ဘာကိစ္စလဲ ဟတ်ဘ်"

ကျွန်ုပ် လာရင်းကိစ္စကို လုံးလုံးမေ့သွားပြီမို့ ယောင်ဝါးဝါး ပြောရင်း ပြန်လှည့်ထွက်လာခဲ့သည်။

. သို့သော် ကျွန်ုပ် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်က ကေတီသည် သူ့ကလေးလေးဦး၏ဖခင်ကိုစောက်ကောင်မအေးပေးစသည်ဖြင့်ဆဲရေးတိုင်းထွာနေသော်လည်း အတွင်းသဏ္ဌာန်မှာတော့ သူ၏ ရိုမီ-အိုး-အိုး (စိတ် ပျော်ရွှင်ချိန်တွင် သူ့လင်ကို ခေါ်သော အသုံးအနှုန်း) ကို သူ ချစ်နေသေးကြောင်းပင်။

လူ့နှလုံးသား ဆိုသည်က ဆန်းပြား ရှုပ်ထွေးသော ကလီစာ တစ်ခုပါကလား။ သို့သော် ဘောဂျား-အိုရယ်လီ အိမ်ထောင်ရေးမှာ ကျော်လွှားရဦးမည့် ဆူးပြောင့်ခလုတ်တွေက များမှများ။

mgyoe.com

mgyoe.com SAMPLE BOOK

# ခြောက်

သွေးလန့်စရာ မော်စကို ရွှေးကောက်ပွဲ ကိစ္စအပြီး ရက်အနည်းငယ် အကြာမတော့ ကျွန်ုပ်သည် နိုင်ငံတော် အလည်အပတ်ခရီး လာရောက်မည့် တူရကီ သမ္မတ အတာဂျတ်နှင့် အဖွဲ့အတွက် သုံးဆောင်ရန် မီနူးတွင် ဝက်သား နှင့် အရက် မပါစေရေး တတိယံပိ စစ်ဆေးခြင်း အလုပ်ကို ရုံးခန်းမှာ ထိုင်၍ လုပ်နေလေသည်။ ကျွန်ုပ်ကို အထူးတလည် ညွှန်ကြားထားသော လခြမ်းပုံ ကြက်သားပိုင် မုန့်ကလေးများသည် ကျွန်ုပ်တို့၏ အော်တိုမန် အင်ပါယာဟောင်းကြီးမှ ဧည့်သည်တော်များ၏ စိတ်နှလုံးကို ရွှင်ပြုံးစေလိမ့်မည်ဟု ထင်မိသည်။ လခြမ်းပုံ ခရိုးဆန့် မုန့် ဆိုသည်က ၁၆၈၃ ခုနှစ်တွင် သြစတြီယားပြည်၊ ဗီယင်နာမြို့မှ စတင်ပြုလုပ်ခဲ့သည် ဖြစ်သောကြောင့် ၁၅၂၆ ခုနှစ် မှ ၁၇၉၁ ခုနှစ်ထိ သြစတြီယားနှင့် မာရသွန် စစ်ပွဲကြီး ဆင်နွှဲခဲ့သော အော်တိုမန် အင်ပါယာ တူရကီကို ဒီမုန့်နှင့် တည်ခင်းရသည်ကတော့ သံခင်းတမန်ခင်း ကျင့်ဝတ်အရ ကြည့်လျှင် မစွံလှချေ။ မစွံဆို ခရိုးဆန့်၏ ဇာစ်မြစ်က ဒီလိုတဲ့။

စစ်ပွဲကာလအတွင်း ဗီယင်နာ နံရံတံတိုင်းနှင့် ကပ်လျက်မှာ နေထိုင်သော မုန့်ဆိုင်ပိုင်ရှင် တစ်ဦးသည် ရန်သူ အော်တိုမန်တွေ လိုဏ်ခေါင်းတူးနေသံကို ကြားရပြီး အာဏာပိုင်များကို အချိန်မီ အကြောင်းကြားနိုင်ခဲ့သဖြင့် ရန်သူ

mgyoe.com

လုပ်ကြံခြင်းကို တားဆီး အောင်နိုင်ခဲ့ပြီးနောက် သတင်းပေးသည့် မုန့်ဆိုင် ပိုင်ရှင်အား ဂုဏ်ပြုသည့်အနေဖြင့် တူရကီများ၏ ပုံပန်းသဏ္ဌာန်နှင့် တူသော မုန့်ကို ဖုတ်ခွင့်ပြုရာမှ ခရိုးဆန့် ဆိုတာ ပေါ်လာပါသတဲ့။ ဖွတ်။

ဟော– ဂျူဒီ လာပြန်ပြီ။

"ကျွန်တော်တို့မှာ ပြဿနာ တစ်ခု ရှိနေတယ်"

ဒါက ဂျူဒီ၏ လက်သုံးစကား ဖြစ်သည်။ သူ အဲဒီလို ပြောသည့်အခါတိုင်း ဂျူဒီကို ကြည့်ရသည်မှာ အပိုလို ၁၃ ကို အကြိမ်ပေါင်းများစွာ ကြည့်ထားပြီး ချောက်ချားနေသော အာကာသယာဉ်မှူးကဲ့သို့ ဆောက်တည်ရာ မရ။ သို့သော် အမေရိကန် ဆိုက်ဘာ ကွန်ပျူတာသည် ရုရှကိုအလိုအလျောက် ဝင်ရောက် စွက်ဖက် စစ်ကြေညာခဲ့ကြောင်း သူ ကျွန်ုပ်ကို လောလောလတ်လတ် ပြောပြထားသည် မဟုတ်လော။ ခုလည်း လာပြန်ပြီ ပြဿနာ တဲ့။

"သမ္မတကို မနက်ခင်း တင်ပြချက်အပြီးမှာ အမေ ကျွန်တော့် ရုံးကို ရောက်လာတယ်"

အသံတိတ် ညည်းလိုက်မိသည်။ ဒီအန်အိုင်ကို နာမည်ပြောင်ဖြင့် မခေါ်ဖို့ ကျွန်ုပ် ဂျူဒီကို ပြောခဲ့ပေါင်း များလှပြီ။ သူ့နာမည်ကို မီရီယမ်–မားသား–ဂျုံးစ် ဟု နာမည်ပြောင် ပေးထားသည်က ထားတော့။ နေရာတကာ အမေ၊ အမေနှင့် လျှောက်မခေါ်သင့်ပေ။ မီရီယမ်သည် သူ့အလုပ်မှာ အင်မတန် ကျွမ်းကျင်သော ပညာသည် အမျိုးသမီး ဖြစ်သည်။ ဂျူဒီသည် အာဏာရှိသူများကို လှောင်ပြောင်ချင်စိတ် များသလားဟု ကျွန်ုပ် သံသယ ဖြစ်မိသည်။ သူ ဆက်ပြောနေပြီ။

"အီရန် နဲ့ ဆီးရီးယားက အခြေအနေတွေကို အမေက သမ္မတကို တင်ပြတယ်၊ ဒါပေမဲ့ သမ္မတက အဲဒါတွေ မကြားချင်ဘူးတဲ့၊ မော်စကိုမှာ ဘာ စောက်တလွဲတွေ ဖြစ်နေသလဲ ဆိုတာပဲ ကြားချင်သတဲ့"

"အင်း… နားလည်နိုင်ပါတယ်လေ"

"ဒီတော့–ဟတ်ဘ်ရေ"

"ဟုတ်ကဲ့ ဂျူဒီ၊ ပြောပါ"

"အမေက ပြောတယ်၊ မော်စကိုက ကျွန်တော်တို့ စီအိုင်အေ အဖွဲ့တွေဟာ အာဏာသိမ်းတဲ့ ကိစ္စမှာ တစ်ခုခု လုပ်ခဲ့ကြတယ်တဲ့"

mgyoe.com

 m gyoe.com SAMPLE BOOK 

"ဘယ်လို အာဏာသိမ်းတာလဲ–တခြား စကားလုံးနဲ့ ပြောင်းပြောပါလားဗျာ"

"သူတို့ သိမ်းသွင်းနိုင်ခဲ့တဲ့ လူလေ၊ ရွေးကောက်ပွဲ မတိုင်ခင်လေးတင်ပေါ့၊ အစကတော့ ဒီလူဟာ ငါးကြီးတစ်ကောင်လို့ မထင်ရဘူး၊ သိတဲ့အတိုင်း မီးလင်းဖိုနားမှာ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်း ထားလို့ မရဘူး မဟုတ်လား"

"ဂျူဒ်ရေ–ဘာတွေ ပြောနေတာလဲဗျာ၊ လိုရင်းကို ပြောပါလား"

"အင်း–အင်း–ဒီလိုဗျ–သူတို့သိမ်းသွင်းလိုက်တာက ကွန်မြူနစ်ပါတီက ဒုတိယလား၊ တတိယလား မသိတဲ့လူ"

"ဆိုတော့––––––"

ဂျူဒ်က ကျွန်ုပ်ကို ဆတ်ခနဲ ကြည့်သည်။

"ဟတ်ဘ်ရေ–စီပီ (ကွန်မြူနစ်ပါတီ) က ကျွန်တော်တို့ရဲ့ အထိမခံလက်တုံ့ပြန် ကိုလူအေး (အလက) စက်ကလေး အကူအညီနဲ့ ရွေးကောက်ပွဲ လောလောလတ်လတ် နိုင်ထားတာလေဗျာ"

"အဲဒီတော့ဘာဖြစ်–––––အို–––––ဘုရားရေ"

ရုတ်တရက် အရာအားလုံးကို စိတ်မချမ်းမြေ့ဖွယ် ကျွန်ုပ် ဆက်စပ်မိသွားခဲ့သည်။

"ကဲ... ဘယ့်နှယ် ရှိစ"

ကျွန်ုပ် သဘောပေါက်သွားသည်ကို အရသာခံ၍ ကြည့်ရင်း ဂျူဒ်က မေးလေသည်။

"လွန်ခဲ့တဲ့နှစ်ပတ်က ကျွန်တော်တို့ရဲ့ မော်စကို အသွင်ယူ သူလျှိုဟာ စီအိုင်အေ ပေးစာ ကမ်းစာနဲ့ အသက်ဆက်နေတဲ့ ဘော်ရှီဘစ်ဟောင်းကြီး တစ်ယောက်ပဲ၊ ခု ဘာဖြစ်တုံး၊ ဒီ မအေပေးဟာ ရုရှဝန်ကြီးချုပ် အလောင်းအလျာ ဖြစ်နေပြီ ခင်ဗျ"

"ခဏလေး နေပါဦး၊ ခင်ဗျား ပြောတော့ ပူတင်ဟာ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ သောင်ပြိုကမ်းပြို အောင်ပွဲခံမှာဆို၊ ဇစ်ခင်နဲ့ သူ့ နောက်လိုက်ရဲဘော်နီတွေကို ဂူလက် ပို့ပစ် မှာဆို၊ ဒါဆို ခင်ဗျားတို့ ဘော်ရှီဘစ်ဟောင်းကြီးက ဘယ့်နှယ်လုပ် ဝန်ကြီးချုပ်အလောင်းအလျာ ဖြစ်ရမတုန်း"

ဂျူဒ်က ခေါင်းညိတ်၍ ပခုံးတွန့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း...သီဝရီအရတော့ အုံ့အားသင့်ဖွယ် တိုက်ဆိုင်မှုပေါ့ဗျာ၊ စီအိုင်အေက အဲဒီလူကို သိမ်းသွင်းပြီးတာနဲ့ နောက်ဆက် ဖြစ်လာတာတွေက သိတဲ့အတိုင်းပဲ၊ သူက အာဏာလောင်းလျာ ဖြစ်လာပြီကိုး"

"မဟုတ်သေးပါဘူး၊ ဒါ အံ့အားသင့်ဖွယ် တိုက်ဆိုင်မှုတဲ့လား၊ ကျွန်တော့်အမြင်တော့ ဒါ အလွန့်အလွန် ကံဆိုးမိုးမှောင်ကျတာပဲ ခင်ဗျ"

"ပြဿနာကို ပြောမယ်၊ ကျွန်တော်တို့လူ—အဲ– သူ့နာမည်ဝှက်က ပြေးဖက်ချင်စရာ ဝက်ဝံလေး ဟက်ဂီဘဲ တဲ့၊ အဲဒီ ဟက်ဂီဘဲက ပြဿနာဗျ"

"ဘယ်လို ပြဿနာလဲ၊ တိတိကျကျပြောရင်"

"ဩော်... စဉ်းစားကြည့်လေ၊ ဟက်ဂီဘဲကို ကျွန်တော်တို့ လစာပေးထားမှန်း ရုရှတွေ သိသွားရင် ဘာတွေ ဆက်ဖြစ်လာမလဲ"

ကျွန်ုပ် သူ့ကို ငေးကြောင်ပြီး ကြည့်နေမိသည်။

"ရုရှတွေက ဘယ်လိုလုပ်ပြီးသိမှာလဲ ဂျူဒ်"

"အမေ–အဲ– မိရီယမ် ပြောတာကတော့ ကရင်မလင်ဟာ သံသယ ဝင်နေပြီတဲ့၊ စီပီ ခေါင်းဆောင်ပိုင်းကို ပူတင်က စီတီ စကန်နဲ့ ပိုက်စိပ်တိုက်ရှာတော့မှာတဲ့"

"ဟင်... စီတီ စကန် ဆိုတာ ဆေးရုံမှာသုံးတာ မဟုတ်ဘူးလား"

"ဩော်... ဟတ်ဘ်ကလည်းဗျာ–စကားအဖြစ်ပြောတာပေါ့–လူပိန်းပြော ပြောရမှာလား"

"ဟုတ်ကဲ့၊ ကျေးဇူးပြုပြီး ပြောပါ ခင်ဗျာ"

"ကရင်မလင်ဟာ ကွန်မြူနစ်ပါတီက လူတိုင်းကို ပိုက်စိပ်တိုက်စစ်တော့မှာ၊ ဆံပင်ဖျားကနေ ခြေသည်းကြားထိ–၃၆၀ ဒီဂရီ လှည့်စစ်မှာ၊ စီပီမှာ ဟက်ဂီဘဲက နံပါတ် နှစ်လား၊ နံပါတ်သုံးလား မသိဘူး၊ ဆိုတော့– ဆေးပညာအသုံးအနှုန်းလေး သုံးခွင့်ပြုပါဦး ဟတ်ဘ်၊ သူတို့ ဟက်ဂီဘဲကို ဖင်ခေါင်း မှန်ပြောင်းထိုး ရှာကြမှာ၊ အဲဒီလို ဆိုရင် သူဟာ ကျွန်တော်တို့ လစာကို စားနေတဲ့ကောင်ဆိုတာ ပေါ်ဖို့ အခွင့်အလမ်းက များတာပေါ့၊ အဲဒီလို ပေါ်ပြီ ဆိုရင် ရွေးကောက်ပွဲမှာ စီပီ နိုင်သွားတဲ့ ကိစ္စက အံ့ဩစရာ မဟုတ်တော့ဘူးလေ"

အင်း–ဟုတ်တာပေါ့၊ အလွန့်အလွန်ကို ဟုတ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒါကြောင့် စီအိုင်အေက ဟက်ဂီဘဲကို ဝယ်ထားတယ် ဆိုတာ သမ္မတကို အသိပေးလို့ မဖြစ်ဘူးလို့ မီရီယမ်က ယူဆတယ်၊ ခုနေ ပြောရင် သမ္မတဟာ စိတ်နည်းနည်း ကယောက်ကယက် ဖြစ်သွားလိမ့်မယ်"

"သမ္မတ စိတ်က ကယောက်ကယက် ဖြစ်ပြီးသားပဲ ဂျူဒ်ရယ်၊ သူ ဒီလောက် ကယောက်ကယက် ဖြစ်တာမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး၊ သူ ဆောင်ရမယ့် အခွန်စာရင်း ထုတ်ပြန်တုန်းကတောင် အဲဒီလောက် မဟုတ်ဘူး"

"သမ္မတက တည်ငြိမ်အေးချမ်းသူ ဆိုတာနဲ့ ဆန့်ကျင်ဘက်ကိုးဗျ၊ မီရီယမ်ကတော့ သူ့ကို ဟို စက်ကလေးအကြောင်း မပြောတာ ကောင်းမယ်လို့ ထင်နေတယ်၊ အဲ... တိတိကျကျ ပြောရရင် သတိမပေးတာ ကောင်းမယ်"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဒီစက်အကြောင်း သူ သမ္မတစဖြစ်ကတည်းက တင်ပြထားတာ ရှိတယ်၊ သူက တင်ပြလွှာတွေကို တစ်ခါမှ မဖတ်တော့ မသိတာ"

"ခဏလေး နေပါဦး၊ ဒီ ဆိုက်ဘာတိုက်ခိုက်မှု အဲ–အ–လ–က အကြောင်းကို မီရီယမ် သိတယ်လား"

"ဟောဗျာ–ထောက်လှမ်းရေး အဖွဲ့တကာတို့ရဲ့ အရှင်သခင်မကြီးက ဒါကို မသိပဲ နေမလားဗျ ဟတ်ဘ်ရ"

"အင်းလေ–ဟုတ်သားပဲ၊ ဒါပေမဲ့–အလိုလေး ဂျူဒ်ရေ တခြား ဘယ်သူတွေ သိသေးလဲ"

"ပူတင်တော့ မသိဘူးဗျ၊ ဒါ အရေးအကြီးဆုံးပဲ၊ ကျွန်တော်တို့ သမ္မတကို ဟက်ဂီဘဲ အကြောင်းမပြောဘူး ဆိုရင် ဘာမှ မဖြစ်ခဲ့သလို အေးအေးဆေးဆေး ဆက်သွားရုံပဲ၊ ဒုတိယံပိ ရွေးကောက်ပွဲ သောင်ပြိုကမ်းပြို နိုင်ဖို့ အရေးကို မစွတာပူတင် သူ့ဘာသာသူ ဆက်လုပ်လိမ့်မယ်၊ ယွတ်ယုဟာ တစ်ဖန်ပြန်ပြီး ဂိတ် အဂိန်း ဖြစ်လာဦးမှာပါ၊ ခွေးတွေ ဘယ်လိုဟောင်နေနေ လှည်းတန်းကြီးကတော့ ဆက်သွားနေဦးမှာ"

အင်း... ရှေးခေတ်ရောမ အသုံးအနှုန်းနှင့် ဆိုရလျှင် ကျွန်ုပ်သည် ရူဘီကွန်မြစ်ကမ်းဘေး ရောက်၍ နေချေပြီ။ (ရူဘီကွန်ခေါ် မြစ်နီမြစ်သည် အီတလီ အရှေ့မြောက်ပိုင်းရှိ မြစ်တစ်စင်း ဖြစ်ပြီး ရှေးခေတ် မြို့ပြနိုင်ငံများဖြစ်သော ရောမနိုင်ငံတော်နှင့် ပွန်ပေကို ခြားနားသော နယ်ခြားမြစ် ဖြစ်သည်။ ဘီစီ ၄၉ ခုနှစ်က

mgyoe.com

mgyoe.com  SAMPLE BOOK 

ဂျူးလီးယက်ဆီဇာသည် ရူဘီကွန်မြစ်ကို ဖြတ်ကျော်ခြင်းအားဖြင့် ပွန်ပေနှင့် ရောမ စစ်ပွဲကို အစပြုခဲ့ခြင်းကို အကြောင်းပြု၍ ပြန်ပြင်မရသော ကိစ္စကို ဆောင်ရွက်ရမည့် အချိန်ကို ရူဘီကွန် အချိန်ဟု ဆိုခြင်း ဖြစ်သည်) ဘဲဥ ပုံ ရုံးခန်းထဲဝင်၊ သမ္မတကို သိသမျှ တစ်လုံးမကျန် ပြော၊ ဝပ်စင်း ခစား ပစ်လှဲချပြီး အသက်ဘေးမှ လွတ်ပါစေကြောင်း တောင်းပန်ရ ကောင်းမလားဟု အကြိမ်ပေါင်းများစွာ ကိုယ့်ကိုယ်ကိုယ် မေးမိသည်။

ကျွန်ုပ်၏ မေးခွန်းကို ကိုယ့်ဘာသာ ပြန်မဖြေခင် စဉ်းစားစရာတွေက ရှိနေလေသည်။

(၁) သနားညှာတာခြင်းသည် မစ္စတာထရမ့်၏ အရာ မဟုတ်၊ ခွင့်လွှတ်ခြင်းသည်လည်း ထိုနည်းလည်းကောင်း၊ သူက ပြီးပြည့်စုံခြင်းကို အလိုရှိသူ၊ ထိုအရာကပင် သူ့ကို ဟိုတယ်လောက၏ ဘီလူးကြီးတစ်ကောင် ဖြစ်စေခဲ့သည် မဟုတ်လား။

(၂) ကျွန်ုပ်သည်ကား သတင်းပို့ ဆက်သား တစ်ယောက်မျှသာပါ ဆိုသော လျှောက်လဲချက်သည် မစ္စတာထရမ့်နှင့် ဘယ်တော့မှ အလုပ်မဖြစ်၊ ထရမ့် ကမ္ဘာမှာ ဆက်သားသည် ဦးစွာ ပထမ သေရမည့်သူ ဖြစ်၏။ ဖာရန်ဂို-ဆာ-မာ ၏ မိကျောင်းအပြည့်နှင့် ကျုံးထဲ ဆက်သားတွေ ဝုန်းခနဲ ကျကျ ကုန်တာ မြင်ဖူးလှပြီ။

(၃) သူ့ကို စဉ်ဆက်မပြတ် တိုက်ခိုက် ထိုးနှက်နေကြသော အမေရိကန်ပြည်သူတို့၏ ရန်သူတော်များ ဖြစ်ကြသည့် ဒီမိုကရက်တစ် အောက်လမ်းဆရာများ၊ စွပ်စွဲပြစ်တင်ချင်သူများ၊ ထာဝရ ထရမ့် ဆန့်ကျင်ရေးသမားများ၊ မဲပေးပိုင်ခွင့်ရှိသူများထဲမှာ ကောလိပ်ပညာတတ်များ၊ နိုးဝင်မြင်လျှင် ပြေးဖက်ချင်သည့် ကျက်သရေတုံးများ၊ ကာ့ဒ် သူပုန် ချစ်သူများ၊ ထရမ့်မြင် စောက်မြင်ကတ်ချင်သူများကြောင့် သမ္မတကြီးမှာ ဖွတ်ဖွတ်ကြေလု ဖြစ်နေသည်ကို ဒီကိစ္စနှင့် ထပ်ပြီး ပြဿနာသစ်တွေ ပေးဦးမယ်လား။ မည်သို့ဆိုစေ ပူတင်သည် နိုင်မည်သာ၊ လှည်းတန်းကြီးကား လိုရာခရီးကို ဆက်နှင်မည်သာ။

သူ၏ သမ္မတသက်တမ်းသည် တအီအီ အသံဆိုးပေး၍ မဆုံးနိုင်အောင် လည်နေသော ပစ္စည်းသယ် ကွန်ဗေယာကြီးနှင့် တူလှ၏။ ရွေးကောက်ပွဲကိစ္စ၊ အခွန်ကိစ္စ၊ ဆီးနိတ်က စွပ်စွဲ ပြစ်တင်မှု ကိစ္စအပြင် ဒုသမ္မတ မိုက်ပန့်က သမ္မတကို

mgyoe.com

mgyoe.com SAMPLE BOOK


ဖြုတ်ချ၍ ဒုသမ္မတကို သမ္မတအဖြစ် တင်မြှောက်နိုင်သော အခြေခံဥပဒေ၏ ၂၅ ခုမြောက် ဖြည့်စွက် ပြင်ဆင်ချက်ကို သုံးရန် အစိုးရ ကက်ဘိနက် အဖွဲ့ဝင်များကို သွေးဆောင်နေသည် ဆိုသော ကောလာဟလကလည်း ရှိသေးသည်။

မစ္စတာထရမ့်၏ စိတ်အခြေအနေကို သုံးသပ်ရလျှင်---အင်း- အခြေမခိုင် ယိုင်လဲနေသည် ဟုတော့ ကျွန်ုပ် မပြောချင်---လွန်စွာ ကြွပ်ဆတ်၍ အထိမခံ အခြေအနေဟု ဆိုရချိမ့်မည်။ (ထိုသို့ ပြောခြင်းကြောင့် သမ္မတသည် စောက်ရူး ဆိုသည့် ရိုမိုစကားကို ကျွန်ုပ် သဘောတူသည်ဟု မဆိုလိုပါ) သို့သော် လည်း ဘဲဥ ထဲ ဝင်သွားပြီး (ဘဲဥပုံရုံးခန်းကို ကျွန်ုပ်တို့ ခေါ်လေ့ရှိသော အသုံး) အိုး-ဒါနဲ့ ဆရာ၊ ကျွန်တော်တို့ရဲ့ ကွန်ပျူတာတစ်လုံးက ရုရှ ရွေးကောက်ပွဲကို ဟက် လိုက်ပုံပဲ ခင်ဗျ။ ပြီးတော့ စီအိုင်အေကလေ ကွန်မြူနစ်ပါတီက နံပါတ်နှစ် ခေါင်းဆောင်ကို ကျွန်တော်တို့သူလျှိုအဖြစ် သိမ်းသွင်းပြီး လစာပေးထားတယ်ဗျ။ အဲဒါတွေကိုသာ မစ္စတာပူတင် သိသွားရင် ဘာဖြစ်မယ် ထင်သလဲဟင်၊ ဒါနဲ့ ဆရာ ဝက်ပေါင်ခြောက် ဟမ်ဘာဂါ နောက်တစ်လုံး စားတော့မလား ခင်ဗျ ဟု ပြောရ မည်လား။

ထိုသို့ပြောကြားခြင်းအားဖြင့် မစ္စတာထရမ့်ကို ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ရာ ရောက်ပေလိမ့်မည်။ ကျွန်ုပ်ကို အသည်းငယ်သူဟု ဆိုချင်ဆို။ တစ်ကမ္ဘာလုံးကို စိစိညက်ညက် ကြေအောင် လုပ်နိုင်စွမ်းသော နျူကလီးယား လက်နက်များ ပစ်လွှတ်နိုင်သည့် ခလုတ်ပေါ် လက်တင်ထားသူ တစ်ယောက်ကို ချောက်ချား မှောက်မှားအောင် လုပ်ဖို့ ဆိုတာက မည်သူမဆို နှစ်ခါပြန် စဉ်းစားသင့်သည် မဟုတ်လား။

နောက်ဆုံးအနေနှင့်-

(၄) ခုချိန်မတော့ မစ္စတာပူတင်သည် မစ္စတာထရမ့်အပေါ် တစ်စုံ တစ်ရာသော ကျေးဇူးပြုခဲ့ဖူးသည် ဟု ကျွန်ုပ်သည် မိုးလွန်မှ ထွန်ချသော ကောက်ချက်ကို နောင်တ ရင်ဝယ်ပိုက်ရင်း ဆွဲရတော့မည်သာ။

ထိုကောက်ချက် ဘာကြောင့် ဆွဲရသနည်း ဆိုလျှင် ဆဋ္ဌမ အာရုံဟု ဆိုဆို၊ ဆန္ဒအလျောက်ဟုဆိုဆို ကြိုက်သလို ဆိုနိုင်ပါသည်။ သို့သော်လည်း အပိုင်းအစလေးများကို တစ်စစီ ဆက်ကြည့်သောအခါ ပုံပေါ်လာပါသည်။ ပူတင် ပျော်ရွှင်စေဖို့အရေး မစ္စတာထရမ့်၏ သူရဲကောင်းဆန်လှသည့် အပြုအမူများ

mgyoe.com

mgyoe.com

(ဤနေရာတွင် ဤအသုံးအနှုန်းသည် မှန်ကန်လှသည်) ကို ကြည့်ပါလေ။ ၂၀၁၆ ရွေးကောက်ပွဲမှာ ရုရှ နှောင့်ယှက်မှုရှိသည်ဟု ယိုးစွပ်သဖြင့် သူ့ ထောက်လှမ်းရေး အေဂျင်စီအားလုံးကို စောက်ဖျင်းတွေဟု သိမ်းကျုံးဆဲဆိုခဲ့ခြင်း၊ ယူကရိန်းကို စစ်ရေး အထောက်အပံ့တွေ ပေးမည့် အစီအစဉ်များ အားလုံးကို ရပ်ဆိုင်းခဲ့ခြင်း၊ ဂျာနယ်လစ်များ၊ ဆန့်ကျင်သူများကို ထမင်းစား ရေသောက် ဇီဝိန်ခြွေနေသည့် ပူတင်၏ လုပ်ရပ်များကို ပေယျာလကန် ပြုထားခြင်း၊ ကြုံလေတိုင်း ဆုံလေတိုင်း ကျုပ်မိတ်ဆွေ လူချောလူလုကြီး ဗလာဒီမာဟု မပျက်မကွက် ခေါ်ဆိုခြင်းများက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှသည် မဟုတ်လား။

သို့သော်လည်း သူ၏ ရာဇပလ္လင်ကို ဆောင့်ဆွဲခါယမ်းခဲ့သော ဟို စက်ကလေး အကြောင်း သိသွားလျှင်တော့ လူချောလူလုကြီး ဗလာဒီမာ ပျော်ရွှင်အောင် သူ မည်သည့်နည်းနှင့်မျှ လုပ်နိုင်တော့မည် မဟုတ်ပါချေ။

လျှို့ဝှက်အပ်သော ကိစ္စများမှာ နုတ်၏ စောင့်စည်းခြင်းနှင့် ပတ်သက်လျှင် မစ္စတာထရမ့်သည် အမြဲတမ်း သပ်သပ်ရပ်ရပ် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိ။ အစ္စရေး၏ ထောက်လှမ်းရေး လုပ်ငန်းများအကြောင်း ရုရှ သံအမတ်ကြီးကို ဖောက်သည်ချသည့်အတွက် လွန်စွာ ခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရဖူးပြီ။ ကျွန်ုပ်တို့၏ ချူကလီးယား ရေငုပ်သင်္ဘောများ တည်နေရာကို ညစာစားပွဲမှာ ဟောင်ဖွာဟောင်ဖွာနှင့် လျှောက်ပြောတတ်သေးသည်။ ထို့ကြောင့် အထိမခံ လက်တံ့ပြန် စက်အကြောင်းသာ သူ သိသွားခဲ့လျှင် စစ်ပွဲပေါင်း များစွာကို စတင်ရာ ရောက်ပေလိမ့်မည်။

ထိုထိုသော အကြောင်းတရားများကြောင့် ဟားဘတ် ကေ နက်တာမန်းသည် ဘဲဥထဲ ဝင်ပြီး သူ့အစိုးရအဖွဲ့က သူ့ကို မသိခြင်း အမှောင်နယ်မြေထဲ တွန်းပို့ထားကြောင်း သမ္မတကို အစီရင်ခံခြင်း အလျှင်းမရှိပေ။

သို့သော် မှန်ကြည့်၍ မင်းလုပ်တာ မှန်ရဲ့လား ဟတ်ဘ် ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသော အကြိမ်အရေအတွက် မည်မျှ ရှိသနည်းဟု မေးသည် ဆိုပြားအံ့။

အဖြေက ထိုသို့ မေးခဲ့ဖူးပါသည်။ မေးတိုင်းမှာ မှန်က ဟတ်ဘ်ရေ–ဒါက မင်း အမှန်တရားကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုသလဲ ဆိုတာပေါ် မူတည်တယ် မဟုတ်လားဟု ပြန်မေးခြင်း ခံခဲ့ရသည်။

mgyoe.com

ကျွန်ုပ်ကကော သူနှင့် အငြင်းပွားနေ၍ ဘာများ ထူးနေဦးမှာလဲ။

ဟုတ်ကဲ့။ ဖက်ဒရယ် တရားသူကြီး တစ်ယောက်နှင့် ဂျူရီလူကြီးများ ကတော့ ဒါကို မှားသည်ဟု ယုံကြည်သက်ဝင် လက်ခံကြသဖြင့် ရလဒ် အနေဖြင့် ဟားဘတ် ကေ နက်တာမန်း တစ်ဖြစ်လဲ ဝင်ဒလေရှိ ဖက်ဒရယ် ပြုပြင်ရေးစခန်းမှ အကျဉ်းသား နံပါတ် ၁၀၇-၃၃၇၄-၃၄-၈ (ဧည့်သည်များ လာလျှင် စခန်းအာဏာ ပိုင်များအား ကျွန်ုပ်က ၁၀၇ ဟု ခေါ်လျှင် ရပါပြီ ဟု ပြောမိသော်လည်း မည်သူမျှ မရယ်ကြ) သည် အိမ်တွင်းမှုအသက်မွေးသင်တန်း၏ လက်သုတ်ပဝါခေါက်နည်း အတန်း အားလပ်ချိန်တွင် စခန်းစာကြည့်တိုက်မှာ ဤမှတ်တမ်းကို ရေးသားစီရင် နေရပြီတည်း။

သို့သော် ကျွန်ုပ်အတွက် အဆင်ပြေပါသည်။ အနည်းဆုံးတော့ မှန်ထဲ ကြည့်ပြီး ဒီလို လုပ်လိုက်တဲ့အတွက် အဏုမြူ စစ်ပွဲကြီးနဲ့ အဆုံးမသတ်တာ မဟုတ်လားဟု ပြန်ပြောနိုင်ခဲ့သည်လေ။

ထိုသို့ ပြောနိုင်သော အိမ်ဖြူတော် အမှုထမ်း မည်မျှရှိမည်နည်း၊ အားလုံးပဲဟု ကျွန်ုပ် အာမခံနိုင်သည်။ သို့သော် ကျွန်ုပ်က အများဆုံး ဖြစ်သည်။

♥ ♥ ♥

ရက်အနည်းငယ်ကြာတော့ ဂျူဒ်သည် ကျွန်ုပ်ကို လာတွေ့ပြန်၏။ သူ့မျက်နှာပေး က ဟိုတယ်တွင် ဧည့်သည်များ ပမာဒ လေခ၍ မေ့ကျန်ရစ်ခဲ့သော အရွယ်ရောက် သူများ သုံးသည့် ပစ္စည်းလက်ဆောင်များကို မြင်သွားသည့် အောက်ကလီအာ မျက်နှာပေးနှင့် သန့်ရှင်းရေး ဝန်ထမ်းများ၏ အခွက်များကို သတိရစေသည်။ တစ်ခါတုန်းကတော့ လွန်စွာ ဈေးကြီးသော ပစ္စည်းတစ်ခု ကျန်ခဲ့ဖူးသည်။ သဘော မနောကောင်းသည့် သန့်ရှင်းရေးဌာနမှူးက အင်တာနက်မှာ မွှေနှောက်ပြီး အဆိုပါ ပစ္စည်းသည် ဒေါ်လာနှစ်ထောင်ကျော် တန်ကြေးရှိကြောင်း ကျွန်ုပ်ထံ သတင်းပို့ခဲ့၏။ ဧည့်သည်က အမြဲလာနေကျ ရွှေဧည့်သည်အဆင့် အမျိုးသမီး ဖြစ်သည်။ ကျွန်ုပ်က ဆုံးဖြတ်ချက် ချရမည့်လူ။ ထိုပစ္စည်းကို ပက်ကင် လုလု ထုပ်ပြီး ခုလို စာလေးရေး၍ ပြန်ပို့ရမည်လား။

mgyoe.com

mgyoe.com

SAMPLE BOOK


*သို့ ချစ်လှစွာသော မစ္စဘာဘာ ညာညာ ခင်ဗျား။*

*လူကြီးမင်း၏ တန်ဖိုး ၂၀၉၅ ဒေါ်လာတန် ရှုရီဇင် ကုမ္ပဏီထုတ် နှစ်ဖက်သုံး ဖန်သား ကိရိယာ-အဝှာသာယာတံကို ပြန်လည်ပို့ဆောင် ပေးလိုက်ပါသည်။ ကျွန်ုပ်တို့ထံတွင် နေထိုင်ရခြင်းသည် အထူး သာယာပျော်ရွှင်ဖွယ် ဖြစ်မည်ဟု ကျွန်ုပ်တို့က လွန်စွာ မျှော်လင့်လျက် ရှိပါသည်။ နောက်တစ်ခါ လာဦးမည်ကို အစဉ်ထာဝရ စောင့်မျှော် ကြိုဆိုလျက်။*

အင်း… ဟိုတယ်လုပ်ငန်းသည် တစ်ခါတစ်ရံ မိုင်းကွင်းကြီးသဖွယ် ဖြစ်တော့သည်။

ဂျူဒိက ဖိုင်တွဲတစ်ခု ကမ်းလာ၏။

သင်သာ ဖတ်ရန်ဟု ရေးထား၏။

"ဒါ ဘာလဲ"

"ရဲဘော်ကြီး ဇစ်ခင်နဲ့ ရဲဘော်မကြီး ဇစ်ခင်တို့ ဖုန်းပြောတာကို ခိုးနားထောင်ပြီး မှတ်တမ်းတင်ထားတာ၊ သူ ရွေးကောက်ပွဲနိုင်တဲ့ မနက်က သူတို့ ဖုန်းပြောကြတဲ့ မှတ်တမ်း"

ကျွန်ုပ် သူ့ကို စိုက်ကြည့်မိသည်။

"ဂျူဒီ—ဒါ ကိုရှာလား" (ကိုရှာသည် ဂျူးဘာသာရေးနှင့်အညီ ချက်ပြုတ်တည်ခင်းသော အစားအသောက် ဖြစ်၏။ ဒါ ကျင့်ဝတ္တရားနဲ့ ညီရဲ့လားဟု မေးခြင်း ဖြစ်သည်)

"ဘာဖြစ်လို့လဲ"

"အင်း-မီရီယမ် အမြဲ ပြောတဲ့ စကားက ဘာတဲ့------"

"အရေးယူ ဆောင်ရွက်ရမယ့် ကိစ္စ ဆိုတာလား"

"သူများ အိမ်တွင်းရေး (လင်မယားကိစ္စ) လားလို့၊ အဲဒီလိုဆို ကျွန်တော် မဖတ်ဘူး၊ ကျွန်တော့်ကို ဒါ လာပေးတာ ခင်ဗျားကိုယ်ခင်ဗျား ရှက်သင့်တယ်"

"လင်မယားကိစ္စ မဟုတ်တဲ့ အနာဂတ် ရုရှသမ္မတလောင်းနဲ့ သူ့မိန်းမရဲ့ ချစ်ကြည်ရေး စကားပြောခန်းဗျ၊ စိတ်ဝင်စားထိုက်တယ်လို့ ကျွန်တော် ပြောမယ် ဗျာ"

ကျွန်ုပ် ပြုံးလိုက်ပြီး ဖတ်လိုက်သည်။

ရဲဘော်မကြီး ဇစ်ခင်။ ။ ကျုပ်-တော့်ဆီ ဒီတစ်မနက်လုံး ဖုန်းခေါ်နေတာ။

mgyoe.com

mgyoe.com

SAMPLE BOOK


ရဲဘော်ကြီး ဇစ်ခင် ။ ။အား...အလုပ်တွေသိပ်များတယ်လေ၊ ကိုယ် မင်းဆီ ခုပဲ ဖုန်းခေါ်တော့မလို့- မင်း ယုံနိုင်ရဲ့လား။

ရဲဘော်မကြီး ဇစ်ခင်။ ။ တော် ဘာတွေ လုပ်နေတာတုံး။ ကျုပ်တို့ အားလုံး ပြုတ်ပြုတ်ပြုန်း အောင် လုပ်နေတာလား။

ရဲဘော်ကြီး ဇစ်ခင် ။ ။မင်းသတင်းတွေမကြည့်ဘူးလား။ကိုယ် နိုင်ပြီလေ။ အဖနိုင်ငံတော်ရဲ့ ပြည်သူ တွေ နိုင်ပြီ။

ရဲဘော်မကြီးဇစ်ခင် ။ ။ ပြည်သူတွေ အပမှီနေတာ ဖြစ်မှာပေါ့။ သတင်းတွေ ကြည့်သားပဲ။ ကြည့်ပြီး ကျုပ် နေမကောင်းချင်ဘူး ဖြစ်လာ တယ်။တစ်ကိုယ်လုံးပူလာတယ်။သွေး ဆုံးချင်လို့ မဟုတ်ဘူးနော်။

ရဲဘော်ကြီး ဇစ်ခင် ။ ။ဩော်...ပုရှိန်းလေးရယ်၊ကိုယ့်ကိုဘာလို့ ဒီလို ပြောရတာလဲကွယ်။

ရဲဘော်မကြီး ဇစ်ခင် ။ ။ ကျုပ်ကို ဒီလို လာမခေါ်နဲ့၊ ရှင် ရွေး ကောက်ပွဲကို ဘာမဟုတ်တာတွေ လုပ်ထားတုံး။

ရဲဘော်ကြီး ဇစ်ခင် ။ ။အို... ဘာလို့ဒီလိုပြောရတာလဲ၊ မဟုတ် တာတွေ။

ရဲဘော်မကြီး ဇစ်ခင်။ ။ ရှင် မဟုတ်တာ ကျိန်းသေပေါက် လုပ်ထားတယ်။ စစ်တမ်းတွေ ကြည့် လေ။ ရှင်က ပူတင်နောက်မှာ အပြတ် အသတ် ကျန်နေတာ။ သူ့ ဇိမ်ခံကား ဖင်ဖျားကို တယ်လီစကုတ်နဲ့ ကြည့်ရင် တောင် မြင်ရမှာ မဟုတ်တဲ့ လူကများ နိုင်သေးသတဲ့။ အံ့-အံ့ပါရဲ့။

mgyoe.com

ရဲဘော်ကြီး ဇစ်ခင် ။ ။အင်း... အမှန်အတိုင်းပြောရရင် ကိုယ်တို့လည်း သေချာမသိဘူး ဒါပေမဲ့——။

ရဲဘော်မကြီး ဇစ်ခင်။ ။ ဒီမယ်... နားထောင်စမ်း အနာတိုလီအိုင်ဗန်နိုဗစ်ချ်ရေ၊ တစ်ခုခုကတော့အကြီးအကျယ်ကို မှားနေပြီ။ အမှန်တရား ပေါ်လာတဲ့ အချိန်ကျရင်တော့ကျုပ်တို့တွေ သက်သာမယ်မထင်ဘူး။ ရှက်စရာ ကောင်းချက်တော်။ ဝူပ်

ဘယ်သူမှန်း မသိသည့် အသံ။ ။ အော့ခ်ဆာနာလား ရဲဘော်ကြီး။

(အော့ခ်ဆာနာ ဇစ်ခင်-ရဲဘော်မကြီး ဇစ်ခင်)

ရဲဘော်ကြီး ဇစ်ခင် ။ ။ ဟုတ်ပ။

ဘယ်သူမှန်းမသိသည့် အသံ။ ။ဒေါသတွေမှ အတော်ထွက်နေရဲ့လား။

ရဲဘော်ကြီး ဇစ်ခင် ။ ။ သိတဲ့အတိုင်းပေါ့လေ။

ဂျူဒ်ထံသို့ ဖိုင်ကို ပြန်ပေးလိုက်သည်။

"ကျေးဇူးပါပဲ၊ ဒါပေမဲ့ ဒီထဲမှာ ဘာများ အရေးယူဆောင်ရွက်စရာ ပါလို့လဲ ခင်ဗျား ကျွန်တော့်ကို ချောင်းကြည့်သူ ဖြစ်အောင် လုပ်လိုက်တာပဲ"

တကယ်လည်း ကျွန်ုပ် အပြစ်ရှိသလို ခံစားရသည်။ ဒီ အနာတိုလီ ဇစ်ခင်ကို ကျွန်ုပ် လူချင်းလည်း မသိ။ ကွန်မြူနစ်ဝါဒ ပရိသတ်လည်း လုံးလုံးမဟုတ်။ သို့သော် ဤသနားစရာ လူသည် သူ မလုပ်သော ကိစ္စအတွက် ဇနီးသည်၏ ပြစ်တင်ကြိမ်းမောင်းခြင်းကို ခေါင်းငုံ့ခံနေရရှာသည် မဟုတ်လား။ ကျွန်ုပ်တို့၏ ရွေးကောက်ပွဲကို ကျူးကျော်နှောင့်ယှက်ဝံ့သူ ရုရှတို့ကို အထိမခံ လက်တုံ့ပြန် စက်ကလေးက ပညာပေးသည်က ကောင်းသော်လည်း ငါးတကာ ယိုသည့်ချေး ရဲဘော်ကြီး ဇစ်ခင် ခေါင်းမှာ စုရသည်ကတော့ မကောင်း။ ကျွန်ုပ် ရင်ထဲမှာ မကောင်းလှ။ ဖုန်းကို ကောက်ကိုင်၊ ရဲဘော်မကြီး ဇစ်ခင်ထံ လှမ်းဆက်ပြီး ရဲဘော်ကြီး ဇစ်ခင်ကို မဆူဖို့ ဖျောင်းဖျချင်စိတ်တွေ ပေါ်လာသည်။ သို့သော် ခုတော့ နောက်ကျသွားခဲ့ပြီ။ သို့သော်လည်း ရှုံးထွက် ဒုတိယအကြိမ် ပြိုင်ပွဲတွင် မစ္စတာပူတင် အနိုင်ရပြီးလျှင် ဒီကိစ္စတွေ ပြီးဆုံးသွားမည် မဟုတ်ပါလား။

mgyoe.com

mgyoe.com SAMPLE BOOK

# ခုနစ်

စိတ်တည်ငြိမ်စွာ ရှေ့ဆက် အလုပ်လုပ်နိုင်စိမ့်သောငှာ စားပွဲတင် ပြက္ခဒိန် ပေါ်တွင် ရုရှ ရှုံးထွက် ရွေးကောက်ပွဲ ကျင်းပမည့် နေ့ကို မင်နီဖြင့် ဝိုင်းထား လိုက်သည်။ တစ်ရက်တာ ကုန်ဆုံးတိုင်း ကန့်လန့်ဖြတ် ခြစ်ပစ်ခြင်းအားဖြင့် ဘောဲရှိဗစ် လက်သစ်များနှင့် အထိမခံ လက်တုံ့ပြန် စက်ကလေးအပေါ် ပူတင် အောင်ပွဲဆင်ရန် တစ်ရက် နီးလာပြီဟု တွေးရင်း စိတ်သက်သာရာ ရအောင် လုပ်ရ သည်။

အိမ်ဖြူတော် ကျန်းမာရေးဌာနက ကျွန်ုပ်ကို စိတ်သောက လျော့ပါး သက်သာစေရန် နှလုံးခုန်နှုန်း လျှော့ချပေးသည့် ဘီတာ ဘလော့ကာ ဆေးများ ပေးထားသည်။ ဘာကြောင့် စိတ်သောက ရောက်သည် ဆိုသော အကြောင်း အရင်းကို ကျွန်ုပ်ကလည်း သူတို့ကို မပြော၊ သူတို့ကလည်း ကျွန်ုပ်ကို မမေး။ ကျွန်ုပ် သည် စိတ်ဖိစီးမှုကို လျှော့ချဖို့ ဆေးဝါး အကူအညီ ယူရသည့် ပထမဆုံးသော အိမ်ဖြူတော်ဝန်ထမ်း မဟုတ်ကြောင်း ကောက်ချက်ချနိုင်သည်ကတော့ သေချာ၏။

သို့သော်လည်း ကျွန်တော်တို့မှာ ပြဿနာတစ်ခု ရှိနေပြီ ဆိုသော နံစော် ဗုံးကြီးတစ်လုံး ကျွန်ုပ်ဖင်မှာ ဂျူဒိက ကပ်ပေးလိုက်ချိန်မှစ၍ နေမထိထိုင်မသာ ဖြစ်နေရသော ကျွန်ုပ်ကို သမ္မတက ဆင့်ခေါ်လေသောအခါမတော့ စိတ်ဖိစီးမှုကို

mgyoe.com

ဆေးဝါးလည်း မကူနိုင် မကယ်နိုင် ဖြစ်ရတော့သည်။

သမ္မတက အမိန့်ရှိလေပြီ။

"ငါတို့ မိတ်ဆွေဟောင်းကြီး အိုလက်တော့ ပေါ်လာပြီ ဟတ်ဘ်ရေ"

ထိုသတင်းဆိုးကား ကျွန်ုပ်တို့၏ တံတိုင်းကြီးကို မဏ္ဍစီကန် ခိုးဝင်တွေ တွန်းလှဲ ဖြိုချလိုက်သလို ကျွန်ုပ်ကို ကာထားသော ဘီတာဘလော့ကာ ဆေးကို ထိုးဖောက် ဝင်ရောက်သွားလေသည်။

"ဆရာ အိုလက်နဲ့ စကားပြောလိုက်သေးတာလား"

"ဟတ်ဘ်-ငါက စောက်ရူးနဲ့ တူနေလို့လားကွ"

"ဟင့်အင်း၊ ဘယ်တုန်းကမှ မတူပါဘူး ဆရာ၊ ဒါပေမဲ့ အိုလက် ပေါ်လာပြီ ဆိုတာ ဆရာ ဘယ်လိုများ သတိထားမိတာလဲ"

"ငါ့ကို ပေါလ် က ပြောတာ"

လူလိုင်းလုံးကြီးသည် တံတိုင်းကို နောက်တစ်ကြိမ် ဝင်ဆောင့်လိုက်သလို သိမ့်ခနဲ ခံစားလိုက်ရသည်။

"ဆရာက ပေါလ်နဲ့ စကားပြောတယ်လား၊ အမယ်လေး... ဆရာရယ်"

"ဟော့... အဲဒါ ဘာဖြစ်တုံး"

"ဆရာ့ပေါလ်-အဲ... ဆရာ့ရဲ့ ရွေးကောက်ပွဲ ကမ်ပိန်း မန်နေဂျာ ပေါလ်က ထောင် ခုနစ်နှစ် ကျနေတာလေ ဆရာ၊ ဂရိတာ ဒါမှမဟုတ် ကေတီ့ကို ပြောခိုင်းရင် ပိုသင့်တော်မလားလို့ပါ ခင်ဗျာ"

"ဟော့... ထရမ့်ဟာ မိတ်ဆွေတွေကို ဘယ်တော့မှ ပစ်မထားဘူးကွ၊ ဒါ မင်း သိထားသင့်တယ် ဟတ်ဘ်၊ ငါ မင်းကို စိတ်ပျက်တယ်ကွာ၊ အရမ်းကို စိတ်ပျက်တာပဲ"

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ"

"ငါတို့ဟာ အိုလက်ကို ပြန်ပြီး ပျော်လာအောင် လုပ်ပေးဖို့ လိုတယ်၊ အဲ... မင်း လုပ်ရမယ် ဆိုပါတော့"

အိုလက်ကို လာဘ်ထိုးရမည်ပေါ့လေ။

"ဟုတ်ကဲ့၊ ကျွန်တော် လုပ်နိုင်တာ မှန်သမျှ လုပ်ပါ့မယ် ဆရာ၊ ဒါပေမဲ့"

ကျွန်ုပ် စကားဆုံးအောင် ပြောခွင့်မရ။

မစ္စတာထရမ့်က ခေါင်းကြီးယမ်းပြီး-

mgyoe.com

"ဟော့... ဒီစောက်လုပ်ကို လုပ်မှာသာ လုပ်စမ်းကွာ၊ ငါ လုပ်တာ အားလုံးက လူတွေကို ပျော်ရွှင်စေဖို့ပဲကွ" ဟု ပြော၏။

"ဆရာ့လူတွေအတွက် ဆရာဟာ မြစ်ကြီးတစ်စင်းပါ ဆရာ"

"ဘယ်ဟာက ကောင်းမယ် ဆိုတာ မင်းသိလား ဟတ်ဘ်"

"ခင်ဗျာ ဆရာ၊ ဘာကို ပြောတာလဲ ခင်ဗျာ"

"ဩော်...တစ်ယောက်ယောက်က ငါ့ကို ပျော်အောင် လုပ်ပေးချင်တယ် ဆိုတာလဲ– ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျ၊ ဘာအလိုရှိပါသလဲ–ရစေရမယ် စိတ်ချပါ–အဲဒါ လိုချင်တာလား အဲဒီလို အပြန်အလှန် ပျော်အောင် လုပ်ပေးကြ ရင်းနဲ့—အင်း—မဆုံးနိုင်သော သံသရာ ဖြစ်တော့တာကိုးကွ–ငါ သမ္မတ ဝင်မရွေး သင့်ဘူးကွာ၊ ငါတို့ ဘာအကြောင်း ပြောနေကြတာလဲ"

"အိုလက် အကြောင်း ခင်ဗျ"

"မှန်တယ်၊ သူ့ကို ပျော်အောင် လုပ်ပေး၊ ငါနဲ့ ခပ်ဝေးဝေးမှာ နေပေ့စေ"

အိုလက်ကို ဝေးဝေးထားဖို့က ပြဿနာ မဟုတ်ပါချေ။ အဘယ်ကြောင့် ဆိုသော် အိုလက်သည် အမေရိကန် ပြည်ထောင်စုသို့ ခြေတစ်လှမ်း ချလိုက်သည်နှင့် အဖမ်းခံရမည် ဖြစ်သောကြောင့်ပင်။ လုပ်ကြံခံရ၍ ကွယ်လွန်သွားသော ဝါရှင်တန် သတင်းစာ၊ မော်စကို ဌာနခွဲ၏ အကြီးအကဲဖြစ်သူ ဂလက်ဘ်နီကော့ဗ်ကို အစွဲပြု၍ ပြဋ္ဌာန်းခဲ့သော ဂလက်ဘ်နီကော့ဗ် ဥပဒေအရ အိုလက်၏ အမေရိကန် ပြည်ထောင်စု တွင်း ပိုင်ဆိုင်သမျှကို ထိန်းသိမ်းထားပြီး သူ့ကို ပြည်ဝင်ခွင့်လည်း ပိတ်ထားခဲ့သည်။

ဝါရှင်တန် သတင်းစာ ထုတ်ဝေသူ ဘီလီယံနာသူဌေးသည် (ဝါရှင်တန် ပို့စ် ပိုင်ရှင် အမေဇုံပိုင်ရှင် ဂျက်ဖ်ဘီဇော့ကို ပြောခြင်း ဖြစ်သည်) သူ၏ မော်စကို တိုက်ခွဲ အကြီးအကဲ ပီတာ ဂလက်ဘ်နီကော့ဖ်ကို သတ်မှုဖြင့် အိုလက်ကို စစ် ကြေညာထားသူ ဖြစ်သည်။ အိုလက်၏ လုပ်ရပ်များအကြောင်း အပိုင်းကြီး ငါးပိုင်း ခွဲ၍ ဖော်ပြခဲ့ပြီးနောက်မှာတော့ အမေရိကန် ကွန်ဂရက် အောက်လွှတ်တော်သည် မီဒီယာ သူကြွယ်ကြီး ကျေနပ်စိမ့်သောငှာ ဥပဒေကြမ်း ရေးဆွဲခဲ့ပြီး သမ္မတ အိုဘာမား လက်မှတ်ထိုးလိုက်သောအခါ ဥပဒေ ဖြစ်၍ လာတော့သည်။ (ပြည်သူ့ ရန်သူတစ်ဦးကို လုပ်ကြံပေးသည့်အတွက် ပူတင်၏ မိတ်ဆွေ ရုရှ ခေတ်ပျက် သူဌေးတစ်ဦးကို အပြစ်ပေးသည့် ဥပဒေမျိုး သမ္မတထရမ့် ဆိုလျှင် လက်မှတ် ထိုးမည်လားဟု မေးစရာ ရှိပေသည်)

mgyoe.com

mgyoe.com  SAMPLE BOOK 

အိုလက်အား တစ်ဖန်ပြန်လည် ပျော်ရွှင်အောင် လုပ်ခြင်း (အ-တ-ပ-လ) ကို ဘယ်လို ဆောင်ရွက်ရမလဲ ဆိုတာကို ကျွန်ုပ် ကြာကြာ စိတ်ကူးချိန်ပင် မရ။ ယခုပင် အ-တ-ပ-လ ဟု ရွှေရောင်စာလုံးကြီး ရေးထိုးထားသည့် အနီရောင် သားမွေးဦးထုပ်ကြီး အောက်မှာ သွားကြီးဖြဲနေသည့် သူ့ ဆလားဗစ် မျက်ခွက် နီရဲရဲကြီးကို မျက်စိထဲ မြင်လို့ နေချေပြီ တကား။

♥ ♥ ♥

မစ္စတာထရမ့် နှင့် ကျွန်ုပ်တို့သည် ၂၀၁၃ ခုနှစ်တွင် အိုလက် ပီရှင်းစကီး နှင့် စတင် ဆုံစည်းခဲ့သည်။ ဖိုးဘီး မဂ္ဂဇင်း၏ နှစ်စဉ်ထုတ်ပြန်နေကျ အော့ကြောလန် ဘီလီယံနာ စာရင်းတွင် နံပါတ် ၁၇ ချိတ်ပြီး ရုရှ အော့ကြောလန် ဘီလီယံနာ စာရင်း တွင် နံပါတ်လေး ချိတ်သည့် အိုလက်။

သူငွေးဘဝရောက်ဖို့ ချီတက်ခဲ့ရသည့် အိုလက်၏ ခရီးစဉ်မှာ ရှည်လျား လှဘိတောင်း။ သူ့ဘဝကို စိန့်ပီတာစဘတ်တွင် ကားဂိုဒေါင် စက်ပြင်ဘဝနှင့် စခဲ့ပြီး ထိုဘဝမှာပင် ကေဂျီဘီ မိုလ်ကလေး ဗလာဒီမာ ပူတင်နှင့် မိတ်ဆွေရင်း ဘဝသို့ ရောက်ခဲ့သည်။ ထို အနုညာတ ဘဝမှ ဂလူဘိုနက်စ်တီ ကုမ္ပဏီပေါင်းစု၏ စီအီးအို၊ ပိုင်ရှင်နှင့် ရှယ်ယာအများစု ပိုင်ဆိုင်သူ ဘဝ ရောက်လာခဲ့သော အိုလက်၏ ချုံကြားမှ ဘုံဖျား ခရီးစဉ်သည် ဟားဘတ် ဘိဇနက် သင်တန်းကျောင်းနှင့် အင်တာပို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့တို့တွင် ပြဋ္ဌာန်းသင်ကြားခံ ကိစ္စတစ်ခု ဖြစ်လာခဲ့သည်။

အိုလက် ကား ဘယ်လိုတိုင်းတိုင်း သံလိုက်လို ဆွဲဆောင်မှု ရှိလှသည့် ဘုရားသခင်၏ လက်ဆောင်ကို ပိုင်သသူ ဖြစ်သည်။ ရင်အုပ်ကျယ်ကျယ်-ဆံပင် နီနီ-သူ အင်မတန် ဂုဏ်ယူဝံ့ကြွားသည့် မိုက်ကင်းသွေးကို ပြသည့် စန္ဒရား ခလုတ်ခုံလို သွားဖြူဖြူတွေကို ဖြဲပြီး အမြဲရယ်နေတတ်သည့် အိုလက်သည် မစ္စတာထရမ့်၏ ရုရှ ဗားရှင်း ပုံစံ ဖြစ်သည်။ အခန်းထဲ ဝင်လာသည်နှင့် လူတကာ လှည့်ကြည့်ရလောက်သည့် မဟာဆွဲဆောင်မှု ပိုင်ရှင်ကြီးများ ဖြစ်ကြသော မစ္စတာ ထရမ့်နှင့် အိုလက်တို့သည် ညှော်ခန်းဆောင်အတွင်းမှ မီးသီးတပ် ပန်ကာများကို တရှိန်ရှိန် မြည်စေနိုင်သူများ ကေန်အမှန် ဖြစ်တော့သည်။

mgyoe.com

m gyoe.com SAMPLE BOOK


ဆိုချီကရိုင်းမီးယား ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ၃၇၆ ပေရှည်သည့် သူ၏ ရောမ ဇိမ်ခံရွက်လှေကြီးပေါ်သို့ ကျွန်ုပ်နှင့် မစ္စတာထရမ့်ကို ဖိတ်ကြားခဲ့စဉ်က သူ၏ ရုပ်သွင်ကို ကျွန်ုပ် ကောင်းကောင်းကြီး မှတ်မိပါသေးသည်။ ထိုစဉ်က အိုလက်သည် ရွက်လှေထိပ်မှာ မားမားကြီးရပ်၊ လက်ကြီးနှစ်ဖက်ကို ရှုရှု ဝက်ဝံကြီးလို ဆန့်တန်းပြီး ဒိုနယ်-ကျူပ်ရဲ့ လှေစုတ်ကလေးကနေ ကြိုဆိုပါတယ် လို့ ပြောနေသည့် သူ့အသံကိုလည်း ခုချိန်ထိ ကြားယောင်နေသေးသည်။

ကြိုဆိုခံရသော မစ္စတာထရမ့်နှင့် ကျွန်ုပ်ကတော့ အတော်ခံစားရ၏။ အိုလက်၏ လှေစုတ်လေးက ဖိတ်ဖိတ်တောက်ကာ လက်လက်ထနေသည်။ လင်းလွန်း လက်လွန်းလှသဖြင့် နေကာမျက်မှန်ပင် တပ်ယူရသည်။ လက်ဆိုတစ်စီးလုံး ရွှေချထားသည်ကိုး။ မစ္စတာထရမ့်က အိုလက်၏ ရွှေလှေကို သဘောကျလှသည်။ အိုလက်ကလည်း ထို့အတွက် ဂုဏ်ယူ လှသည်။ အထင်ကြီးနေသည့် မစ္စတာထရမ့်သည် ကျွန်ုပ်ဘက်လှည့်၍ လေသံကလေးဖြင့်-

"ငါတို့ ဒါမျိုး တစ်စီးလောက် လိုတယ်၊ နယူးယောက် ပြန်ရောက်ရင် ဒါမျိုးဝယ်ဖို့ ငါ့ကို သတိပေးစမ်းပါ" ဟု ပြော၏။

သူ၏ ရွှေလှေကို အိုလက်က မာရီယာ အိုင်ဗာနို့ဗ်နာ ဟု အမည်ပေးထား၏။ ပူတင်၏ အမေကို ဂုဏ်ပြုသောအားဖြင့် ဟု ဆို၏။ တကယ်တော့ ၁၄ ယောက်ထက် မနည်းသော ရုရှ ခေတ်ပျက် သူဌေးများသည် သူတို့ရွက်လှေများကို ထိုအမည်ပေးထားကြသည်။ နွေရာသီအိုလံပစ်ပွဲတော်မှာ ထိုမာရီယာ အိုင်ဗာနို့ဗ်နာ အားလုံး ဆိုချီဆိပ်ကမ်းမှာ တစ်ပြိုင်နက် ဆိုက်ကပ်ထားခဲ့ပါလျှင် ရုရှ ရေတပ်သည် သူတောင်းစား တပ်ဖွဲ့သာသာ ဖြစ်သွားပေလိမ့်မည်။ နောက်ဆုံးမတော့ မနေနိုင်တော့သည့် သမ္မတပူတင်သည် ခေတ်ပျက်သူဌေး အော်လီဂပ်များကို ရွက်လှေဝယ်တိုင်း သူ့အမေ နာမည်ချည်း ပေးနေတာမျိုး မလုပ်ကြဖို့ မေတ္တာရပ်ရလေတော့သည်။

သူ၏ မပြည့်စုံသော်လည်း အလုပ်ဖြစ်သည့် အင်္ဂလိပ်စကားနှင့် ပြောခဲ့သည့် သူ့ အခြားပိုင်ဆိုင်မှုတွေထဲမှာ အမေဇုံ မိုးသစ်တော တစ်ခုပင် ပါသေး၏။ ဖိုင်နန်ရှယ်တိုင်းမ် ၏ ခန့်မှန်းချက်အရ လန်ဒန် အိမ်ခြံမြေ ဈေးကွက်မှာ အိုလက်၏ ပိုင်ဆိုင်မှုသည် ၃ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းခန့် ရှိမည်ဟု ဆို၏။ ၂၀၁၃ ကျွန်ုပ်တို့ ခရီးစဉ်အပြီးမှာ သူသည် နယူးယောက် ထရမ့်တာဝါတွင် သုံးခန်းတွဲ အိမ်ခန်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခန်းကို ဝယ်ယူရာတွင် ပေါက်ဈေးထက် သုံးပုံတစ်ပုံ ပိုပေးသွားသဖြင့် မစ္စတာထရမ့် ထိရှသွားခဲ့သည်။ (ဆိုဈေးထက် ပိုပေးခြင်းထက် မစ္စတာထရမ့်ကို အထင်ကြီးစေသော အရာသည် ဤကမ္ဘာတွင် အခြားမရှိ)

သူ့ ဒုတိယအိမ်များဟု ခပ်မြူးမြူး ခေါ်လေ့ရှိသည်များ အားလုံးသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ အာဏာရှင်တွေ ပိုင်ဆိုင်သည့် အရာတွေ ဖြစ်နေသည်ကိုလည်း မစ္စတာထရမ့်က အလွန်အင်မတန်ကို အထင်ကြီးပြန်သည်။

ခပ်ပ်ဒန်တီးပ် (ပြင်သစ် အပန်းဖြေမြို့) မှ စံအိမ်တော်ကြီးက ဟေတီ အာဏာရှင် ဘေဘီဒေါက် ဒူဗေးလီးယား ပိုင်ဆိုင်သော အရာ။ အီတလီ အွန်းမ်တာရီရာရှိ ပါလာ့ဇို စံအိမ်တော်ကြီးက ဘန်နီတို မူဆိုလီနီ၏ နွေရာသီ အပန်းဖြေစံအိမ်၊ လူတွေက အာဏာရှင် မူဆိုလီနီ ကို သူ့မယားငယ် ကလာရာ ပီတာ့ချီ နှင့်အတူ ဖောက်ထိုးဆွဲထားသည် ဆိုခြင်းမှာ အမှန်တကယ် ဟုတ်၊ မဟုတ် မစ္စတာထရမ့်က သိချင်စိတ် ပြင်းပြနေသော်လည်း မဟုတ်ဘူး ဆိုသည့် စကားအကြားမှာ စိတ်အနှောင့်အယှက် ဖြစ်သွားခဲ့သည်။ အာဂျင်တီးနားရှိ အိုလက်၏ အမဲလိုက်စံအိမ်မှာလည်း တစ်ခါက သမ္မတဟွမ်ပေရွန် ပိုင်ဆိုင်သည့် အရာတဲ့လေ။

"ကောင်းလိုက်တာ၊ ကျုပ်က အမဲလိုက်တော့ ဝါသနာမပါပါဘူး၊ ဒါပေမဲ့ မိုက်တယ်၊ သိပ်ကောင်းတယ်"

အိုလက် မျက်နှာကြီး ဝင်းဝင်းတောက်သွား၏။ လေ့ပေါ်မှာ လွန်စွာ ဆွဲဆောင်မှုရှိလှသည့် အချောအလှ ဣတ္ထိယတွေ များမှများ။ ထိုအထဲက သူ၏ အဓိက မိတ်ဆွေမကြီးက မှတ်ချက်ချ၏။

"ကြွခိုင်သန်စွမ်းတဲ့ ပုရိသလူကြီးမင်းများအတွက် အိုလက်မှာ အစီအစဉ်တွေ အများကြီးရှိတယ် ရှင့်"

မစ္စတာထရမ့်ခမျာ ခေါင်းတညိတ်ညိတ်နှင့် အထင်တကြီး ဖြစ်ရပြန်ရှာလေသည်။

အိုလက်နှင့် မစ္စတာပူတင်တို့သည် ရင်းနှီးလှသော မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများ ဖြစ်ကြ၏။ ကရင်မလင်က နှစ်ခြိုက်စွာ သုံးစွဲသော စကားလုံး ဖြစ်သည့် သမ္မတ၏ ပင်လယ်ကမ်းစပ်နားက ရိုးရှင်းသော အိမ်ကလေးကို ရုရှမီဒီယာက တစ်စိတ်ကို တစ်အိတ်လုပ်၍ ပူတင်၏ ပင်လယ်နက်နားက ဘီလီယံ ဒေါ်လာတန် နန်းတော်ကြီးဟု ဖော်ပြသောအခါ အိုလက်သည် မြန်မြန်ဆန်ဆန်

mgyoe.com

mgyee.com SAMPLE BOOK

ရှေ့ထွက်လာပြီး အဆိုပါ အိမ်ကို ချက်ချင်းဝယ်ကာ နိုင်ငံတော်သို့ တစ်နှစ်ရှုဘယ် တစ်ရာ (၁.၅၅ ဒေါ်လာ) နှင့် ရက်ရောစွာ ငှားပေးလိုက်လေသည်။ ထိုအကြောင်းကို–

"မိတ်ဆွေ အပေါင်းအသင်း ဆိုတာ ဒါပဲကွ၊ သိပ်ကို လှပတဲ့ လုပ်ရပ်" ဟု စောင့်ကြည့်နေခဲ့သော မစ္စတာထရမ့်က ဝမ်းမြောက်စွာ ကောက်ချက်ချခဲ့သေးသည်။

အဆိုပါ ကိစ္စသည် ဆိုဗီယက်ခေတ်လွန် မီဒီယာ လွတ်လပ်ခွင့် ကိစ္စနှင့် ပတ်သက်၍ မစ္စတာပူတင်ကို သေသေချာချာ ပြန်လည်သုံးသပ်ရန် သွေးဆောင်ဖြားယောင်းနိုင်ခဲ့သည့် နောက်ဆုံးဖြစ်ရပ်ဖြစ်၏။ ကရင်မလင်၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦး ဂျန်းနစ် ဂျော့ပ်လင်း၏ သီချင်းကို ယောင်ဝါးဝါး အမိပ္ပာယ်ဖွင့်သလို လေသံဖြင့် ပြောခဲ့သော–

"လွတ်လပ်ခွင့် ဆိုသည်မှာ နိုင်ငံတော်အပေါ် မလေးမစား သရော်မော်ကားပြုခြင်းကို အပြစ်လွတ်အောင် သုံးစွဲသည့် စကားလုံးမျှသာ"

အိုလက် ကိုယ်တိုင်ကလည်း မီဒီယာ၏ ပရိသတ် လုံးဝ မဟုတ်။

အိုး–နိုး––––––––––––––––။

နှစ်တွေ ကြာပြီးသည့်အခါ သမ္မတဖြစ်နေသည့် မစ္စတာထရမ့်သည် မီဒီယာကို–

- ပြည်သူ့ရန်သူ
- ရေညှိ
- ပိုးထိုးလောက်ကိုက်
- အပုပ်အစပ်
- အော့နှလုံးနာ ရွံရှာဖွယ်လိလိ
- ကောက်ကျစ်စဉ်းလဲသော တိရစ္ဆာန်များ နှင့်

အခြားသော ရောင်စုံ စကားလုံးများသုံး၍ အားပြည့်အင်ပြည့် ထိုးနှက်သောအခါ အိုလက်က ကောင်းချီးသြဘာ ပေးခဲ့လေသည်။

သို့သော်လည်း မစ္စတာပူတင်၏ ကျော်ကြားသော စကားဖြစ်သည့် ခင်ဗျားတို့ ရုံးတွေကို မီးလောင်ဗုံးနဲ့ထုပြီး လောင်မီးကျစေအောင် ကျုပ်ကို လာမလုပ်နဲ့ ဟု ရုရှ မီဒီယာများကို ရာဇသံပေးပြီးနောက်ပိုင်းတွင် သူနှင့် မီဒီယာ

mgyee.com

mgyoe.com

ဆက်ဆံရေးသည် စားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ရမတတ် ဆိုးရွားလာခြင်းသာ အဖတ်တင်သည်မဟုတ်ပါလား။

အိုလက် ပိုင်ဆိုင်သော အရာများအနက် တာဂျစ်ကစ်စတန်ရှိ လူ့အင်္ဂါအစားထိုးခြင်းအတွက် ကလီစာများကို ပံ့ပိုးပေးသော ဆေးခန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုလုပ်ငန်းမျိုးသည် အများသူငါ လက်ခုပ်တီး အားပေးကြမည့် လုပ်ငန်းမျိုးဟု ထင်ကောင်းထင်ကြလိမ့်မည်။ သို့သော် ဈေးကွက်အလိုအရ လူ့အင်္ဂါတွေကို ရောင်းစားနေသည့် ထိုဆေးခန်းသည် နတ်လူသာစု ခေါ်ခြင်းနှင့် ထိုက်တန်ရဲ့လား။

မော်စကိုသတင်းစာ နိုဗီစမီးယားက အိုလက်ကို ကျောက်ကပ်ဘုရင်ကြီးဟု အမည်တပ်ပြီး ထိုအကြောင်းကို အကြီးအကျယ် ရေး၏။ အစားထိုး အစိတ်အပိုင်းများကို လှူဒါန်းခြင်း မဟုတ်ကြောင်း၊ ရောင်းချခြင်းဖြစ်ကြောင်း ဖော်ပြသည်။

အိုလက်သည် ထိုသတင်းစာကို အသရေဖျက်မှုဖြင့် တရားတဘောင်လုပ်၏။ မည်သူက သူ့ကို အပြစ်တင်ဝံ့ပါ့မလဲ။ ကံအားလျော်စွာပဲ ပြောရမလား၊ ကရင်မလင်သည် သူတစ်ပါးအား စိတ်ပုပ်စိတ်ယုတ်ဖြင့် စွပ်စွဲတတ်သည့် အကြောင်းအရာများကို ဖော်ပြခြင်း မပြုရန် မီဒီယာပြုပြင်ရေး ဥပဒေကို ထုတ်ပြန်သဖြင့် ထိုသတင်းစာတိုက် ပိတ်လိုက်ရပြီး အိုလက် အတွက် တရားစရိတ်များကို သက်သာစေခဲ့သည်။

သို့သော်လည်း ကံဆိုးမိုးမှောင်ကျချိန်တန်တော့ ထိုအကြောင်းများကို မော်စကိုအခြေစိုက် နိုင်ငံခြား မီဒီယာများက အာရုံကျသွားကြသည်။

ယေဘုယျအားဖြင့် ရုရှ အော်လီဂတ် ငနဲများသည် ဘယ်မီဒီယာ၏ စိတ်ဝင်စားခြင်းကိုမျှ မခံလိုကြ။ မြေဆီမြေကောင်းရသည့် မှောင်မိုက်ထဲမှာသာ မှိုပွင့်တွေလို ရှင်သန်ကြီးထွား လိုကြသည်။ ထို့ကြောင့် ဝါရှင်တန် သတင်းစာ၏ မော်စကို ဌာနခွဲ အကြီးအကဲ ပီတာ ဂလက်ဘ်နီကော့ဗ်က ပူတင်၏ အကူအညီဖြင့် တည်ထောင်ခဲ့သော ကမ္ဘာ့အကြီးဆုံး မော်လစ်ဘ်ဒီနန် သတ္တုလုပ်ငန်းကို ဆောင်ရွက်နေသော ဂလူဘိုနက်စ်တီ လုပ်ငန်းစု၏ ပွဲကိုင်ရှင် အိုလက် ဆိုသည့် အပိုင်းငါးပိုင်းပါ သတင်းဆောင်းပါးကြီးကို ရေးသား ဖြန့်ချိ လိုက်သောအခါ အိုလက်သည် သာလည်း မသာယာ၊ ကျေလည်း မကျေနပ်၊ နီး…။

mgyoe.com

mgyoe.com SAMPLE BOOK

ဂလူဘိုနက်စ်တီ၏ ဆေးဝါးလုပ်ငန်းအကြောင်း ဖော်ပြထားသည်ကို သူ ဒေါ်အပွဆုံး ဖြစ်သည်။ အခြားသော ဆေးဝါး ဆေးပစ္စည်းများစွာထဲမှာ အစိုးရ ကန်ထရိုက် အောင်မြင်ထားသော ဂလူဘိုနက်စ်တီ၏ ထုတ်ကုန်တစ်မျိုးကား နိုဗိချော့ခ် ဟု အမည်တွင်သော အာရုံကြော ဆေးတစ်မျိုး ဖြစ်သည်။ လူသစ်လေး ဟု ဘာသာပြန်ရမည့် သူ့နာမည်သည်သာ ထိုပစ္စည်း၏ တစ်ခုတည်းသော ချစ်စရာ ကောင်းသည့် အရာ ဖြစ်တော့သည်။ ထိုအရာသည် တကယ်တော့ ပူတင်ကို ဆန့်ကျင်သော ကေဂျီဘီအေးဂျင့်ဟောင်းတွေ၊ သံတမန်တွေ၊ အာဏာရှင် ဆန့်ကျင် ရေးသမား ဆိုသည့် ခွာနာရှင်တွေကို အပြုတ်ဆော်သည့် အရာ ဖြစ်သည်။ နိုဗိချော့ခ် နှင့် နဖူးတွေ့ဒူးတွေ့ တွေ့လျှင် ပစ်ကနစ်ထွက်သလို သာယာမည် မဟုတ်၊ ဘရိုင်လ် ခရမ်း ဟဲ တောနစ် ကြော်ငြာဟောင်းထဲကလို တစ်စက်ဆို လုံလောက်ပြီ ဆိုတာမျိုး ဖြစ်သည်။ (မြည်းစမ်းကြည့်ဖို့ ဆိုလိုခြင်း လုံးဝမဟုတ်)၊ ဝါရှင်တန် သတင်းစာထဲ ထပ်ရေးထားသည့် အိုလက်၏ ဂုဏ်ပုဒ် နောက်တစ်ခုက ပူတင်၏ ဆေးစပ်ဆရာ တဲ့။ ထိုအခေါ်အဝေါ်နှင့် ပတ်သက်၍လည်း ပူတင်ရော သူ့ဆေးစပ်ဆရာကပါ မကျေနပ်ချေ။

အဆိုပါ ဆောင်းပါးကြီး ဖော်ပြပြီး တစ်လအကြာတွင် မစ္စတာ ဂလက်ဘ်နီ ကော့ဗ်သည် ဖျားနာလေ၏။ ဓာတ်ပုံတွေထဲမတော့ သူ့ကို ကြည့်ရှုပေးသည့် ဆရာဝန် နှင့် သူနာပြုများ သည် ရေဒီယိုဓာတ်သတ္တိကြွ လူနာကို ကြည့်ရသကဲ့သို့ အကာအကွယ်ဝတ်စုံ အထပ်ထပ်နှင့်။ အဆိပ်ဗေဒ အစီရင်ခံစာမှာတော့ ကံ အကြောင်း မလှသော ဂျာနယ်လစ် လူကြီးမင်းသည် နိုဗိချော့ခ်နှင့် တစ်နည်းတစ်ဖုံ ထိတွေ့ခဲ့သည်ဟု ဖော်ပြထား၏။

အိုလက်ဘက်သို့ လက်ညှိုးကြီးတွေ လှည့်လာခဲ့သော်လည်း သူက ကျောက်သားကျောက်စိုင်လို မယိုင်လဲစတမ်း ကြွံကြွံခံ ငြင်းဆိုပြီး စိတ်စေတနာ ကောင်းကို ပြသသည့်အနေဖြင့် မစ္စတာဂလက်ဘ်နီကော့ဗ် ၏ ပျက်စီးယိုယွင်း နေသော ကိုယ်တွင်းအင်္ဂါတို့ကို အစားထိုးရန် ပို့ပေးမည်ဟု ကြေညာခဲ့သည်။ သို့သော် အင်္ဂါဟောင်းတို့၏ ပျက်စီးနှုန်းကို လိုက်မမီသဖြင့် မစ္စတာဂလက်ဘ်နီ ကော့ဗ်တစ်ယောက် အနိစ္စရောက်သွားခဲ့သည်။ သို့သော် သူ မသေခင် ထိုအရာ အားလုံး၏ တရားခံက အိုလက် ဆိုသည့် စွပ်စွဲပြစ်တင်စာတော့ ရေးသွားခဲ့ သေးသည်။

mgyoe.com

mgyoe.com


အိုလက်သည် သူ၏အပြစ်မဲ့ခြင်းကို ရှုပ်ရှုပ်ချွံချွံ သက်သေပြလေသည်။ တန်ဖိုးကြီး ကိုယ်တွင်းအင်္ဂါများကို ပို့ဆောင်ပေးမည်ဆိုခြင်းကို မည်သူကမျှ ကျေးဇူးတင်ဖော်မရကြောင်း မိမိကိုယ်မိမိ သနားကရုဏာသက်သည့် စတိတ်မန့်ပင် ထုတ်လိုက်သေးသည်။

ကံမကောင်းအကြောင်းမလှသည့် ကိစ္စသည် ထိုသို့ ဖြစ်ပျက်ခဲ့သော်လည်း ခွေးတွေ ဘယ်လိုဟောင်ဟောင် လှည်းတန်းကြီးကတော့ ခရီးဆက်မြဲဆက်ဆဲတည်း။

မစ္စတာထရမ့်နှင့် အိုလက်တို့ ကြီးနှစ်ကြီး ၂၀၁၃ ခုနှစ်က တွေ့ဆုံခဲ့ကြခြင်း၏ အကြောင်းရင်းမှာ မယ်စကြဝဠာ ပြိုင်ပွဲကြောင့် ဖြစ်၏။

အင်-ကျွန်ုပ်မိမိ ဟတ်တ် နက်တာမန်းသည် ဖော်ဒကာသောက်၊ ကားဗီယားငါးဥစားပြီး ပါးစပ်ကြီးဖြကာ နှလုံးခုန် ရပ်မတတ်ဖြစ်အောင် ညို့ယူ ဆွဲဆောင်အားပြင်းလှသည့် မယ်စကြဝဠာ အလောင်းအလျာများကို ကြည့်ရှုရန် မော်စကိုသို့ ရောက်ခဲ့ရခြင်း မဟုတ်ပါ။ ထရမ့်တာဝါ ကရင်မလင်အတွက် ညှိနှိုင်းဆွေးနွေးရန်အတွက် မစ္စတာထရမ့်ဘေးမှ စိန်နားကပ်အရောင် ပါးပြောင်ဘ၀ဖြစ် ပါလာရခြင်းသာပါ။

ရောမကို တစ်ရက်တည်းဖြင့် တည်ဆောက်၍မရ ဆိုသလို၊ မစ္စတာထရမ့်၏ ကရင်မလင်တာဝါလည်း တစ်ရက်တည်းဖြင့် တည်ဆောက်ရန် မဖြစ်နိုင်ဆိုခြင်းကို မကြာမတင်မှာပင် သိလာခဲ့ကြရသည်။ နောက်ထပ်တစ်ခါ နိုးပြန်တော့ သည်ပေ့ါ။ ရုရှတွင် လုပ်ငန်းလုပ်ခြင်း ဟူသည် စာတစ်စောင် ပေတစ်ဖွဲ့ရေးရမည့် အရာဆိုပေမယ့် နှစ်ပေါင်းများစွာ ကြာမြင့်လာသော ခုချိန်ခါထိ ထရမ့်တာဝါ ကရင်မလင်မှာ အိပ်မက်ဘ၀က မတက်။ တကယ့် ကရင်မလင်နန်းတော်နှင့် သူ့ ထရမ့်ကရင်မလင် တာဝါကို ကိုယ်ထည်ချင်း ဆက်ထားမည် ဆိုသည့် မစ္စတာထရမ့်၏ အကြံဆန်းကား မဖြစ်မြောက်ရသည့် အချက်တွေထဲ ထိပ်ဆုံးကပါ၏။ မစ္စတာလီနင်၏ ရုပ်အလောင်းထားရှိရာ လီနင်ဂူဗိမာန်ကို ဟိုတယ် လော်ဘီအဖြစ် အသုံးပြုမတဲ့။ ဤကိစ္စအတွက် (လာဘ်ထိုးသည်ဟု ကျွန်ုပ် မပြောချင်) သက်ဆိုင်ရာ အာဏာပိုင်တွေကို ပရဟိတ အလှူငွေတော့ မပေးချင်ပါတဲ့။ ဗာဂျီးနီးယား သမိုင်း ကော်မရှင်ကိုပင် သတိရသေးတော့။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်ုပ်က အဆိုပါ ကိစ္စတွေနှင့် နပန်းလုံးနေတုန်း မစ္စတာထရမ့်နှင့် အိုလက်ကတော့ မယ်စကြာဝဠာပြိုင်ပွဲဝင်များအပေါ် လုံးဝဥသုံ အာရုံစိုက် ထား၏။ အဆိုပါ ကိစ္စမတော့ ဧရာမ အောင်မြင်မှုကြီး ရခဲ့သည်ဟု မစ္စတာထရမ့်က ဆိုသည်။ အိမ်အပြန် ကျွန်ုပ်တို့ လေယာဉ်ပေါ် တက်သောအခါ မစ္စတာထရမ့်ကို ပျော့ခွေ နွမ်းဖပ်လျက် တွေ့ရသည်။ ထိုမျှလောက် ရုပ်ပျက်ဆင်းပျက် ပန်းလန် လက်နေတာမျိုး ကျွန်ုပ်တစ်ခါမျှ မမြင်ဖူးခဲ့။ ခရီးစဉ်တစ်လျှောက်လုံး သူ အိပ်လာ သည်။ လေယာဉ်အဆိုက်မှာတော့ လူသန်ကြီးလေးယောက်က သူ့ကို ထမ်းချရ သည်။ ယောက်ျားတစ်ယောက်၏ စွမ်းဆောင်ရည် ထိုမျှပင် ရှိလေသလား ဟု အဲဒီတုန်းက ကျွန်ုပ် အားကျစွာ စဉ်းစားမိကြောင်း မှတ်မိသေးသည်။

အဲ–ခုနှစ်နှစ်ကြာသွားချိန်မတော့ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်းကြီး အိုလက်သည် တစ်ဖန်ပြန်လည် အသံပေးလာပြီမို့ ထိုစဉ်က ကိစ္စကို ကျွန်ုပ်အနေနှင့် ဖောချဲ့ပြရန် လိုလာခဲ့လေပြီ။ မယ်စကြာဝဠာပြိုင်ပွဲအပြန် မစ္စတာထရမ့်၏ နွမ်းလျ အိမ်ပြန် အကြောင်းတရားမှန်မှာ အစည်းအဝေးများ၊ မာရသွန် မိတ်ဆွေကွန်ရက် ဖွဲ့ခြင်းများကြောင့်ချည်း မဟုတ်။ အစည်းအဝေးနှင့် ကွန်ရက်ဖွဲ့ခြင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်က ဖွင့်ဆိုသူပေါ် မူတည်၍ ကွာခြားနိုင်ပေသည်။

မာရီယာ အိုင်ဗာနိုဗ်နာ ရွှေရွက်လေ့နှင့် အသားစိုင်တို့ ပြိုင်ပွဲဟု ရှုရလို့ အဓိပ္ပာယ်ရသည့် မယ်စကြာဝဠာပြိုင်ပွဲတို့ ပြီးဆုံးပြီး နှစ်ကာလတွေ ကြာမြင့်– ဖြစ်ရပ်များစွာလည်း ဖြစ်ပြီးခဲ့လေပြီ။ ၎င်းတို့အနက် တစ်ခုကတော့ မစ္စတာထရမ့် သည် အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရခြင်း ဖြစ်သည်။

အိုလက်၏ကြွယ်ဝမှုများကလည်း ဆတက်ထမ်းပိုး တိုး၍ လာပါသည်။ ကမ္ဘာ့မော်လစ်ဘ်ဒီနန် ပေါက်ဈေးကလည်းမြင့်သည်ထက်မြင့်လာခဲ့သည်။ (အဆိုပါ နာမည်ဆန်းနှင့် သတ္တုသိုက်ကြီးကို သူ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသည် ကိုး) အာဖရိက၊ ဆီးရီးယား၊ ဗင်နီဇွဲလား နှင့် ကမ္ဘာဆုံးတိုင် တိုက်ပွဲဖြစ်နေမည့် နေရာများစွာတွင် သူ့ လက်နက်ကိုင် ဌာနခွဲများ ဖြန့်ကြက်ထားနိုင်ခဲ့သည်။ ရလဒ် ကတော့ ပိုကြီးသော ရွက်လှေကြီးတစ်စင်းကို သူ ထပ်ဝယ်ပြီး ဒီတစ်ကြိမ်မှာတော့ ကျွမ်းဘားကချေသည် တစ်ဦးဖြစ်သော ပူတင်၏သမီး ကက်ထရီနာ တက်ဟွန်နိုဗာ ၏အမည်ကို ကင်ပွန်းတပ်ခဲ့သည်။ တာဂျစ်ကစ်စတန်က လူ့အင်္ဂါရောင်းဝယ်ရေး

mgyoe.com

mgyoe.com

SAMPLE BOOK


ဌာနကို ဂန္ဓာလရာဇ်၊ မဇ္ဈိမ၊ တောင်အမေရိက နှင့် ဆင်ဆင်နတီ သို့ ဌာနခွဲများ တိုးချဲ့သည်။

ယခင်ကခြေဖျားလေးဖြင့်စမ်းစမ်းလျှောက်နေသောရွှေအုတ်စီခြယ်ထားသည့် ကြီးပွားရေးလမ်းကို ခြေဖဝါး အပြားလိုက် ချ၍ အိုလက်တစ်ယောက် ရဲရဲကြီး လျှောက်လှမ်းသည်နှင့်အမျှ နိုဗီချော့ခ် အဆိပ်သင့် သေဆုံးရသူ အရေအတွက်မှာ ကဏန်းနှစ်လုံးသို့ တိုးတက်၍ လာခဲ့သည်။ အဆိုပါ ကံအကြောင်းမလှသူ အားလုံးတော့ အိုလက်နှင့် တိုက်ရိုက်ပတ်သက်သည် မဟုတ်ပါ။ တရားဝင် ပစ်မှတ်များဟု ကျွန်ုပ် ကင်ပွန်းမတပ်ချင်သော်လည်း တပ်ရမည့် ထိုသူများကား မစ္စတာပူတင်ကို တစ်နည်းနည်း တစ်ဖုံဖုံ စိတ်အနှောင့်အယှက် ပြုသူများတည်း။ မစ္စတာပူတင်၏ နိုင်ငံရပ်ခြား ငွေစာရင်းများအကြောင်း အစဖော်သူများ၊ ပူတင့် ပေါ်လစီများကို လုံးဝလက်မခံနိုင်သူများ အစရှိသည်ဖြင့်ပေါ့။

သို့သော်လည်း နိုဗီချော့ခ် လက်ချက်မိသွားသည့် သနားစရာ ခွေးမသားများ ကိစ္စသည် အိုလက်နှင့် ဆက်စပ်မှု ရှိသည် ချည်းသာ ဖြစ်သည်ဟု ကောက်ချက်ချဖို့အတွက် သက်သေခိုင်လုံသည့်အတွက် သက်ဆိုင်ရာတို့ မျက်ခုံးတွေ ပင့်ကုန်ကြသည်။ စီအိုင်အေကတော့ နိုဗီချော့ခ်ကို *အိုလက်အဆီ*ဟု အမည်ပေးထားသည်။ ထောက်လှမ်းရေး အေဂျင်စီ တစ်ခုက သေစေတတ်သော အာရုံကြောဆေး တစ်ခုကို သင့်နာမည်တပ်ခေါ်ပြီ ဆိုလျှင် သင် လွန်ရာရောက်နေပြီ မဟုတ်လား။

ပသို့ဆိုစေ ကျွန်ုပ်၏ လုပ်ငန်းဆောင်တာတွေထဲမှာ ခုဆို အ-တ-ပ-လ က ပါဝင်နေချေပြီ။ လုပ်ချင်သည် ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေပေါ့။ ဘီတာဘလော့ကာ လက်တစ်ဆုပ်စာကို သောက်မျိုခြင်း မပြုမီ ဟက်ထွာ၏ ခရမ်းရောင် နိုကိုဥပုံကြီးကို မျက်စိထဲ မြင်ယောင်လာသည်ကတော့ မတတ်နိုင်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

# ရှစ်

## အိမ်ဖြူတော် အရာရှိချုပ် ဟတ်တ် နက်တာမန်းနှင့် ပူတင်၏ ဆေးစပ်ဆရာတို့ လျှို့ဝှက်ဆွေးနွေးကြခြင်း

ထိုသို့သော ခေါင်းကြီးသတင်း ဖြစ်ထွန်းလာလျှင် ကေန်မှုချ အကျိုးကြီး နည်းမည်မို့ ကျွန်ုပ်သည် အလွန်တစ်ရာ သတိကြီးစွာဖြင့် ချဉ်းကပ်မည့် ဗျူဟာကို သုံးရန် သန္နိဋ္ဌာန် ချမှတ်ထားခဲ့၏။

ကျွန်ုပ်တို့ ဆီးနိုတ် အထက်လွှတ်တော် စွပ်စွဲပြစ်တင်မှု ကြားနာခြင်းမှ လွတ်မြောက်လာခဲ့သည်မှာ ပူပူနွေးနွေးပင် ရှိသေးသည်။ မစ္စတာထရမ့်ကို လာဘ်ပေး လာဘ်ယူမှု၊ ခြိမ်းခြောက်မှု၊ အကျင့်ပျက် ခြစားမှုနှင့် အခြားသော တောင်စဉ်ရေမရ ဒီမိုကရက်တစ် စွပ်စွဲမှုပေါင်း အသင်္ချေအနန္တ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ စွပ်စွဲ ပြစ်တင်မှုကို ဆီးနိတ်တွင် ကြားနာခွင့်ပြုခဲ့သော ရီပတ်ပလစ်ကန် ဆီနိတ်တာ နှစ်ဦးအပေါ် မစ္စတာထရမ့်သည် အခဲမကျေ။ သို့သော် သူ တွစ်တာမှာ ကြုံးဝါးခဲ့သလို သူတို့ဘဝတွေသာ စိစိညက်ညက် ကြေသွားမည်၊ မစ္စတာထရမ့် ကတော့ ပန်းပန်မြဲ ပန်းပန်ဆဲတည်း။ သို့သော် ကျွန်ုပ်တို့ နိုင်ငံမှ ဖြစ်မည့် ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲကြီးက နီးလှပြီ၊ ပါတီတွင်း စိတ်ဝမ်းကွဲနေရမည့် အချိန် မဟုတ်။

mgyoe.com

mgyoe.com


ရွေးကောက်ပွဲအကြို လူထုသဘောထား စစ်တမ်းထုတ်နေသည့် ကျွန်ုပ်တို့၏ လူ ဘွိုက်ခရမ်ပွန် ၏ အဆိုအရ တိုင်းပြည်၏ ယေဘုယျ အခြေအနေသည် ထရမ့်အပေါ် အနည်းငယ် ခြေကုန်လက်ပန်းကျနေပုံ ပေါ်သည် တဲ့။ ဆင်ခြေဖုံး အမျိုးသမီးများ၊ ကောလိပ်ပညာတတ်များနှင့် ဝိုင်သောက်သူများအကြား ကျွန်ုပ်တို့ အခြေအနေက မကောင်းလှ တဲ့။ အဓိက မဲဆန္ဒနယ်များ ဖြစ်ကြသော ဝင်ကွန်ဆင်၊ မစ်ရှီဂန် နှင့် ပန်ဆယ်လ်ဗေးနီးယားတို့တွင် ရုရှကိစ္စကြောင့် အခြေအနေ မကောင်းသည်ကို ဘွိုက်က အဓိကအားဖြင့် ပူပင်နေသည်။

ရုရှ ရွေးကောက်ပွဲကိစ္စနှင့် ပတ်သက်၍ သမ္မတထရမ့်သည် ရုရှ သံအမတ်ကြီး ဆာဂီ ခရိုပေါ့နစ်ခ် ကို ဘဲဥဆီ ဖိတ်ခေါ်၍ အခြေအနေကို ရှင်းပြစေသည်။ ခရိုပေါ့နစ်ခ်က တောင်းပန်သမှုပြုရင်း ရုရှ စစ်ထောက်လှမ်းရေး ဂျီ-အာ-ယူ အနေဖြင့် ရှိသမျှ စွမ်းအားစု အားလုံး သုံး၍ ကွန်မြူနစ်တို့အပေါ် ပူတင် အောင်နိုင်ရေးအတွက် အားထည့်ထားကြောင်း ရှင်းပြသည်။ ဒုတိယံပိ ထရမ့် သက်တမ်းတွင်လည်း သမ္မတကြီးပူတင် ဆက်လက် တည်ရှိမည် ဆိုခြင်းကို အာမခံပါကြောင်းနှင့် ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် ဘယ်သူ့ကို တင်တင် အံ့ဩမိမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသဖြင့် မစ္စတာထရမ့် သဘောခွေ့လေတော့သည်။ အတုံ့အလှည့်အနေဖြင့် သူက ယူကရိန်းရှိ စီအိုင်အေ စစ်ဆင်ရေးများ အကြောင်း ခရိုပေါ့နစ်ခ်ကို ဖောက်သည်ချလေသည်။

မစ္စတာထရမ့်သည် ရုရှကိုရော အိုလက်ကိုပါ အလွန်အင်မတန်မှကို တစ်ဖန်ပြန်လည် ပျော်ရွှင်စေချင်စိတ်တွေ အားကြီးလွန်းနေသည်။ ဆီးနိတ် စွပ်စွဲပြစ်တင်မှုမှ မစ္စတာထရမ့် လွတ်မြောက်သွားသဖြင့် အလွန့်အလွန် အလိုမကျဖြစ်ကာ အမှားကို ကတွတ်ပေါက်က ဖျိုင်းစောင့်သလို စောင့်နေသော လစ်ဘရယ်ရေစီးကြောင်း မီဒီယာသည် အိမ်ဖြူတော် အရာရှိချုပ်က အိုလက် ပီရှင်းစကီးနှင့် ဆက်သွယ်နေသည်ကို မိသွားခဲ့လျှင်-အင်း- ကျွန်ုပ် ဆက်မစဉ်းစားချင်တော့။

လျှို့ဝှက်ထားရန် အာမဘန္ဓေ ခံစေပြီးနောက် ကျွန်ုပ်သည် ထိုကိစ္စဂျူဒ်ကို ရှင်းပြလိုက်သည်။

သမ္မတက ကျွန်ုပ်ကို အ-တ-ပ-လ လုပ်ခိုင်းကြောင်း ကြားသိရသောအခါ ဂျူဒ်၏ မီးရထားစက်ခေါင်း သောမတ် မျက်လုံးတွေ ပြူးထွက်လာသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သူ့ ပါးစပ်မှ တကျွတ်ကျွတ်နှင့် အသံထွက်အောင် လျှာကို ကစားရင်း–

"ဟတ်ဘ်ရေ သတိထားနော်၊ လှည့်ကွက်တွေ များတယ်၊ အရမ်းကို လှည့်ကွက်တွေ များတယ်ဗျ" ဟု ပြောလိုက်သည်။

"ကျွန်တော် သိပါတယ် ဂျူဒ်၊ ဒါကြောင့်လည်း ခင်ဗျားဆီက အကြံဉာဏ် တောင်းနေတာပေါ့"

"ခင်ဗျားရဲ့ အ–တ–ပ–လ... အဲ အိုလက်ကို တစ်ဖန်ပြန်လည် ပျော်ရွှင် အောင် လုပ်ခြင်းက ဘာလုပ်ရမှာတဲ့လဲ"

"ဒါတော့ ကျွန်တော် မပြောနိုင်ဘူး"

ကျွန်ုပ်ကိုယ်တိုင်လည်း ဘာလုပ်ရမှန်း မသိသည့်အတွက် သူ့ကို မပြောနိုင်။

"ဆိုးတယ်ဗျာ"

ဂျူဒ် က ကျွန်ုပ်၏ တာဝန်အကြောင်းကို ပြန်နွေး၏။ ဂျူဒ်သည် သူတစ်ပါး မသိသည့် အကြောင်းအရာများကို သူ သိနေခြင်းကို သဘောကျ နှစ်ခြိုက်သူ ဖြစ်၏။ ကျွန်ုပ် သိသည့်အရာကို ပြောနိုင်သော်လည်း ပြောနိုင်ခြင်းသည် အကန့် အသတ် ရှိပေသည်။ ခုတော့ ကျွန်ုပ်ကိုယ်တိုင် သေချာမသိသော်လည်း ကျွန်ုပ် တစ်ခုခုသိထားပြီဟု သူ သိနေသည်နှင့်ပင် လုံလောက်နေချေပြီ၊ သမ္မတနှင့် ပြဿနာ ကောင် ရှုရှ အော်လီဂတ်တို့သာ သိသည့် အရာကိုပေါ့။

အမျိုးသား လုံခြုံရေး ကောင်စီ ဒါရိုက်တာ ဖြစ်သော ဂျူဒ်သည် သဘာဝ ကျစွာပင် ကျွန်ုပ်ထံမှ သတင်းတွေ ညှစ်ထုတ်၍ နေချေပြီ။

"ဟတ်ဘ်ရာ–ဘာပဲဖြစ်ဖြစ် ပြောစမ်းပါ"

"ဘာမှ ပြောစရာ မရှိဘူးလေ"

"အကြောင်းပြချက် တစ်ခုခုကို မေးနေတာပါဗျာ"

"ဂျူဒ်"

"အိုကေ–အိုကေ–သိပါပြီ"

အိုလက် ဆီ တိုက်ရိုက် ဆက်သွယ်လိုက်လျှင် ကောင်းမလားဟု ကျွန်ုပ် သူ့ကို မေးလိုက်တော့ သူ အကြီးအကျယ် အူမြူးသွားသည်။

"ရှိသမျှ ထောက်လှမ်းရေး အေဂျင်စီ အားလုံးနဲ့ ကရင်မလင်က ခင်ဗျား ဖုန်းမှတ်တမ်းကို ယူထားစေချင်ရင်တော့ ဆက်သွယ်ပေါ့ဗျ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ဒါဆို ခင်ဗျား ဘယ်လို လုပ်စေချင်တာလဲ၊ အိုလက်ဆီ ကျွန်တော်က ဘယ်လို ဆက်သွယ်ရမှာလဲ–စာပို့ခို လွှတ်ရမှာလား"

"ပါဘလို အက်စ်ကိုဘာ ဆိုတဲ့ ငနဲကတော့ ထောင်ထဲကနေ အဲဒီနည်းနဲ့ ဆက်သွယ်ဖို့ ကြိုးစားဖူးသတဲ့၊ ဒီမယ် ဟတ်ဘ်–ခင်ဗျား ဒီအကောင်နဲ့ ဆက်သွယ်မှ ကို ဖြစ်မှာလား၊ ဒီ လူက ရေဒီယို သတ္တိကြွပစ္စည်းလိုပဲနေဘ်"

"ဂျူဒ်ရေ–ကျွန်တော်ပြောတာ နားထောင်စမ်းပါ၊ သမ္မတကြီးက သူ့ကို ပျော်အောင်လုပ်ဖို့ကျွန်တော့်ကိုပြောထားတယ်ဗျ၊ သူနဲ့ မဆက်သွယ်တဲ့ ကျွန်တော်က သူ့ကို ပျော်အောင် ဘယ်လိုနည်းနဲ့ လုပ်ရမှာလဲ"

"ခဏလေး နေပါဦး၊ ဒီ ပီရှင်းစကီးဆီက အသံထွက်လာတယ် ဆိုတာကို သမ္မတက ဘယ့်နှယ်လုပ်သိတုံး"

"ကျွန်တော် ဒါကိုလည်း မပြောနိုင်ဘူးဗျ"

"ပေါလ် ဆီကလား"

စိတ်လေးလေးနှင့် ခေါင်းညိတ်ပြလိုက်ရလေသည်။

"ယေရှုသခင် ကယ်တော်မူပါ၊ ဒီဟာကြီး ထောင်ထဲက ထွက်မလာဖို့ မျှော်လင့်ကြစို့ဗျာ၊ ဒါနဲ့ ဒါက အရေးကြီးတယ် မဟုတ်လား"

"သမ္မတကိုယ်တိုင် ခိုင်းထားတဲ့ ကိစ္စလေ၊ အရေးကြီးတာပေါ့ ဂျူဒ်"

"အင်း... သူ သမ္မတ ဖြစ်ခါစတုန်းကတော့ သူ မဟုတ်တာ တစ်ခုခု လုပ်စေချင်ရင် ဝန်ထမ်းတွေက လျစ်လျူရှုထားလိုက်တာပဲ၊ သူ့စာပုံးထဲက စာတွေ ဝှက်ထား ဖျောက်ထားလိုက်တယ်လေ"

ကျွန်ုပ် အသံထွက်၍ ညည်းတွားလိုက်မိသည်။ ကျွန်ုပ်ကို ခိုင်းသည့် ကိစ္စကို ဘယ့်နှယ်လုပ် လျစ်လျူရှုထားပါ့မလဲ။

"ဂျူဒ်ရေ... အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတက တိုက်ရိုက်ခိုင်းတာ ကို မသိချင်ယောင်ဆောင်နေဖို့ ခင်ဗျား ကျွန်တော့်ကို အကြံပေးနေတာလား ဟင်"

"အင်း... အဲဒီလိုမလုပ်နိုင်လည်း သူနည်းနည်း စိတ်အေးသွားတဲ့အထိ စောင့်ဦး၊ သူ မေ့ချင်လည်း မေ့သွားမှာပေါ့"

"သူ့အပေါ် တစ်ခုခု လုပ်ထားပုံရတဲ့ ရုရှ အော်လီဂတ် တစ်ယောက်က သူနဲ့ စကားပြောဖို့ အမေရိကန်သမ္မတဆီ သတင်းစကားပါးတာကို ခြိမ်းခြောက်မှု

mgyoe.com

mgyoe.com  SAMPLE BOOK 

လို့တော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ ခြိမ်းခြောက်မှုတစ်ခုမှာ ခြိမ်းခြောက်ခံရတဲ့ လူက ဒီကိစ္စကို မေ့သွားစရာအကြောင်း ရှိသလား ဂျူဒ်"

"အိုကေလေ၊ ကျွန်တော် မီရီယမ်နဲ့ စကားပြောပါရစေဦး"

"ကောင်းပါပြီ၊ ကျေးဇူးပြုပြီး မြန်မြန်လေး ပြောပါ ဂျူဒ်ရယ်"

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုး

စီအိုင်အေ ဟု ယူဆရသော မီရီယမ့် လူက ကျွန်ုပ်အနေဖြင့် ဟက်ထှာ့ကို ခေါ်သွားလျှင် ပိုကောင်းမည်ဟု အကြံပေးခဲ့သည်။ အားလပ်ရက် ခရီးထွက်ကြသည့် အမေရိကန် စုံတွဲပေါ့တဲ့။

"ကျုပ်ကို မှတ်မိသွားရင် ဘယ့်နှယ်လုပ်မလဲ"

ဇီအကြောင်း၍ မဟုတ်။ သတင်းတွေထဲ ကိုယ့်ပုံအမြဲပါနေသူ တစ်ယောက်အနေနှင့် လူ မှတ်မိသိရှိခံရခြင်းသည် အထူးသဖြင့် ထရမ့်၏ အိမ်ဖြူတော် ဝန်ထမ်းတစ်ယောက်အဖို့ အလားအလာ မကောင်းလှပါချေ။

စိတ်ညစ်ညူးဖွယ် ကိစ္စအချို့ ကြုံတွေ့ခဲ့ရပြီးနောက် ဟက်ထှာနှင့်ကျွန်ုပ်တို့သည် အပြင်ထွက်၍ ညစာစားသည့် ကိစ္စကို ဝေးရာမဏီ ခဲ့ရသည်မှာကြာခဲ့ပြီ။ ဒီတိုင်းပြည်တွင် နီတိ ကျင့်ဝတ် ခေါင်းပါးလာခြင်းသည် အမှန်တကယ်စိတ်ပူပင်စရာ ဖြစ်လေသည်။

စီအိုင်အေကောင်သည် ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ကျွန်ုပ်၏ပုံပန်းသဏ္ဌာန်သည် ဘာမျှ ထူးခြားခြင်း မရှိဟု မှတ်ချက်ချသည်။ မုတ်ဆိတ်မရိပ်ဘဲထား၊ မျက်မှန်ပြောင်း တပ်၊ ဆံပင်ဘယ်ညာ ပြောင်းခွဲ၊ ဘယ်သူ့ကိုမှစေ့စေ့ မကြည့်ဘဲ၊ ထော့နဲ့ ထော့နဲ့ လမ်းလျှောက်ရန် အကြံပေး၏။

mgyoe.com

SAMPLE BOOK


ဆန်မာရီနိုကို အပန်းဖြေခရီးလေး ထွက်ခွင့်ရသည်ဟု ကျွန်ုပ် စိတ်အား တက်ကြွသောလေသံဖမ်း၍ဟက်ထုဘ့ကိုပြောလိုက်သည်။စိတ်မသက်သာသော ခံစားချက် အစစ်အမှန်ကို ဖုံးကွယ်ထားရသည်မှာ သက်သောင့်သက်သာ မရှိလှ။ သို့သော် အမျိုးသား လုံခြုံရေးကိစ္စ မဟုတ်လား။

"ဘယ်သွားမယ်၊ ကယ်လီဖိုးနီးယား ဟုတ်လား၊ ရှင် ဝေ့းလား၊ ဒီလောက် တောမီးလောင်နေတဲ့ နေရာကို မသွားဘူး၊ အရှင်လတ်လတ် မီးကင်မခံနိုင်ဘူး"

"အရူးမလေး၊ ဆန်မာရီနိုက ဥရောပမှာလေ၊ တို့ရဲ့ ပျားရည်ဆမ်း တစ်ကျော့ပြန် ချစ်ခရီးစဉ်ကို တောမီးအလောင်ခံဖို့ သွားမယ်ထင်လို့လား"

"ဥရောပ ဘယ်နားမှာလဲ"

"အီတလီ အလယ်ကောင်မှာ၊ ဒါပေမဲ့ ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည် လေးကွ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံပေါက်စနလေး၊ ဘယ်နှယ့်လဲ၊ မိုက် တယ် မဟုတ်လား"

"အချုပ်အခြာအာဏာပိုင် ဘာ ပေါက်စန——————"

"လေယာဉ်ပေါ် ရောက်မှ ပြောမယ်၊ တို့အဲဒီမှာ——————"

ကြာကြာမနေဘူး ဟု ပြောမည့်စကားကို ပြန်မျိုချလိုက်ရသည်။

"တို့ နှစ်ရက်ပဲနေမှာ–ပစ္စည်းအများကြီး မထည့်ခဲ့နဲ့"

"တစ်ခါမှ မကြားဖူးတဲ့ ဥရောပက နိုင်ငံကို နှစ်ရက်တောင် သွားမယ် ဟုတ်လား"

"ဟုတ်ပ၊ အဲဒီလို သွားခွင့်ရတာ အံ့သြစရာ မကောင်းဘူးလား အချစ် ရယ်"

"ကမ်းခြေ တစ်ခုခု သွားလိုက်လည်း ပြီးတာပဲ မဟုတ်လား"

အင်း ရိုးသားစွာ ပြန်ဖြေရလျှင်တော့ ဤသို့ဖြစ်ချိမ့်မည်။

"အမေရိကန် ကမ်းခြေဆိုရင် ငါ သွားတွေ့ရမယ့်လူက အမေရိကန် မြေကို ခြေချခွင့် မရှိဘူး မိန်းမရဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ လူတွေကို အာရုံကြော ထိန်းဆေးနဲ့ သတ်ပစ်တဲ့ လူမို့လို့တဲ့ကွာ" ဟူလို။

ထိုအရာကိုပင် ရှည်လျားစွာဖြေလျှင်တော့ တစ်မျိုးဖြစ်လိမ့်ဦးမည်။

"ဆန်မာရီနိုရီပတ်ပလစ် ဆိုတာမြောက်ကိုးရီးယား၊ဆော်လမွန်ကျွန်း၊ ကီရီဘာတီ နဲ့ ဗာတီကန်တို့လိုပဲ အင်တာပို အဖွဲ့ဝင် မဟုတ်တဲ့ နိုင်ငံတစ်ခုကွ၊

mgyobe.com